# ပုဂံဘုရားများသမိုင်း
# နှင့်
# ဧည့်လမ်းညွှန်

ဒုတိယအကြိမ်

## ဦးခင်မောင်ကြီး
(ရန်ကုန်တက္ကသိုလ်)



# ပုဂံဘုရားများသမိုင်း
# နှင့်
# ဧည့်လမ်းညွှန်

ဦးခင်မောင်ကြီး
(ရန်ကုန်တက္ကသိုလ်)



၃၅၀ ကျပ်

အုပ်ရေ □ ၁၀၀၀ အုပ်

အကြိမ် □ တတိယအကြိမ်

ပထမအကြိမ် □ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ

မျက်နှာဖုံး □ စန္ဒာ

အတွင်းဖလင် □ ပန်းရွှေပြည်

ထုတ်ဝေသူ □ ဦးသန်းမြင့်
လင်းလင်းစာပေ (၀၁၀၄၀)
၄/၂၉၊ မြဝတီမင်းကြီးလမ်း၊
၁၀ မိုင်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ □ ဦးထွန်းထွန်း (၀၂၇၂၆)
အောင်မြင့်ထွန်းပုံနှိပ်တိုက်၊
၂၄၂၊ လမ်း ၄၀၊ ရန်ကုန်မြို့။

စာမူခွင့်ပြုအမှတ် □ ၅၄၆ / ၂၀၀၂ (၉)

အဖုံးခွင့်ပြုအမှတ် □ ၅၆၆ / ၂၀၀၂ (၁၀)




ပန်းရွှေပြည်စာအုပ်တိုက်

# ပုဂံဘုရားများသမိုင်း

# နှင့်

# ဧည့်လမ်းညွှန်

ဦးခင်မောင်ကြီး
(ရန်ကုန်တက္ကသိုလ်)



ပန်းရွှေပြည်စာအုပ်တိုက်

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး၊
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး၊
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး၊

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

*နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
*အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
*ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
*ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

*စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
*ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
*ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
*နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

*တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
*အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
*မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
*တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပန်းရွှေပြည်စာအုပ်တိုက်




၁။ ပုဂံခရီး ၉
၂။ ဟိုတယ်၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်များ ၁၄
၃။ ကျွန်ုပ်တို့၏ ပုဂံ ၁၇
၄။ ပထမနိုင်ငံတော်ကြီး ပုဂံ ၂၀
၅။ ပုဂံမြို့တော်များ ၂၃
၆။ ပုဂံမင်းဆက်များ ၂၆
၇။ ပုဂံရွာကြီး ၁၉ရွာ ၂၉
၈။ ပုဂံတံခါးကြီးများ ၃၁
၉။ ပုဂံငလျင်များ ၃၄
၁၀။ ညောင်ဦးပတ်ဝန်းကျင် ၃၈
၁၁။ ပုဂံပတ်ဝန်းကျင် ၇၆
၁၂။ မြင်းကပါပတ်ဝန်းကျင် ၁၂၄
၁၃။ သီရိပစ္စယာပတ်ဝန်းကျင် ၁၄၈
၁၄။ မင်းနန်သူရွာနှင့် ဖွားစောရွာ ပတ်ဝန်းကျင် ၁၅၆
၁၅။ စပ်မိစပ်ရာပုဂံ ၁၈၁


ပန်းရွှေပြည်စာအုပ်တိုက်

# ကြွက်သမင်လေးကန်ချီ

အပါအဝင်

# အင်ဒိုနီးရှားပုံပြင်များ

ကိုရွှေသိမ်းမင်း

<u>မကြာမီထွက်မည်</u>

စာမူခွင့်ပြုချက် – ၇ / ၂၀၀၂ (၂)



ပုဂံသည် ဆယ်ရာစုနှစ်မှ ဆယ့်သုံးရာစုနှစ်အထိ အနှစ်သုံးရာခန့် ကာလအတွင်းတွင် မြန်မာနိုင်ငံ၏ ရာဇဌာနီ မင်းနေပြည်အဖြစ်ဖြင့် အာရှတစ်ခွင်၌ ကျော်စောခဲ့ဖူးသည်မှာ အထင်အရှားဖြစ်ပါသည်။ ယခုအခါတွင် မြို့ဟောင်းဖြစ်နေသည်မှာလည်း အထင်အရှား ဖြစ်ပါသည်။ သို့ရာတွင် ပုဂံမြို့ဟောင်းတွင် သမိုင်းအထောက်အထားများနှင့် အနုပညာလက်ရာများ ကျန်ခဲ့ကြသဖြင့် ထိုမြို့တော်သည် မြတ်နိုးစရာ ဖြစ်ဆဲပင်ဟု ဆိုချင်ပါသည်။

ဇော်ဂျီ

'ပုဂံလျှောင်နှင့် ပုဂံယဉ်ကျေးမှု' အမှာစာမှ



## သီရိပစ္စယာဟိုတယ်

ပုဂံနှင့် မြင်းကပါ အကြားတွင် ရှိသည်။ ညောင်ဦးမှ ဆူဟာတို လမ်းအတိုင်း လာရပါသည်။ ပုဂံမှလည်း လာနိုင်ပါသည်။

ဧရာဝတီမြစ်ကမ်းတွင် ဆောက်ထားသောကြောင့် နေဝင်ချိန် ဧရာဝတီရှုခင်းကို ကြည်နူးစွာ ခံစားနိုင်ပါသည်။

အဆောက်အဦးငယ် ၁၇ ခု အပါအဝင်၊ အရက်ခန်း၊ ဧည့်ခန်း၊ စားသောက်ခန်းများဖြင့် ဖွဲ့စည်းထားသော သီရိပစ္စယာဟိုတယ်သည် မြင့်မားဝင့်ထည်မှုထက် အေးငြိမ်းချမ်းမြေ့မှုကို ဆောင်နေပါသည်။ လေးခန်းတွဲအဆောက်အဦးငယ်လေးများ တစ်ခုနှင့်တစ်ခု မနီးမဝေး ကွာလှမ်းပါသည်။ နှစ်ယောက်ခန်းများသာ ရှိပါသည်။

ပုဂံဘုရားဖူး လေ့လာရေးခရီးအတွက် ဟိုတယ်မှကားများ ဆောင်ရွက်ပေးနိုင်ပါသည်။ နိုင်ငံတကာ ကြယ်သုံးပွင့်အဆင့် ဟိုတယ် ဖြစ်သည်။

ဟိုတယ် ဖုန်း ၈၉၀၀၀ သို့ တိုက်ရိုက်ဆက်သွယ် စုံစမ်းနိုင်ပါသည်။

# ပုဂံခရီး

**ရန်ကုန်မှ ပုဂံ**

ရန်ကုန် – စော်ဘွားကြီးကုန်းတွင် ပုဂံသို့ တိုက်ရိုက် ကားဂိတ်၊ ပဲခူးကျူကားဂိတ်များ ရှိပါသည်။

အောင်ဆန်းကွင်း ရန်ကုန်ဘူတာကြီးရှေ့တွင်လည်း ပုဂံကားဂိတ် ရှိပါသည်။

လေယာဉ်ခရီးစဉ်လည်း နေ့စဉ်ရှိပါသည်။

ပုဂံ – ရန်ကုန် မီးရထားခရီးစဉ်ကို ၁၂၊ ၂၊ ၁၉၉၇ နေ့ (ပြည်ထောင်စုနေ့)မှ စတင်ပါသည်။ ရန်ကုန်မှ နေ့စဉ် ည ၁၀ နာရီမှ ထွက်ခွာပါသည်။ ပုဂံသို့ နောက်တစ်နေ့ ညနေ၌ ရောက်ပါသည်။

ရိုးရိုးတန်း တစ်ရက်ကြို၊ အထက်တန်း သုံးရက်ကြိုစနစ်ဖြင့် ဗိုလ်ချုပ်လမ်း၊ ဝဇီရာရင်ရှင်ရုံရှေ့၊ အမြန်ရထားလက်မှတ်ရုံ၌ ရောင်းချပါသည်။

ဘုရားဖူး အဆင့်မြင့် ခရီးသွားပို့ဆောင်ရေးအဖွဲ့များကလည်း ခရီးသွားရာသီ(နွေကျောင်းပိတ်ရက်များ)တွင် ပုဂံခရီးစဉ်များ ရှိပါသည်။

**မန္တလေးမှ ပုဂံ**

ပုဂ္ဂလိက ကားအသင်းမှ လည်းကောင်း၊ သမဝါယမ ကားအသင်းမှ လည်းကောင်း နေ့စဉ် အသွားအလာရှိပါသည်။

မန္တလေးဂေါဝိန်ဆိပ်မှ ညောင်ဦးသို့ သင်္ဘောဖြင့်လည်း သွားနိုင်သည်။

လေယာဉ်ခရီးစဉ်လည်း နေ့စဉ် ရှိပါသည်။

**သာစည်မှ ပုဂံ**

သာစည်ဘူတာရုံရှေ့တွင် ပုဂံသွောင်ဦးကားဂိတ် ရှိပါသည်။ သာစည်မြို့တွင်းတွင်လည်း ကားဂိတ် ရှိပါသည်။ နေ့စဉ်သွားလာမှု ရှိပါသည်။

**တောင်ကြီးမှ ပုဂံ**

တောင်ကြီး – ပုဂံ တိုက်ရိုက်ခရီးစဉ် ရှိပါသည်။ သို့မဟုတ် သာစည်မှတစ်ဆင့် သွားနိုင်ပါသည်။

**မုံရွာမှ ပုဂံ**

ပုဂံ – မုံရွာလမ်းဖောက်နေပြီဖြစ်၍ မကြာမီ မုံရွာ ပုဂံ တိုက်ရိုက်သွားလာနိုင်ပါတော့မည်။ ယခုအခါ၌မူ မန္တလေးမှ တစ်ဆင့် သွားလာ နေရပါသည်။

## ပုဂံ

ပုဂံသည် မန္တလေးတိုင်းထဲတွင် ပါဝင်သည်။ ဧရာဝတီမြစ် အရှေ့ဘက်ကမ်း၌ ရှိ၏။ ပုဂံသည် အပူပိုင်းဒေသတွင်ရှိသဖြင့် နေ့ပိုင်း အပူလွန်ကဲသည်။ ဘုရားဖူးခရီးသွားတို့သည် နံနက်စောစောစီးစီးတွင် ဘုရားဖူးခရီးကို စ,သင့်ပါသည်။ ဆယ်နာရီခွဲ ဆယ့်တစ်နာရီအရောက် နားနေရာ၊ တည်းခိုရာသို့ ပြန်သင့်သည်။ ညနေ လေးနာရီ ငါး နာရီလောက် တွင်မှ ခရီးပြန်စ,သင့်သည်။ နေပူဒဏ်အတွက် ဦးထုပ် ဆောင်လာသင့်ပါသည်။

အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလ၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလဆန်းပိုင်းသည် ပုဂံ၏ရာသီဥတု အသာယာဆုံးအချိန် ဖြစ်သည်။ အညာဆောင်းသည် နေ့ဘက်၌ နွေးထွေးပါသည်။ ည ဘက်၌ကား အအေးလွန်ပါသည်။

ပုဂံ ဘုရား ပုထိုး ဂူ ကျောင်းတို့အတွင်း ဝင်ရောက် လေ့လာ ပါက အချို့နေရာများသည် အလင်းအား မကောင်းသဖြင့် လက်နှိပ် ဓာတ်မီး ဆောင်သွားသင့်သည်။ ကင်မရာ၊ ဗီဒီယိုကင်မရာပါလျှင် အမှတ်တရဓာတ်ပုံ၊ မှတ်တမ်းပုံများအတွက် အကောင်းဆုံး ဖြစ်ပါ သည်။

ပုဂံ ဘုရား ပုထိုး ဂူ ကျောင်းတို့တွင် အဓိကထား လေ့လာ ကြည့်ရှုရမည်များမှာ...

- ရှေးဟောင်းလက်ရာ ဗုဒ္ဓဆင်းတုတော်များ
- အဆောက်အအုံတို့ တည်ဆောက်ထားပုံ ပိသုကာလက်ရာများ
- နံရံပန်းချီ၊ နံရံအင်္ဂတေပန်း၊ သစ်သားကနုတ်ပန်းများ
- ကျောက်စာ၊ မင်စာများ
- ဗုဒ္ဓဘာသာနှင့်အတူ ကိုးကွယ်နေသော ဘာသာအယူဝါဒများ ဖြစ်ပါသည်။

ပုဂံသည် ငါးရက်တာမျှ လေ့လာမှ အတော်အသင့် ပြည့်စုံ လဲလောက်နိုင်သော နေရာဒေသ ဖြစ်ပါသည်။ အချိန်ရပါက နားနား နေနေ နှံ့နှံ့စပ်စပ် လေ့လာလည်ပတ်နိုင်ရန် ခုနစ်ရက်မျှ အချိန်ပေးသင့် ပါသည်။

နံနက်စောစော ၆ နာရီခန့်တွင် ခရီးစတင်ပြီး၊ ၁၁ နာရီခန့်တွင် ပြန်နားသင့်သည်။ ညနေ ၄ နာရီလောက်တွင် ခရီးပြန်စ,သင့်ပါသည်။ ပုဂံဝန်းကျင်၏ နံနက်စောစော ရှုခင်းအလှနှင့် ညနေချိန်ရှုခင်းအလှတို့က ပုဂံကို ထာဝရ သတိရနေစေမည့် ဆွဲဆောင်မှုများထဲက တစ်ခုပင် ဖြစ်ပါသည်။

၅ ရက်ထက်မက အချိန်ရသူတို့ကား တန့်ကြည်တောင်၊ တူရွင်းတောင်၊ ပုပ္ပားတောင်တို့ဆီအထိ ခရီးခေါက်တုံ့သွားလာနိုင်ပါသေးသည်။

## ငါးရက်တာ အချိန်ရသူတို့အဖို့

| | | |
|---|---|---|
| တစ်ရက် | (နံနက်) | ညောင်ဦးမြို့ မြောက်ဘက်ဘုရားများ၊ |
| | (ညနေ) | ရွှေစည်းခုံဘုရားဝန်းကျင် |
| နှစ်ရက် | (နံနက်) | ဝက်ကြီးအင်းရွာ ဝန်းကျင်ဘုရားများ |
| | (ညနေ) | ပုဂံမြို့ဟောင်းအတွင်းနှင့် အာနန္ဒာဘုရား |
| သုံးရက် | (နံနက်) | ပုဂံပြတိုက်၊ မြင်းကပါရွာမြောက်ဘက် ဝန်းကျင်ဘုရားများ |
| | (ညနေ) | မြင်းကပါရွာ တောင်ဘက်ပိုင်းနှင့် သီရိပစ္စယာ ဝန်းကျင်ဘုရားများ |
| လေးရက် | (နံနက်) | ဓမ္မရံကြီးဝန်းကျင်ဘုရားများ |
| | (ညနေ) | မင်းနန်သူရွာဝန်းကျင်ဘုရားများ |
| ငါးရက် | (နံနက်) | ဖွားစောရွာဝန်းကျင်ဘုရားများ |
| | (ညနေ) | ပုဂံမြို့သစ်ဝန်းကျင် |

**သုံးရက်တာ အချိန်ရသူတို့အဖို့**

တစ်ရက် (နံနက်ပိုင်း) ညောင်ဦးဝန်းကျင်
(ညနေပိုင်း) ပုဂံဝန်းကျင်
နှစ်ရက် (နံနက်ပိုင်း) မြင်းကပါဝန်းကျင်
(ညနေပိုင်း) သီရိပစ္စယာဝန်းကျင်
သုံးရက် (နံနက်ပိုင်း) မင်းနန်သူရွာဝန်းကျင်
(ညနေပိုင်း) ပုဂံမြို့သစ်ဝန်းကျင်

**တစ်ရက်တာ အချိန်ရသူတို့အဖို့**

ရွှေစည်းခုံ၊ ဂူပြောက်ကြီး (ဝက်ကြီးအင်းရွာ)၊ ထီးလိုမင်းလို၊ အာနန္ဒာ၊ ဂူပြောက်ကြီး(မြင်းကပါ)၊ အလိုပြည့်၊ မနူဟာ၊ အပယ်ရတနာ၊ ဖက်လိပ်၊ လောကနန္ဒာ၊ ဓမ္မရံကြီး၊ စူဠာမဏိတို့သို့ နံနက်ညနေ အချိန် ပိုင်း၍ သွားရောက်လေ့လာသင့်သည်။

# ဟိုတယ်၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်များ

**ညောင်ဦးမှာ**

၁။ နေးရှင်းစားသောက်ဆိုင်
၂။ ရွှေလီဟိုတယ်
၃။ ဂိုးဒင်းမြန်မာဟိုတယ်
၄။ ဓာခြည်ဝင်းဟိုတယ်
၅။ နယူးလိုက်ဖ်ဟိုတယ်
၆။ ဂိုးဒင်းပေါ့တ်ဟိုတယ်
၇။ လပ်ကီးဆဲဗင်းဟိုတယ်
၈။ စပယ်မြိုင်ဟိုတယ်
၉။ ရတနာဟိုတယ်
၁၀။ ပဥ္စရူပဟိုတယ်
၁၁။ ပန်းချယ်ရီဟိုတယ်
၁၂။ သမီးတော်ဟိုတယ်
၁၃။ အေဒင်ဟိုတယ်
၁၄။ ထိပ်တန်းဟိုတယ်
၁၅။ အောင်သစ္စာညည့်ရိပ်သာ
၁၆။ ဒိုင်းမွန်းအီးဂဲလ်ဟိုတယ်
၁၇။ နန္ဒာစားသောက်ဆိုင်နှင့် ရုပ်သေးရုံ
၁၈။ ပုဂံအင်ပါယာ စားသောက်ဆိုင်
၁၉။ အောင်မင်္ဂလာဟိုတယ်

**ပုဂံမြို့ဟောင်းမှာ**

၁။ သီရိပစ္စယာဟိုတယ်
၂။ ရေဘဟိုတယ်
၃။ သံတဲဟိုတယ်
၄။ သမဝါယမဟိုတယ်


**ပုဂံမြို့သစ်မှာ**

၁။ ဘလူးဘဒ်ဟိုတယ်
၂။ ဖရီးဘဒ်ဟိုတယ်
၃။ စေတနာစားသောက်ဆိုင်
၄။ ရှိုင်ရယ်စားသောက်ဆိုင်
၅။ အေးသစ္စာစားသောက်ဆိုင်
၆။ ရာဇာစားသောက်ဆိုင်
၇။ စိန်သရဖူဧည့်ရိပ်သာ
၈။ ကြည်ကြည်မြဧည့်ရိပ်သာ
၉။ ပတ္တမြားဧည့်ရိပ်သာ
၁၀။ ဂိုးလ်ဒင်းပုဂံဧည့်ရိပ်သာ
၁၁။ ပုဂံအလှဧည့်ရိပ်သာ
၁၂။ ကွင်းစောဧည့်ရိပ်သာ
၁၃။ မြရည်နန္ဒာဧည့်ရိပ်သာ
၁၄။ ရောဝတီဧည့်ရိပ်သာ
၁၅။ သီရိစန္ဒာဧည့်ရိပ်သာ
၁၆။ ဘီတဲလ်တည်းခိုခန်း

၁၇။ ပွင့်မာလာစားသောက်ဆိုင်
၁၈။ ဖီးနစ်ဟိုတယ်
၁၉။ ပန်းဟိုတယ်
၂၀။ တိုဟိုဟိုတယ်
၂၁။ ရစ်ဗားဗျူးစားသောက်ဆိုင်

**ဝက်ကြီးအင်းမှာ**

၁။ ဂိုးလ်ဒင်းအိပ်စ်ပရက်ဟိုတယ်
၂။ အောင်မင်္ဂလာဟိုတယ်
၃။ ရွှင်ရယ်ဟိုတယ်
၄။ နေရှင်းဟိုတယ်
၅။ အေးရိပ်သာယာ စားသောက်ဆိုင်
၆။ မားသားစားသောက်ဆိုင်
၇။ နယူးဝေ့ဧည့်ရိပ်သာ
၈။ မြရတနာဟိုတယ်
၉။ နန္ဒာစားသောက်ဆိုင်



# ကျွန်ုပ်တို့၏ ပုဂံ

ပုဂံခေတ်သည် မင်းဆက်ပေါင်း ၅၅ ဆက် အုပ်စိုးခဲ့ပြီး၊ နိုင်ငံသက်တမ်းမှာ နှစ်ပေါင်း ၁၂၆၁ နှစ် ရှည်ကြာခဲ့သည်။

**ပုဂံအစ**

တရုတ်ပြည် အနောက်မြောက်၊ တိဘက်ပြည် အရှေ့မြောက် ဒေသသည် 'ချီအင်'တို့ နေထိုင်ရာ ဒေသဖြစ်၏။ ချီအင်တို့သည် ဘီစီ ၂၀၀၀ခန့်က ကျန်စုနယ်၊ ထောင်မြစ်ဝှမ်းတွင် နေထိုင်သူများ ဖြစ်ကြသည်။ တရုတ်တို့က မကြာခဏဆိုသလို လာရောက် တိုက်ခိုက်ကြသည်။ ကျွန်အဖြစ် ခိုင်းစေရန် ဖမ်းသည်။ ယဇ်နတ်ပူဇော်ရန် ဖမ်းသည်။ ကြာသော် မခံနိုင်တော့သဖြင့် ချီအင်တို့သည် တောင်ဘက် အရပ်သို့ ထွက်ပြေးတိမ်းရှောင်လာကြသည်။

ဧရာဝတီမြစ် မြောက်ဘက်ဖျား (ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီနယ်)နှင့် အရှေ့ဘက် မဲခေါင်မြစ်တိုင်အောင် ရောက်လာကြသည်။ ရှေးဦးပိုင်း ထွက်လာသူတို့သည် မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်ဒေသများဆီသို့ ရှစ်ရာစုမတိုင်မီ ရောက်လာကြ၏။ နောက်ပိုင်းမှ ထွက်လာသူတို့သည်ကား ရှမ်းပြည်မြောက်ပိုင်းနှင့် ယူနန်နယ်တို့တွင် ကျန်ရစ်ကြသည်။ ထို ကျန်ရစ်သောသူများကို 'မင်စော'ဟု တရုတ်တို့က ခေါ်ဝေါ်ကြသည်။

မင်စောတို့သည် ယူနန်နယ်တစ်ဝိုက်တွင် မြင်းမွေးခြင်းအလုပ်ကို အဓိကထား လုပ်နိုင်သည်။ အေဒီ ၇၁၃ ခုနှစ်နောက်ပိုင်းတွင် 'နန်စော'တို့ ဩဇာအာဏာ ကြီးလာသောအခါ မင်စောတို့ကို လက်အောက်ခံအဖြစ် လွှမ်းမိုးအုပ်ချုပ်သည်။ နန်စောတို့ လက်အောက်မှ ရုန်းထွက်ကြသော မင်စောတို့သည် မြန်မာနိုင်ငံအတွင်းသို့ အရှေ့တောင်ဘက်မှနေ၍ ဝင်လာကြသည်။ ကျောက်ဆည်နယ်သို့ ရောက်သော် ထိုနေရာ၌ အခြေချကြသည်။


ထိုကျောက်ဆည်နယ်၌ မင်စော (ရှေးမြန်မာကြီးများ)တို့သည် ဇော်ဂျီ ပန်းလောင် မြစ်ရေအားကိုးဖြင့် စိုက်ပျိုး လုပ်ကိုင် နေထိုင်ကြ၏။ ထိုမှ မင်းဘူးနယ်ဘက်ကို တိုးချဲ့ကြပြန်သည်။

ပုဂံမင်းနေပြည် တည်သောနေရာမှာ ကျောက်ဆည်မှ မိုင်တစ်ရာဝေးပြီး၊ မင်းဘူးမှ မိုင်ရှစ်ဆယ်သာ ဝေးသည်။ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း၌ တည်ထားသည်။ ပုဂံသည် ဇာတင်စဉ်က ရွာ ၁၉ ရွာကို စုပေါင်းထားရုံမျှသာ ရှိသည်။ သို့သော် အင်အားကြီး 'ပထမမြန်မာနိုင်ငံတော်ကြီး'အဖြစ် ထီးထီးခံ့ခံ့ ပေါ်ထွန်းလာခဲ့သည်။



ပုဂံပြည်ဟောင်းသည် အားတက်စရာတို့နှင့်လည်း ပြည့်စုံ၏။ ဂုဏ်ယူစရာလည်း ပြွမ်း၏။ ဝင့်ကြွားစရာလည်း ပေါ၏။ ရွှင်လန်းစရာလည်း များ၏။ ကြေကွဲစရာလည်း ရှိ၏။

မင်းကျော်
'ပုဂံဘွဲ့'မှ



# ပထမမြန်မာနိုင်ငံတော်ကြီး ပုဂံ

ပုဂံခေတ် မြန်မာတို့၏ အစ 'မင်စော'တို့ကား မြင်းမွေးမြူသူများ ဖြစ်သည်။ စစ်သုံးမြင်း၊ စီးမြင်း၊ လယ်ယာသုံးမြင်း မျိုးစုံကို မွေးမြူကြပေသည်။ မြင်းမွေးသူများပီပီ မြင်းစီးလည်း ကျွမ်းကြပေသည်။ ဖိနှိပ်ခံဘဝမှ ထွက်ပြေးရန်းကန်ခဲ့ရသူများပီပီ လူကြမ်းကြီးများ ဖြစ်နေပေသည်။ သို့သော် ရှင်အရဟံ၏ ဗုဒ္ဓသာသနာ အဆုံးအမနှင့်တွေ့သော် လူကြမ်းကြီးတို့သည် လူသိမ်မွေ့၊ လူယဉ်ကျေးများ ဖြစ် လာကြပေသည်။ စိတ်နှလုံးနူးညံ့သူများ ဖြစ်လာပေသည်။

ပုဂံမင်းတို့၏ အစကား 'ကွမ်းဆော်မင်း' ဖြစ်သည်။ ကွမ်းဆော်မင်းတွင် မိဖုရား သုံးပါးရှိ၏။ မြောက်ပြင်မိဖုရားက 'အနော်ရထာမင်းစော'ကို မွေး၏။ တောင်ပြင်မိဖုရားက 'ကျည်းစိုး'ကို မွေး၏။ အလယ်ပြင်မိဖုရားက 'စုက္ကတေး'ကို မွေး၏။

ကျည်းစိုးနှင့် စုက္ကတေးတို့ အရွယ်ရောက်သော် ထီးနန်းလိုချင်သဖြင့် ခမည်းတော် ကွမ်းဆော်မင်းကို ရဟန်း ပြုစေ၏။ ကျည်းစိုးက ထီးနန်းကို အုပ်ချုပ်၏။ ကျည်းစိုး တောကစားထွက်ရာ မုဆိုးက သမင်ထင်ပြီး ပစ်မိ၍ သေရသည်ဟု ဆို၏။ ထိုအခါမှ စုက္ကတေးမင်းလုပ်ရ၏။ စုက္ကတေးက အနော်ရထာမင်းစောကို 'ညီသားနောင်မယ်'ဟု ခေါ်ရာ အနော်ရထာမင်းစော နားမရှင်း၍ ခမည်းတော် ကွမ်းဆော်မင်းဟောင်း (ရဟန်း)ကို မေး၏။ 'အမောင့်မိခင်ကို လိုချင်၍ ခေါ်ကြောင်း'ရှင်းပြရာ အနော်ရထာမင်းစော အမျက်ထွက်ပြီး စုက္ကတေးနှင့် စီးချင်းထိုး၏။ ခမည်းတော် ကွမ်းဆော်မင်း ပေးသော အရိန္ဒမာလှံကို ကိုင်၏။

တုရွှင်းတောင်ခြေ သမထီးချောင်းကမ်းပါး၌ ကျင်းပကြသည်။ အနော်ရထာမင်းစောထိုးသော အရိန္ဒမာလှံချက် ပြင်းသဖြင့် စုက္ကတေးရော မြင်းပါ မြစ်ထဲကျ၏။ ထို့ကြောင့် ထိုနေရာကို 'မြင်းကပါ'ဟု ခေါ်ကြသည် ဆို၏။

စုက္ကတေးကျသော် ခမည်းတော် ကွမ်းဆော်မင်းကို မင်းပြုဖို့ ပြော၏။ မပြု။ အနော်ရထာမင်းစောကို မင်းပြုစေ၏။ အနော်ရထာမင်းစောသည် မင်းပြုပြီးသော် ခမည်းတော်ကို မင်းမြှောက်တန်ဆာငါးပါး၊ မောင်းမ အခြွေအရံတို့နှင့်တကွ'ရဟန်းမင်း' ပြုစေသည် ဆို၏။ ထိုအချိန်က ဗုဒ္ဓဘာသာ မထွန်းကားသေးပါ။ အရည်းကြီးဘာသာရေး ကြီးစိုးချိန်လည်း ဖြစ်ပါသည်။

အနော်ရထာမင်း နန်းတက်ပြီးနောက်ပိုင်းတွင် သထုံမှ ပိဋကတ်သုံးပုံနှင့်တကွ ရှင်အရဟံမထေရ် ရောက်လာပြီး ဗုဒ္ဓသာသနာ ထွန်းကားအောင် ကြိုးပမ်းခဲ့သည်။ အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူ မင်းသုံးပါးတို့ နှစ်ပေါင်းတစ်ရာကျော် ကြိုးစားရာမှ

သာသနာ့ထိန်လင်းသော ပုဂံနေပြည်တော်ကြီး ပေါ်ထွန်းလာတော့သည်။

'ပုဂံ' အမည်သည် နရသီဟပတေ့မင်းလက်ထက်တွင် စ၍ခေါ်ဝေါ်ခဲ့ကြောင်း တွေ့ရသည်။

ပုဂံရှိ ဘုရား ပုထိုး ဂူ ကျောင်း အဆောက်အဦးတို့မှာ သဘာဝဘေးအန္တရာယ်၊ စစ်ဘေး စစ်ဒဏ်၊ နှစ်ကာလပရိဇ္ဆေဒကာလကြာမြင့်မှုဒဏ်၊ ရှေးဟောင်းပစ္စည်းခိုးယူသူတို့ဒဏ် စသော ဒဏ်ရာဒဏ်ချက်များစွာကြားမှာ ကျန်ရှိခဲ့သမျှ ၂၂၀၀ခန့်ကို ယခုကဲ့သို့ မြင်ကြရခြင်းဖြစ်ပါသည်။

အင်းဝခေတ် မိုးညှင်းမင်းတရားလက်ထက် ကောက်ယူခဲ့သောစစ်တမ်းအရ ပုဂံဘုရားပုထိုးပေါင်း လေးထောင်ကျော် ရှိခဲ့ဖူးပါသည်။

ကောင်းစားစဉ်အခါက ပုဂံကို မျက်မှန်းဆကြည့်၊ စိတ်ကူးဆကြည့်ပါက အံ့ဘွယ်ဘနန်း ရှိလှပါသည်။

ပုဂံသည် ၁၆ စတုရန်းမိုင်မျှ ကျယ်ဝန်းပြီး ဘုရား၊ စေတီ၊ ဂူ၊ ကျောင်း၊ ပုထိုး၊ ဥမင်၊ ပိဋကတ်တိုက် စုစုပေါင်း ၂၂၃၀မျှရှိကြောင်း ရှေးဟောင်းသုတေသနဦးစီဌာနက ၁၉၆၈ ခုနှစ်စာရင်း၌ဖော်ပြထားပါသည်။

မြောက်ဘက်ဆုံး သကျမုနိဘုရားမှ တောင်ဘက်ဆုံး လောကနန္ဒာဘုရား။

ပုဂံသည် ယခင်ကဲ့သို့ ဖုန်ထူသော၊ ချူပေါသော၊ လမ်းကြမ်းသော ပုဂံ မဟုတ်တော့ပါ။ ကတ္တရာခင်းလမ်းများ၊ စိုက်ခင်းဥယျာဉ်ခြံများဖြင့် သပ်ရပ်သန့်ရှင်းနေလေပြီ။ ရှေးဟောင်းအလှတို့ပေါ်လွင်နေပြီ။ သစ်ပင်တို့ဖြင့် စိမ်းလန်းစိုပြည်နေပြီ။ ကန္တာရမဆန်တော့၊ မခြောက်သွေ့တော့ပါ။



# ပုဂံမြို့တော်များ

ပုဂံမြို့တော်ကား နေရာဌာန လေးကြိမ် ပြောင်းခဲ့သည်။

**ပထမမြို့။**

'အရိမဒ္ဒနပူရ' တွင်ခဲ့သည်။ ယုန်လွတ်ကျွန်းအရပ် (ကျွန်းကို 'တော'ဟု ရှေးက အဓိပ္ပာယ်ဆောင် ပြောဆို သုံးနှုန်းခဲ့ပါသည်)။ သမုဒ္ဒရာဇ်မင်း တည်၏။

**ဒုတိယမြို့။**

'သီရိပစ္စယာ' တွင်ခဲ့သည်။ ကျောက်စကားအရပ်။ သေလည်ကြောင်မင်း တည်၏။

**တတိယမြို့။**

'တမ္ပဝတီ' တွင်ခဲ့သည်။ ဖွားစောရွာနေရာ။ သိုက်တိုင်မင်း တည်၏။

**စတုတ္ထမြို့။**

ယခု ပုဂံမြို့နေရာ။ ပျဉ်ပြားမင်း တည်ခဲ့သည်။

အနော်ရထာမင်း၏ ပုဂံမြို့တော်မှာ ပျဉ်ပြားမင်း တည်သော မြို့တော်ဖြစ်၏။ ဧရာဝတီမြစ်ကို အနောက်မျက်နှာပြုပြီး အုတ်တံတိုင်း မြို့ရိုး သုံးဘက် ကာထားသည်။ ကျုံးလည်း သုံးထပ် ပတ်ရံထားသည်။ မြို့တော် အကျယ်အဝန်းမှာ စတုရန်း ၁၆ မိုင်ခန့် ရှိသည်။

**ပုဂံမြို့အမည်များမှာ...**

၁။ ပေါက္ကံရာမ
၂။ အရိမဒ္ဒန
၃။ ပုဏ္ဏကာမ
၄။ ပုဏ္ဏဂါမ
၅။ ပြူဂါမ
၆။ တမ္ဗဝတီ
၇။ သီရိပစ္စယာ
၈။ သမ္ပုဏ္ဏံဂါမ
၉။ ပဏ္ဏပလာသ
၁၀။ နဂရုတ္တမ
၁၁။ ပရမပူရ
၁၂။ သမာဓိနဂရ
၁၃။ တမ္ဗဒေသ
၁၄။ ဝေလုကာရာမ
၁၅။ ပုဂံ စသဖြင့် မြို့အမည် ၁၅ ခု ပေါက်ခဲ့သည်။



ပုဂံသည် မြန်မာယဉ်ကျေးမှု၏ 'အစ' ဖြစ်သည်။
မြန်မာ့စာပေ၏ 'အစ' ဖြစ်သည်။
မြန်မာ့သမိုင်း၏ 'အစ' ဖြစ်သည်။

တက္ကသိုလ်ဝင်းမွန်
'ပုဂံသူ' ဆောင်းပါးမှ

# ပုဂံမင်းဆက်များ

နှစ်ပေါင်း ၁၂၆၁ ခုနှစ် သက်ထမ်းရှည်ခဲ့သော ပုဂံမြို့တော် ဖြစ်သည်။ မင်းဆက် ၅၅ ဆက် စိုးစံခဲ့သည်။

| မင်းအမည် | နန်းစံခရစ်နှစ် |
|---|---|
| ၁။ သမုဒ္ဒရာဇ်မင်း | ၁၀၇ မှ ၁၅၂ |
| ၂။ ရသေ့ကြောင်မင်း | ၁၅၂ မှ ၁၆၇ |
| ၃။ ပျူစောထီးမင်း | ၁၆၇ မှ ၂၄၂ |
| ၄။ ထီးမင်းယဉ် | ၁၄၂ မှ ၂၉၉ |
| ၅။ ယဉ်မင်းပိုက် | ၂၉၉ မှ ၃၂၄ |
| ၆။ ပိုက်သေဉ်လည် | ၃၂၄ မှ ၃၄၄ |
| ၇။ သေဉ်လည်ကြောင် | ၃၄၄ မှ ၃၈၇ |
| ၈။ ကြောင်ဒူရစ် | ၃၈၇ မှ ၄၁၂ |
| ၉။ သည်းထန်မင်း | ၄၁၂ မှ ၄၃၉ |
| ၁၀။ သူရဲမင်း | ၄၃၉ မှ ၄၉၄ |

၁၁။ သရမ္မန်ဖျား ၄၉၄ မှ ၅၁၃
၁၂။ သိုက်တိုင်မင်း ၅၁၆ မှ ၅၂၃
၁၃။ သေဥ်လည်ကြောင်ငယ် ၅၂၃ မှ ၅၃၂
၁၄။ သေဥ်လည်ပိုက် ၅၃၂ မှ ၅၄၇
၁၅။ ခန်းလောင်မင်း ၅၄၇ မှ ၅၅၇
၁၆။ ခန်းလတ်မင်း ၅၅၇ မှ ၅၆၉
၁၇။ ထွန်တိုက်မင်း ၅၆၉ မှ ၅၈၂
၁၈။ ထွန်ပစ်မင်း ၅၈၂ မှ ၅၉၈
၁၉။ ထွန်ချစ်မင်း ၅၉၈ မှ ၆၁၃
၂၀။ ပုပ္ပားစောရဟန်းမင်း ၆၁၃ မှ ၆၄၀
၂၁။ ရွှေအုန်းသီးမင်း ၆၄၀ မှ ၆၅၂
၂၂။ ပိတ်သုံမင်း ၆၅၂ မှ ၆၆၀
၂၃။ ပိတေါ်တောင်မင်း ၆၆၀ မှ ၇၁၀
၂၄။ မင်းခွေး ၇၁၀ မှ ၇၁၆
၂၅။ မြင်းကျွေးမင်း ၇၁၆ မှ ၇၂၆
၂၆။ သိန်မင်း ၇၂၆ မှ ၇၄၃
၂၇။ သိန်းခွန်မင်း ၇၄၃ မှ ၇၄၄
၂၈။ ရွှေလောင်းမင်း ၇၄၄ မှ ၇၅၃
၂၉။ ထွန်ထွင်းမင်း ၇၅၃ မှ ၇၆၂
၃၀။ ရွှေမှောက်မင်း ၇၆၂ မှ ၇၈၅
၃၁။ ထွန်လတ်မင်း ၇၈၅ မှ ၈၀၂
၃၂။ စောခင်နစ်မင်း ၈၀၂ မှ ၈၂၉

| | | |
|---|---|---|
| ၃၃။ | ခဲလူးမင်း | ၈၂၉ မှ ၈၄၆ |
| ၃၄။ | ပျဉ်ပြားမင်း | ၈၄၆ မှ ၈၇၈ |
| ၃၅။ | တန်နက်မင်း | ၈၇၈ မှ ၉၀၆ |
| ၃၆။ | စလေငခွေးမင်း | ၉၀၆ မှ ၉၁၅ |
| ၃၇။ | သိန်းခိုမင်း | ၉၁၅ မှ ၉၃၀ |
| ၃၈။ | ညောင်ဦးစောရဟန်းမင်း | ၉၃၀ မှ ၉၆၄ |
| ၃၉။ | ကွမ်းဆော်ကြောင်ဖြူမင်း | ၉၆၄ မှ ၉၈၆ |
| ၄၀။ | ကျည်းစိုးမင်း | ၉၈၆ မှ ၉၉၂ |
| ၄၁။ | စုက္ကတေးမင်း | ၉၉၂ မှ ၁၀၁၇ |
| ၄၂။ | အနော်ရထာမင်း | ၁၀၄၄ မှ ၁၀၇၇ |
| ၄၃။ | စောလူးမင်း | ၁၀၇၇ မှ ၁၀၈၄ |
| ၄၄။ | ကျန်စစ်သားမင်း | ၁၀၈၄ မှ ၁၁၁၃ |
| ၄၅။ | အလောင်းစည်သူမင်း | ၁၁၁၃ မှ ၁၁၆၇ |
| ၄၆။ | နရသူမင်း | ၁၁၆၇ မှ ၁၁၇၀ |
| ၄၇။ | နရသိင်္ခမင်း | ၁၁၇၀ မှ ၁၁၇၃ |
| ၄၈။ | နရပတိစည်သူမင်း | ၁၁၇၄ မှ ၁၂၁၁ |
| ၄၉။ | နားတောင်းများမင်း | ၁၂၁၁ မှ ၁၂၃၄ |
| ၅၀။ | ကျစွာမင်း | ၁၂၃၄ မှ ၁၂၅၀ |
| ၅၁။ | ဥဇနာမင်း | ၁၂၅၀ မှ ၁၂၅၅ |
| ၅၂။ | နရသီဟပတေ့မင်း | ၁၂၅၅ မှ ၁၂၈၇ |
| ၅၃။ | ကျော်စွာမင်း | ၁၂၈၇ မှ ၁၂၉၀ |
| ၅၄။ | စောနစ်မင်း | ၁၂၉၀ မှ ၁၃၂၅ |
| ၅၅။ | စောမွန်နစ်မင်း | ၁၃၂၅ မှ ၁၃၆၉ |

# ပုဂံရွာကြီး ၁၉ ရွာ

ပုဂံခေတ်ရွာကြီး ၁၉ ရွာမှာ...

၁။ ညောင်ဦး (ယခု ညောင်ဦး)
၂။ နဂါးဗိုလ်နဂါးဆိုင် (ယခု ပုဂံ)
၃။ နဂါးကျစ် (ယခု နဂါးကျစ်မော်)
၄။ မန်ကျည်းကြီး (ယခု မရှိ)
၅။ တူတုည် (စတယ်)
၆။ ကျောက်စကား (ယခု သီရိပစ္စယာ)
၇။ ကုတ်ကသိန် (ယခုမရှိ)
၈။ ညောင်တန်း (ယခု မရှိ)
၉။ အနုရာဓ (ယခု မြင်းကပါ)
၁၀။ တန်ဆောင်ကွန် (ယခု မြင်းခြံနယ်၌ ရှိသည်)
၁၁။ ရွာမုံ (ယခု ရွာမိုင်း)
၁၂။ ကြင်လုံ (ယခု ကျောက်ကန်ရွာအနီး နေရာ ရှိသည်)
၁၃။ ကုက္ကို (ယခု တောင်ခွင်)
၁၄။ တောင်ဖ (ယခု တောင်ပ)
၁၅။ မြေသင်းတင်း (ယခု မြေခဲတွင်း)
၁၆။ သရက်ရ (ယခု မရှိ)
၁၇။ စဥ့်ကူ (ယခု စဥ့်ကူ)
၁၈။ ယုန်လွယ် (ယခု ယုန်လွတ်)
၁၉။ ရွာစိုက် (ယခု ဖွားစောရွာ)

ယုန်လွှတ်ကျွန်းကို အခြေပြုပြီး တိုင်းပြည်တည်ထောင်ရာ ပုဂံနေပြည်တော်၏ ပထမမြို့မှာ သမုဒ္ဒရာဇ်မင်းက အေဒီ ၁၀၈တွင် ယုန်လွှတ်ကျွန်း၌တည်သော ပေါက္ကံပြည်ဖြစ်သည်။ အရိမဒ္ဒနပုရ သမုတ်သည်။ ဒုတိယမြို့မှာ သေလည်ကြောင်မင်းလက်ထက် အေဒီ ၃၄၄တွင် ကျောက်စကား ရွာ၌ 'သီရိပစ္စယာ' ဟု သမုတ်၍ တည်သည်။ တတိယမြို့မှာ သိုက်တိုင်မင်းလက်ထက် အေဒီ ၅၁၆တွင် ယခု ဖွားစောရွာနေရာ၌ တမ္ပဝတီဟု မြို့သစ် တည်ပြန်သည်။ ထို တတိယမြို့မှ တစ်ဖန် ပျဉ်ပြားမင်းလက်ထက် အေဒီ ၈၇၄ တွင် ပုဂံကို တည်သည်။

တရုတ်ပြေးမင်းလက်ထက်တွင် တရုတ်တို့၏ စစ်မက် အန္တရာယ်ကြောင့် မြို့ကိုချဲ့ထွင်ပြီး ခံတပ်အခိုင်အမာ အရေးပေါ် တည်ဆောက်ရသည်။ စေတီ ဂူ ကျောင်း ဘုရား အမြောက်အမြားကို ဖျက်၍ အုတ်ကျောက်တို့ကို ယူရသည်ဟု ဆိုကြသည်။ ဂူကြီး တစ်ထောင်၊ ဂူငယ် တစ်သောင်း၊ ကုလားကျောင်း သုံးထောင် ပျက်စီးကြောင်း ဆိုသည်။





# ပုဂံတံခါးကြီးများ

ပုဂံမြို့တွင် တံခါး ၁၂ ပေါက်ရှိကြောင်း သမိုင်း၌ ဆိုသည်။ ယနေ့ ထင်ရှားစွာမြင်တွေ့ရသော တံခါးမှာ 'သရပါ တံခါး' တစ်ပေါက်သာ ရှိသည်။

သမိုင်းတွင် တွေ့ရသော တံခါး ၁၂ ပေါက်မှာ...


၁။ သာရဝတ်
၂။ သာရပါ
(သရပါ၊ သဗ္ဗရန်ကာ)
၃။ သာရဘေ
} အရှေ့ဘက်

၄။ သာတန်း
၅။ ငါးမြီးခတ်
၆။ ညောင်ဖြူ
} မြောက်ဘက်

၇။ သာစည်
၈။ မင်္ဂလာတံဆိပ် } အနောက်ဘက်
၉။ မကြည်သာ

၁၀။ ဝင်မနား
၁၁။ မတောင်းတ } တောင်ဘက်
၁၂။ ကလေ

ပုဂံတံခါးကြီး ၁၂ ခုအနက် အရှေ့ဘက် သရပါတံခါးတစ်ခုသာ ထင်ထင်ရှားရှား ကျန်တော့သည်။ ပုံကြည့်ပါ။



တံခါး ၁၂ ပေါက်တွင် နတ် ၁၃ ယောက်တို့ စောင့်သည်ဟု 'ရာဇဝံသဇာလိနီကျမ်း'၌ ဖော်ပြထားသည်။

၁။ သာရဝဏ်တွင် ဖက်သန်းပင်နတ်၊
၂။ သာရပါတွင် နတ်မောင်နှမ၊
၃။ သာရပေတွင် ရွှေပေသင်နတ်၊
၄။ သာတန်းတွင် ဇမ္ဗူတန်ဆောင်နတ်၊
၅။ ငါးမြီးခတ်တွင် ကုဝေရနတ်၊
၆။ ညောင်ဖြူတွင် ဇမ္ဗူသပြေနတ်၊
၇။ သာစည်တွင် ဇမ္ဗူတမွတ်နတ်၊
၈။ မင်္ဂလာတံဆိပ်တွင် ဝိရူပက္ခနတ်၊
၉။ မကြည်သာတွင် မြင်းဖြူရှင်နတ်၊
၁၀။ ဝင်မနားတွင် ငနွဲသင်နတ်၊
၁၁။ မတောင်းတတွင် သိရူပက္ခနတ်၊
၁၂။ ကလေတွင် ငါးဆွဲသင်နတ်။

# ပုဂံငလျင်များ

- မြင်းကပါရွာအနီး အဂ္ဂတော့ဘုရား အာရုံခံမုခ်ကုန်း တောင်ဘက်နံရံရှိ မင်စာသက်သေအရ မြန်မာသက္ကရာဇ် ၇၄၂ (အေဒီ ၁၃၈၀) ခုနှစ် အင်းဝခေတ် မင်းကြီးစွာစော်ကဲလက်ထက်တွင် တစ်ကြိမ်။
- ပုဂံ ရွှေဂူကြီးဘုရား အဝင်ဝနားရှိ ကျောက်စာ၌ မြန်မာသက္ကရာဇ် ၉၁၂ နှင့် ၉၄၃ (အေဒီ ၁၅၅၀ နှင့် ၁၅၈၀) ခုနှစ်အတွင်း ရွှေဂူကြီးဘုရား အထက်ပိုင်းပြိုကျ၍ ပြုပြင်ခဲ့ရကြောင်း တွေ့ရသည်။ ၎င်းကို သုတေသီတို့က ငလျင်လှုပ်၍ ပြိုကျခြင်းဟု ခန့်မှန်းကြသည်။
- ရွှေစည်းခုံဘုရားအရှေ့မြောက်ဘက် နှစ်ဘက်မျက်နှာစာကျောက်စာအရ မြန်သက္ကရာဇ် ၁၁၂၅ နှင့် ၁၁၃၈ (အေဒီ ၁၇၆၃ နှင့် ၁၇၇၆)ခုနှစ်အတွင်း ထီးနန်းစိုးစံသော အင်းဝဆင်ဖြူရှင်မင်းလက်ထက်တွင် ရွှေစည်းခုံစေတီတော်ကြီး အပေါ်ပိုင်း ပျက်စီးခဲ့ရကြောင်း တွေ့ရသည်။ ငလျင်လှုပ်ခြင်းကြောင့်ဟု သုတေသီတို့ ခန့်မှန်းကြသည်။
- ၁၉၇၅ ခုနှစ် လှုပ်သော ငလျင်ကြောင့် ရွှေစည်းခုံစေတီ ထိပ်ပိုင်းကို ပြုပြင်စဉ် ငှက်ပျောဖူးအောက်ဘက် သံခွေပတ်ကြားတွင်တွေ့ရသော စာတန်းအရ မြန်သက္ကရာဇ် ၁၁၃၉ (အေဒီ ၁၇၇၇) ခုနှစ် ကုန်းဘောင်ခေတ် စဉ့်ကူးမင်းလက်ထက်တွင် လှုပ်ခဲ့ကြောင်း တွေ့ရသည်။

- ၁၉၆၅ ခုနှစ်တွင် ပုဂံ၌ မြေငလျင် အနည်းငယ်လှုပ်ရာ အာနန္ဒာဂူဘုရားကြီး ငှက်ပျောဖူးရှိ အင်္ဂတေတို့ ကွာကျ၏။ ထိုမှ ငွေပလ္လာ ဌာပနာတစ်ခုအရ ရွှေဘိုမင်းလက်ထက် မြန်မာ သက္ကရာဇ်၁၂၀၀ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၇ ရက် (အေဒီ ၁၈၃၈ ခုနှစ်၊ မတ်လ ၂၂ရက်)နေ့တွင် ငလျင်ပြင်းစွာ လှုပ်ခဲ့ ကြောင်း သိရသည်။

- ၁၉၆၅ ခုနှစ်တွင် အင်အားသေးမြေငလျင် လှုပ်ခဲ့သည်။
- ၁၉၇၅ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် အင်အားအတန် ငယ်ပြင်းသော ငလျင် လှုပ်ခဲ့သည်။

ထို့ကြောင့် ပုဂံ၌ ငလျင်လှုပ်ခဲ့သမျှသည် ယနေ့အထိ ခုနစ် ကြိမ်ထက် မနည်းခဲ့ကြောင်း ခန့်မှန်းရသည်။

၁၉၇၅ ခုနှစ် ငလျင်ဒဏ်ခံ ဘုရားများ၊ အဆောက်အဦများ နှစ်ဆယ်ခန့်အတွက် ကျပ်ငွေ သိန်းလေးရာခန့် သုံးစွဲခဲ့ရသည်။ ဘုရားများ အဆောက်အဦးများကို ဖျက်ပြီးပြင်နည်းကို မသုံးဘဲ မူလဘုရား၏ အတွင်းအပြင် လက်ရာကိုကြည့်ပြီး တတ်နိုင်သမျှ ရှေးဟောင်း လက်ရာအတိုင်းဖြစ်စေရန် ပြုပြင်ခဲ့သည်။ အချို့ကို ပြုပြင်ရန် မဖြစ်နိုင်သဖြင့် ဆက်လက် ထိန်းသိမ်းထားရသည်။

၁၉၇၅ ခုနှစ် ဇူလိုင်လ ၈ရက်နေ့ ညနေ ၆ နာရီ ၃၅ မိနစ် အချိန်တွင် မြန်မာပြည်အလယ်ပိုင်းဒေသတွင် အင်အားအသင့်အတင့် ပြင်းထန်သော ငလျင်တစ်ခု လှုပ်သွားသည်။ မာကယ်လီစကေး ရှစ်ကျော်ကျော် ရှိသည်ဟု ကမ္ဘာအေး မိုးလေဝသဌာနနှင့် မင်္ဂလာဒုံ မိုးလေဝသခန့်မှန်းရေးရုံးတို့မှ တာဝန်ရှိသူတို့က ပြောပြပါသည်။

ပခုက္ကူမြို့၏ အနောက်တောင်ဘက် မိုင် နှစ်ဆယ်အကွာခန့်ရှိ ပုဂံညောင်ဦးဝန်းကျင်တွင် ငလျင်ဗဟိုချက် ဖြစ်သည်ဟု ဘူမိဗေဒ ပညာရှင်တစ်ဦးက ၁၄၊ ၉၊ ၁၉၇၅ ရက်နေ့ထုတ် လုပ်သားပြည်သူ့ နေ့စဉ် သတင်းစာ၌ ရေးသား တင်ပြခဲ့ပါသည်။

ထိုငလျင်ကြောင့် ချောက်မြို့တွင် ရေနံချက်စက်ရုံ သုံး ရုံ ပျက်စီးပြီး၊ ပုဂံ စေတီ ပုထိုး ဘုရား ရှစ်ဆယ်ရာနှုန်းခန့် ပျက်စီး ကြောင်း ၁၀၊ ၇၊ ၁၉၇၅ ရက်နေ့ထုတ် ဗိုလ်တစ်ထောင်သတင်းစာ၌ ဖော်ပြပါသည်။

ပုဂံငလျင်ကား မြန်မာတစ်နိုင်ငံလုံးရှိ လူအပေါင်းတို့ကို ထိခိုက် ခံစားစေပါသည်။ ပုဂံကို ချစ်စိတ်၊ ပုဂံသာသနာကို မြတ်နိုးစိတ်၊ ပုဂံယဉ်ကျေးမှုကို အလေးထားစိတ်တို့ကို လှစ်ပြလိုက်ခြင်းပင် ဖြစ် သည်။

ပုဂံငလျင်ဒဏ်ခံ စေတီပုထိုးများ ပြန်လည်ပြုပြင်တည်ဆောက် ရေးတွင် အစိုးရပိုင်း တာဝန်ရှိသူများသာမက ပန်းချီသမား၊ ပန်းပဲ သမား၊ ပန်းပုသမား၊ ပန်းရံသမား၊ ဗိသုကာသမား၊ လက်သမား တို့ကလည်း မိမိတို့တတ်ကျွမ်းသည့် ပညာအလိုက် လုပ်အားအလှူ ဝင်လှူကြသည်။ ကျောင်းသား ကျောင်းသူများကလည်း လုပ်အားပေး စခန်းများတွင် တစ်တပ်တစ်အား ပါဝင်ကြသည်။

ပုဂံငလျင်ကြောင့် အဆောက်အဦးပေါင်း ၁၃၀ ကျော် ပျက် စီးခဲ့ရာ ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ်ငွေ တစ်သန်းနှစ်သိန်းကျော်သည်ဟု ခန့်မှန်းကြသည်။ လူအသေပျောက် မရှိခဲ့ပါ။ ယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်း ဘုရားအဆောက်အဦး ၇၂ ခု ပျက်စီးခဲ့သော ဆုံးရှုံးမှုပမာ ဏမှာ မခန့်မှန်းနိုင်လောက်အောင်ပင် ဖြစ်၏။



တရားငယ်မှန်
ရှင်မြတ်ကယ် ထေရ်အရဟံနဲ့
ပြည်ပုဂံ နော်ရထာဘုန်းငဲ့ပြင်
မြည်လုံးညီညာတော့
ဤကမ္ဘာမှာ ပြည်မြန်မာရယ်လို့ ဝင်းခဲ့သတဲ့
သည်မင်း သည်ပြည်ထောင်ဖြင့်
မလေးမောင် ချစ်မငြိုးနိုင်ဘု
ရွှေစည်းခုံ ခြေတော်ရင်းဆီက
ခေတ်ဟောင်းစံ ပုဂံသီချင်းကိုဖြင့်
ညှင်းဆိုခဲ့ကြောင်း။ ။

မော်ကို
ရှေးခေတ်ပုဂံပြည် ကဗျာမှ


ပန်းရွှေပြည်စာအုပ်တိုက်

# ညောင်ဦးပတ်ဝန်းကျင်

## ညောင်ဦးပတ်ဝန်းကျင် ဘုရားဂူကျောင်းများ

ရှေးဟောင်းသုတေသန ပြတိုက်၊ ဆပဒဘုရား၊ ငှက်ပစ်တောင်ဘုရား၊ လောကချမ်းသာဘုရား၊ ဂူပြောက်ကြီးဘုရား၊ ဂူပြောက်ငယ်ဘုရား၊ ဘို့မယ်အုတ်ကျောင်း၊ ရွှေစည်းခုံဘုရား၊ သူဌေးမုခ်ဂူဘုရား၊ သိုးခမောက်ဘုရား၊ ဂူနီဘုရား၊ လင်းပြဂူဘုရား၊ စည်းထိပ်ဘုရား၊ နဂါးရုံဘုရား၊ ရွှေလက်ပြန်ဘုရား၊ ရန်အောင်စင်ဘုရား၊ ရွှေစေတီ၊ စွယ်တော်ဂူဘုရား၊ ရှင်မထီးဘုရား၊ သိမ်ဘုရား၊ သိမ်းမစည်းဘုရား၊ တရုတ်ပြေးဥမင်၊ ကျန့်စစ်သားဥမင်၊ သကျမုနိဘုရား၊ ကုန်းတော်ကြီးဂူဘုရား၊ ကျောက်ဂူဥမင်၊ အလိုတော်ပြည့်ဘုရား။

[ရှေးဟောင်းသုတေသနဦးစီးဌာနမှ ထုတ်ဝေသော ပုဂံဒေသရှိ ရှေးဟောင်းစေတီပုထိုးများ မှတ်တမ်းစာအုပ်၌ ညောင်ဦးဒေသတစ်ဝိုက်တွင် ဘုရားပုထိုးအရေအတွက် ၁၅၀ ထိ ရှာဖွေ တင်ပြထားပါသည်။]



# ရှေးဟောင်းသုတေသနပြတိုက်

၁၉၉၈ ခုနှစ် ဧပြီလ ၁၇ ရက်တွင် ပြတိုက်သစ်ကြီးကို ဖွင့်လှစ်ပါသည်။ ကန်တော့ပလ္လင်တောင်ဘက်တွင် ရှိပါသည်။

၁၉၀၄ ခုနှစ်တွင် ကမ္ဘည်းကျောက်စာဝန် တော်စိန်ခိုက မြန်မာနိုင်ငံတွင် ပထမဆုံး ရှေးဟောင်းသုတေသနပြတိုက်ကို အာနန္ဒာဘုရား မြောက်ဘက်စောင်းတန်းအနီးတွင် ဆောက်လုပ်ခဲ့ပါသည်။

၁၉၇၉ ခုနှစ် အောက်တိုဘာလတွင် ကန်တော့ပလ္လင်ဘုရား တောင်ဘက်တွင် ရှေးဟောင်းသုတေသနပြတိုက်ကို တည်ထောင် ဖွင့်လှစ်သည်။

၁၉၉၅ ခုနှစ် မတ်လတွင် ယခုပြတိုက်ကြီးကို စတင်ဆောက်လုပ်ခဲ့ပါသည်။ ပြတိုက်ကြီးကို မြန်မာမှုအနုပညာလက်ရာများဖြင့်


ကြီးကျယ်ခမ်းနား ခံ့ထည်စွာ တည်ထောင်ခဲ့ပါသည်။ ပြတိုက်ကြီး ကုန်ကျငွေ စုစုပေါင်းတန်ဖိုး ကျပ်သန်းပေါင်း ၁၂၀၀ ကျော်ဖြစ်ပါသည်။

ပြခန်း ရှစ်ခန်း ဖွဲ့စည်းထားပါသည်။

၁။ **အထူးပြခန်း။** မြေညီထပ် ပင်မအလယ်ခန်းမဆောင်တွင် ရှိပါသည်။
၂။ ပုဂံခေတ်လက်မှုအနုပညာပြခန်း။
၃။ ပုဂံခေတ်ဗိသုကာပြခန်း။
၄။ ပုဂံခေတ်စာပေပြခန်း။
၅။ ပုဂံခေတ်လူမှုရေးပန်းချီနှင့် စစ်ရေးဆိုင်ရာပြခန်း။
၆။ ပုဂံခေတ်ဘုရားပုထိုးပန်းချီပြခန်း။
၇။ ပုဂံခေတ်ဗုဒ္ဓအနုပညာပြခန်း။
၈။ ပုဂံခေတ်ဗုဒ္ဓဆင်းတုတော်များပြခန်းတို့ ဖြစ်ပါသည်။

ပြတိုက်ဖွင့်ချိန် နံနက် ၉နာရီမှာ ညနေ ၄ နာရီခွဲအထိဖြစ်ပါသည်။ ပိတ်ရက်မရှိ နေ့တိုင်းဖွင့်လှစ်ပါသည်။

ပြတိုက်ဝင်ကြေးမှာ လူကြီးတစ်ဆယ်နှင့် ကလေးငါးကျပ်ဖြစ်ပါသည်။ နိုင်ငံခြားသားများ တစ်ဦးလျှင် အမေရိကန် ငါးဒေါ်လာယူပါသည်။



## ဆပဒ ဘုရား

ညောင်ဦးမြို့အဝင် ကားလမ်းဘေးတွင် တည်ရှိပါသည်။ နရပ တိစည်သူမင်းလက်ထက်တွင်တည်သော စေတီ ဖြစ်သည်။ ပုသိမ် ကျေးလက် ဆပဒရွာသား (ယခု ငပုတောမြို့နေရာ) ဆပဒမထေရ် သည် သီဟိုသို့ ပညာသင်ကြားရန် သွားခဲ့သည်။ ပြန်လာသောအခါ ပုဂံနေပြည်တော်မှာ ကျောင်းထိုင်သည်။ ဆပဒမထေရ်မြတ်ကိုယ်တိုင် ကြီးကြပ်တည်သော ဘုရင့်ကောင်းမှုတော်စေတီ ဖြစ်သည်။ သီဟိုနှင့် မြန်မာနိုင်ငံတို့၏ ဗုဒ္ဓဘာသာသမိုင်း အထောက်အကူပြုစေတီ ဖြစ် သည်။

စေတီပုံစံမှာ သီးခြားအသွင်လက္ခဏာ ဆောင်နေ၏။ မဟာရံ တံတိုင်းဝိုင်းရံပတ်ထားပြီး ခေါင်းလောင်းပုံအထက်တွင် ဟာမိကာ ခေါ် ဓာတ်တော်တိုက် ထည့်ထားသည်။ သီဟိုပုံ စေတီဖြစ်၏။

စေတီ၏ ခေါင်းလောင်းပုံနှင့် ငှက်ပျောဖူးကြားတွင် လေးထောင့်စပ်စပ် ကြားညှပ်ခံထားသော ဖောင်းရစ်ပုံစံမှာ ထူးခြားသည်။

ငလျင်လှုပ်စဉ်က ဖောင်းရစ်ပတ်လည် ပြိုကျပျက်စီးခဲ့သည်။

## ငှက်ပစ်တောင်ဘုရား

ဆပဒစေတီအလွန် အရှေ့ဘက်သို့ ချိုးဝင်သော လမ်းအတိုင်း သွားပါ။

ပုဂံခေတ်ဦး စေတီတော်တစ်ဆူ၏ ပုံဖြစ်၍ ထူးခြားပါသည်။ ငှက်ပစ်တောင်စေတီအနီးတွင် နရပတိစည်သူမင်းကြီး တည်ထား လှူဒါန်းခဲ့သော ဥမင်ပေါင်း တစ်ထောင်ကျော် ရှိသည်ဟု ဆို၏။

ငှက်ပစ်တောင်စေတီကို ပျူစောထီးမင်းသည် မြန်မာသက္ကရာဇ် ၉၂ ခုနှစ်တွင် တည်သည်။ ငှက်ကြီးကို ပျူစောထီး လေးနှင့် ပစ်နိုင်ခဲ့ရာ ထိုတောင်ပေါ်တွင် စေတီတည်ထားခြင်း ဖြစ်သည်။ ငှက်ပစ်တောင်သည် အမြင့် ၂၅ ပေ မျှသာရှိသော တောင်ပူစာလေး ဖြစ်သည်။ ဘုရားစေတီအတွင်း၌ ပျူစောထီးမင်း အတ္ထုပ္ပတ္တိ ပန်းချီ လက်ရာများကို တွေ့ရပါမည်။

ငှက်ပစ်တောင်ဘုရားအနီးတွင် မြားသဥမင်၊ သမီးဝှက်ဥမင် တို့ ရှိသည်။ ငလျင်လှုပ်စဉ်က စေတီထိပ်ပိုင်း ပြတ်ကျသွားခဲ့ရသည်။

## လောကချမ်းသာဘုရား

ဝက်ကြီးအင်းရွာ တောင်ဘက် ဧရာဝတီမြစ်ကမ်းသို့ သွား သာလမ်းအနီးတွင် ရှိပါသည်။

မြန်မာသက္ကရာဇ် ၆၀၀ တွင် သခင်အိုဝ်ပြည့်ဝ၏ ကောင်းမှု တော်ဟု ဆိုပါသည်။ လောကချမ်းသာလိုသူတို့ အဓိဋ္ဌာန်ပြု ဆု တောင်းကြည်ညိုလျှင် အလိုပြည့်သည်ဟု ယုံကြည်ကြပါသည်။

## ဂူပြောက်ငယ်ဘုရား (ဝက်ကြီးအင်း)

ဂူပြောက်ကြီးဘုရား၏ အနောက်တောင်ဘက်ရှိ ဝက်ကြီးအင်း နံဘေးတွင် ရှိသည်။

ကျန်စစ်သားမင်းကြီး လက်ထက်တွင် ဘုရားဆောင်ခန်း အပြင်ပတ်လမ်း ဆင်းတုတော်များထားရာ နံရံမုခ်ပေါက်များ ရှေးမွန် ပမွည်းစာနှင့် နံရံ ဆေးရေး ပန်းချီကားလက်ရာများကို လေ့လာနိုင် ပါသည်။

## ဘို့မယ်အုတ်ကျောင်း

ဂူပြောက်ငယ်၏တောင်ဘက်တွင် ဘို့မယ်အုတ်ကျောင်း ရှိပါ သည်။

ပုဂံခေတ် ပိသုကာလက်ရာ သက်သေခံ အုတ်အဆောက် အဦးကြီး ဖြစ်သည်။ ကျောက်ပြတင်းများနှင့် အင်္ဂတေပန်းများကို လေ့လာဖွယ်ရာ တွေ့ရပါမည်။ မြန်မာသက္ကရာဇ် ၇၇၂ ခုနှစ်တွင် ဆောက်လုပ်သည်ဟု သိရပါသည်။

လျှင်လှုပ်စဉ်က အရှေ့ဘက်အထက်ပိုင်း ချင်မြိတ် အတန်း လိုက် ပြုတ်ကျသွားပါသည်။ တောင်ဘက် အထက်ပေါင်းကူးနှင့် နံရံများ ပြိုကျပျက်စီးခဲ့သည်။



ဂူပြောက်ကြီးဘုရား (ဝက်ကြီးအင်း)

ပုဂံနှင့် ညောင်ဦးအကြား ဝက်ကြီးအင်းရွာမှ အရှေ့တောင်ဘက် နှစ်ဖာလုံခန့်တွင် ရှိပါသည်။ နံပါတ်တော် ဇာတ်ကွက်များမှာ လက်ရာ အကောင်းဆုံးဖြစ်၍ ထင်ရှားသည်။ ပန်းချီအောက်ခံ အင်္ဂတေမှာ အလွန်ပင် ကျစ်လစ်သိပ်သည်းသဖြင့် တောက်ပြောင်လျက် ရှိသည်။ အစိုးရက မစောင့်ရှောက်မထိန်းသိမ်းမီ လွန်ခဲ့သော နှစ်တစ်ရာခန့်က နိုင်ငံခြားသားတစ်ဦးသည် ထိုပန်းချီအချို့ကို အင်္ဂတေ အချပ်လိုက် ခွာယူသွားခဲ့သည်။

လျောင်လှုပ်စဉ်က ကွမ်းတောင် တောင်ဘက်ခြမ်းပြိုပြီး၊ အပေါ် လိုဏ် ပေါင်းကူးမိုး ပေါက်သွားသည်။ အာရုံခံအတွင်း အရှေ့ဘက် အမိုးမှ ပန်းချီများ ကွာကျခဲ့သည်။ ထောင့်စေတီတစ်ဆူ ပျက်စီး ခဲ့သည်။

ဝူပြောက်ကြီးသည် ကုလားကျောင်းခံ လိုဏ်ဂူဘုရား ဖြစ်သည်။ မဟာဗောဓိစေတီ ပုံစံကိုယူပြီး ၁၃ ရာစုဦးပိုင်းတွင် တည်ထားခဲ့ပါသည်။ ကျန်စစ်သားမင်းကောင်းမှုဟု ယူဆကြသည်။ နားတောင်းများမင်းလက်ထက်တွင် တည်သည်ဟု ယူဆသူတို့လည်းရှိသည်။

အာရုံခံနံရံများတွင် ငါးရာငါးဆယ် ပန်းချီပုံများကို အောက်ခြေ၌ မြန်မာ ပါဠိ နှစ်ဘာသာဖြင့် ပုံစာရေးထားသည်။

ဝူပြောက်ကြီး၏ ပန်းတော့လက်ရာကား ပညာရှင်တို့ အလေးဂရုပြုစရာ ဖြစ်၏။

# ရွှေစည်းခုံ

ညောင်ဦးမြို့ မြောက်ဘက်တွင် တည်ရှိပါသည်။

ရွှေစည်းခုံစေတီတော်ကြီးသည် ညောင်ဦးမြို့တွင်းရှိ အရှေ့ဘက်မုခ်မှ ဝင်ဝင်၊ ညောင်ဦးမြို့ပြင် ပုဂံမြို့သွားလမ်းနံဘေးရှိ တောင်ဘက်မုခ်မှ ဝင်ဝင် အဆင်ပြေပါသည်။

လျှောင်လှူပ်စဉ်က ထီးတော်မှာ မြောက်သို့ ၄၅ ဒီဂရီခန့်စောင်းသွားပြီး၊ ငှက်ပျောဖူးမှာ အရှေ့မြောက်ဘက်သို့ ယိုင်သွားသည်။ စေတီတော်ကြာမှောက်မှ အောက်ပိုင်း ဖောင်းလုံးထိပ်အထိ အပိုင်းမှာ ကွဲအက်သွားသည်။ သပိတ်မှောက်ပိုင်းမှာ အက်ကြောင်း ပေါ်ခဲ့သည်။



ရွှေစည်းခုံစေတီသည် မြေပေါက်စေတီမျိုး ဖြစ်လေသည်။ အဆောက်အအုံ၏ အစိတ်အပိုင်းစုံလင်မှုမှာ ဤစေတီ၏ ထူးခြားထင်ရှားချက်ပင် ဖြစ်သည်။ လူတစ်ရစ် နတ်တစ်ရစ် တည်သည်ဟု ပြောရလောက်အောင် လက်ရာမြောက်ခဲ့ပါသည်။

ကျောက်သားစေတီ ဖြစ်သည်။

ပစ္စယံငါးဆင့်ပေါ်တွင် တည့်ထားသောစေတီတော် ဖြစ်သည်။ ပစ္စယံသုံးဆင့်မှာ လေးထောင့်၊ စတုတ္ထပစ္စယံမှာ ရှစ်ထောင့်ပုံ၊ ပဥ္စမပစ္စယံမှာ အဝိုင်းပုံ ဖြစ်သည်။ ပစ္စယံယံသုံးဆင့်တွင် ထောင့်စေတီများ တည်ထားခြင်း၊ နတ်မုခ် နတ်လှေခါးများ တပ်ဆင်ထားခြင်းတို့မှာ ပုဂံခေတ်ဦးတွင် ဆန်းသစ်သောလက်ရာပင် ဖြစ်သည်။ တတိယပစ္စယံအထက်တွင် ရှစ်ထောင့် ကြာဝန်း၊ ကြေးဝိုင်း၊ ကြာမှောက် ကြာလှန်၊ ခါးပတ်တို့ကို တွေ့ရပေသည်။ ခေါင်းလောင်းပုံမှာလည်း နှုတ်ခမ်းထူ ခေါင်းလောင်းနားနှင့် ရင်ဖွဲ့ခါးပတ်တို့ကို

တွေ့ရပေသည်။ သပိတ်မှောက်အထက် ဖောင်းရစ်တို့မှာလည်း ဖောင်းရစ် တစ်ခုနှင့်တစ်ခုကြားတွင် ပတ်ကြီး၊ ပတ်သေး၊ မိုးလျှော စသည့် အရစ်များကို လှပအချိုးကျစွာ ထည့်ထားသည်။ ဖောင်းရစ်အထက် ကြာစိပ်၊ ကြာမှောက်၊ ရွှဲ၊ ကြာပျံ၊ ပဒ္မလောဟာ၊ ချရားသီးနှင့် ထီးတော် စသဖြင့် တင်ထား၏။ စေတီတစ်ဆူလုံး ရွှေချထားသည်။

၁၀၇၆ ခုနှစ်တွင် အနော်ရထာမင်းကြီး စတည်ပြီး၊ စေတီ မပြီးမီ နတ်ရွာစံသည်။ ကျန်စစ်သားမင်းလက်ထက် ဆက်တည်ရာ ၁၀၇၉ ခုနှစ်တွင် လုံး၀ ပြီးခဲ့သည်။ မြတ်စွာဘုရား၏ စွယ်တော်များ၊ နဖူးသင်း ကျစ်တော်များကို ဌာပနာထားသည်။

စေတီလေးဘက် ဂန္ဓကုဋီတိုက်များတွင် မတ်ရပ်ကြေးရုပ်ပွား တော် တစ်ဆူစီ ရှိ၏။ ရွှေစည်းခုံဘုရားသမိုင်းကို မွန်ဘာသာဖြင့် ရေးထိုးထားကာ၊ အရှေ့ဘက်စောင်းတန်းအောက်တွင် ကျောက်စာတိုင်နှစ် တိုင် စိုက်ထူထားသည်။

ရွှေစည်းခုံဘုရားသည် အတွင်း အံ့ကိုးပါး၊ အပြင် အံ့ကိုးပါး ရှိသည်ဟု ဆိုကြသည်။

**အတွင်း အံ့ကိုးပါးမှာ...**

၁။ ထီးတော်ကို ကြိုးမဆိုင် ရဘဲ မြဲမြဲခြင်း။

၂။ စေတီတော်အရိပ်သည် တံတိုင်းအပြင်ကို မထွက်ခြင်း။

၃။ စေတီတော်အထက်မှ ပစ်ချသော ရွှေလှောင်စက္ကူတို့ တံတိုင်း အပြင်သို့ မထွက်ခြင်း။

၄။ ပရိသတ် မည်မျှများများ မဟာရံတံတိုင်းအတွင်း၌ ပြည့်ကြပ်မနေခြင်း။
၅။ ပထမသပိတ်တော်၌ ဆွမ်းဦး မတင်နိုင်ခြင်း။
၆။ စေတီတော်ကို ရှိရင်းဉာဏ်တော်ထက် မြင့်သည်ဟု ထင်ရခြင်း။
၇။ စေတီတော်တစ်ဘက်မှ တီးသောစည်သံကို အခြားတစ်ဘက်မှ မကြားရခြင်း။
၈။ မဟာရံတံတိုင်း၌ မိုးရေမတင်ခြင်း။
၉။ ခရေပင်တို့ တစ်နှစ်ပတ်လုံး ပွင့်ခြင်း။

**အပြင် အံ့ကိုးပါးမှာ...,**

၁။ ရေစီးနေဆဲ ဆင်ဖြူဝပ်သောအခါ သောင်ဖြစ်ခြင်း။
၂။ သဲသောင်ကို ကျောက်ဖြစ်အောင် သိကြားမင်း ဖန်ဆင်းခြင်း။
၃။ ရေသည် စေတီတော်ကို ဦးခိုက်ရစ်ဝဲ စီးဆင်းခြင်း။
၄။ ရှစ်မင်းပယ်စာ မဟာရံတံတိုင်း ကျယ်ဝန်းခြင်း။
၅။ ဘုရားတည်စဉ်က တုရင်းတောင်မှ ကျောက်တို့ကို လက်ဆင့်ကမ်း သယ်ယူခြင်း။
၆။ ကျောက်သယ်သူတို့ကို နေမပူစိမ့်သောငှာ မန်ကျည်းပင်များ ချက်ချင်းပေါက်ခြင်း။
၇။ ကျောက်သယ်ပြီးအခါ ထိုမန်ကျည်းပင်တို့ ပျောက်ကွယ်သွားခြင်း။
၈။ အရှေ့မျက်နှာ လှေကားဦးရှိ မှန်အတွင်း စေတီတော်အရိပ် ထင်ခြင်း။
၉။ အဝေးအမြင်၌ ကုန်းမြင့်ပေါ်တည်ထားသည် ထင်ရခြင်း။

ရွှေစည်းခုံစေတီလေးမျက်နှာရှိ ခြင်္သေ့ကြီးများမှာ ယနေ့
တွေ့မြင်နေရသော ခြင်္သေ့ရုပ်ကြီးများနှင့် မတူသည်ကို တွေ့ရပါသည်။
ရုတ်ဟန်ပါသည်ဟု အကဲခတ်ကြသည်။ ရွှေစည်းခုံ ခြင်္သေ့ရုပ်ကြီး
းမှာ ခေါင်းပြားသည်။ အချွန်အတက် နည်းသည်။ ပါးစပ်
သည်။ လည်၌ ခြူဆွဲထားသည်။ အချိုးအဆစ် မပြေပြစ်လှပါ။
ရွှေစည်းခုံရှေ့ ရွှေခြင်္သေ့ ခုန်၍ဟောက်သောထွေ'ဟု ကဝိလက္ခဏာ
တ်ပုံကျမ်းတွင် စိန္တကျော်သူဦးဩ သံပေါက်စပ်ခဲ့သော ခြင်္သေ့ကြီး
းပင် ဖြစ်သည်။

ရွှေစည်းခုံစေတီတော်ကြီးသည် ခံ့ညား ထက်မြက် တက်ကြွ
တ်ကို ဖြစ်စေသည်ဟု ဆိုကြသည်။

တန့်ကြည်တောင်စေတီ၊ ရွှေစည်းခုံစေတီ၊ လောကနန္ဒာစေတီ၊
ရှင်းတောင်စေတီ လေးဆူသည် စွယ်တော်ရှင်စေတီများဖြစ်ပြီး
င်း စေတီလေးဆူကို တစ်နေ့တည်းအပြီး ဖူး၍ ဆုတောင်းပါက
တောင်းပြည့်သည်ဟု ယုံကြည်ကြပါသည်။

ရွှေစည်းခုံဘုရားဈေးသည် စည်ကားသည်။



## သူဋ္ဌေးမုန်ဂူဘုရား

ရွှေစည်းခုံဘုရား အရှေ့မြောက်ဘက်တွင် ရှိသည်။

နရပတိစည်သူမင်း လက်ထက်တွင် မင်းကြီး၏သမီးတော် တစ်ပါးနှင့် ခင်ပွန်းဖြစ်သူ ပင်းယသူဌေးတို့ တည်သည်ဟု ဆို၏။ ပုဂံခေတ် အေဒီ ၁၁၉၇ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး၊ ကုန်းဘောင် ခေတ်၌ ပြန်လည်မွမ်းမံသည်။

ဂူအတွင်း နံရံပန်းချီလက်ရာများကို လေ့လာကြည့်ရှုနိုင်ပါသည်။ သမိုင်းအတွက် အရေးပါသောကျောက်စာ ရှိသည်။

ငလျင်လှုပ်စဉ်က အပေါ်ထပ်နှင့် ကွမ်းတောင်ပိုင်း ပြိုကျခဲ့သည်။ ပေ ၉၀ မြင့်သည်။



## သိုးခမောက်ဘုရား

သူဌေးမုန်ဂူဘုရား၏ တောင်ဘက်အနီးတွင် ရှိပါသည်။
ရှစ်မြောင့်ပုံပစ္စယံကို အောက်ခြေ၌ခံထားပြီး၊ ခေါင်းလောင်း
ည်မျောမျော နိုင်ပါသည်။ ဖောင်းရစ်၊ ကြာမှောက်၊ ကြာလှန်
က်နှင့်တကွ ရှိသေးသည်။ ကုန်းဘောင်ခေတ်တွင် ပြန်လည်ပြု
ားခြင်း ဖြစ်၏။
၁၅ ပေခန့် မြင့်သည်။
ပုဂံခေတ်ဦးပိုင်း အေဒီ ၁၁ ရာစုခန့်တွင် တည်ကြောင်း
ကြသည်။



## ဂူနီဘုရား

ညောင်ဦးမြို့အရှေ့ဘက် နတ်သမီးကမ်းပါးပေါ်တွင် ရှိသည်။ အရှေ့ဘက်သို့ မျက်နှာပြုထားသည်။ ပေတစ်ရာမျှ မြင့်၏။ ကျန်စစ်သားမင်းကြီးသည် မြန်မာသက္ကရာဇ် ၄၂၉ ခုနှစ်တွင် တည်သည်ဟု ဆို၏။ လေးထောင့်ခံ လိုဏ်နှစ်ဆင့်ပေါ်တွင် ကွမ်းတောင်ပါရှိသော ဂူဘုရားဖြစ်သည်။

လျှောင်လှုပ်စဉ်က ထိပ်ပိုင်း ပြုတ်ကျခဲ့သည်။

အင်္ဂတေပန်းလက်ရာ မကောင်းပါ။

ဘုရားတွင်း၌ ကျောက်သေတ္တာဟုဆိုသော ဌာပနာသေတ္တာကြီးရှိပါသည်။

ပုဂံခေတ် အေဒီ ၁၂ ရာစုလက်ရာ ဖြစ်၏။



## လင်းပြဂူဘုရား

ရွှေစည်းခုံဘုရား အရှေ့မြောက်ဘက်၌ သူဌေးမုခ်ဂူဘုရား ါသည်။ သူဌေးမုခ်ဂူဘုရားတောင်ဘက်၌ ဘုရားသုံးဆူတန်းရှိရာ၊ ရှေ့ဘက်ဆုံး အဆူ ဖြစ်ပါသည်။

၁၂ ရာစုလက်ရာ ဖြစ်သည်ဟု ခန့်မှန်းကြပါသည်။

လေးထောင့်အုတ်တိုက်ပေါ်၌ ကွမ်းထောင်၊ ကွမ်းထောင်ပေါ် အထွတ်စေတီကို တည်ထား၏။ စေတီရံ တစ်ဆူရှိသည်။

လိုဏ်အတွင်း မျက်နှာကျက်၌ ဗုဒ္ဓဆင်းတုပုံများ ရေးဆွဲထား ည်။ လိုဏ်အတွင်းပလ္လင်ပေါ်၌ ဗုဒ္ဓဆင်းတုတော် ရှိသည်။



## စည်းထိပ်ဘုရား

ရွှေစည်းခုံစေတီ အရှေ့မြောက်ဘက်၊ ကမ်းပါးစောက်၏ တောင်ဘက်၌ ရှိပါသည်။

၁၃ ရာစုက တည်ထားခြင်း ဖြစ်သည်။

လေးထောင့်ပစ္စယံ နှစ်ဆင့်ပေါ်၌ တည်ထား၏။ သပိတ်မှောက်မှ အထက်ပိုင်း ပျက်စီးနေပြီ ဖြစ်၏။



နဂါးရုံဂူဘုရား

## နဂါးရုံဂူဘုရား

စည်းထိပ်ဘုရားအနီးတွင် ရှိပါသည်။

၁၃ ရာစုလက်ရာ ဖြစ်ပြီး၊ ကုန်းဘောင်ခေတ်နှင့် နောက်ပိုင်း ခေတ်တို့တွင် ပြန်လည်ပြု ပြင်ထားသည်။

လေးထောင့်အုတ်တိုက်ပေါ်၌ ကွမ်းထောင်ပါ ဂူဘုရား ဖြစ်၏။ အာရုံခံဆောင်၌ မုခ် သုံးမုခ် ရှိသည်။ အင်္ဂတေပန်း တံကဲလက်ရာများကို လေ့လာနိုင်သည်။ ဘုရားဆောင်၌ ဆင်းတုတော်တစ်ဆူရှိပြီး၊ ဘုရားပလ္လင်ရှေ့၌ နဂါးရုပ်တစ်ရုပ်နှင့် ဆင်းတုအထက်တွင် နဂါး ရုပ်များကို တွေ့နိုင်သည်။ ဘုရားဆောင်တောင်ဘက်နံရံ၌ သစ်သား မတ်ရပ်ဆင်းတုတော် တစ်ဆူရှိသည်။ ဦးခေါင်းပိုင်းကို အကောင်း အတိုင်း လေ့လာနိုင်သည်။



နဂါးရုံဂူဘုရား

# နဂါးရုံဂူဘုရား

စည်းထိပ်ဘုရားအနီးတွင် ရှိပါသည်။

၁၃ ရာစုလက်ရာ ဖြစ်ပြီး၊ ကုန်းဘောင်ခေတ်နှင့် နောက်ပိုင်းခေတ်တို့တွင် ပြန်လည်ပြု ပြင်ထားသည်။

လေးထောင့်အုတ်တိုက်ပေါ်၌ ကွမ်းထောင်ပါ ဂူဘုရား ဖြစ်၏။ အာရုံခံဆောင်၌ မုခ် သုံးမုခ် ရှိသည်။ အင်္ဂတေပန်း တံကဲလက်ရာများကို လေ့လာနိုင်သည်။ ဘုရားဆောင်၌ ဆင်းတုတော်တစ်ဆူရှိပြီး၊ ဘုရားပလ္လင်ရှေ့၌ နဂါးရုပ်တစ်ရုပ်နှင့် ဆင်းတုအထက်တွင် နဂါးရုပ်များကို တွေ့နိုင်သည်။ ဘုရားဆောင်တောင်ဘက်နံရံ၌ သစ်သားမတ်ရပ်ဆင်းတုတော် တစ်ဆူရှိသည်။ ဦးခေါင်းပိုင်းကို အကောင်းအတိုင်း လေ့လာနိုင်သည်။



## ရွှေလက်ပြန်ဘုရား

ရွှေစည်းခုံဘုရားအရှေ့ဘက် တံတိုင်းအနီးရှိ ရွှေလက်ပြန်အုတ်ကျောင်း (အင်းဝခေတ်တည်)နှင့် ကပ်လျက်၌ ရှိပါသည်။

လေးထောင့်အုတ်တိုက်ခံ ကွမ်းထောင်ပေါက် ဂူဘုရားမျိုးဖြစ်ပါသည်။ အရှေ့ဘက်က မုခ်ပေါက်တစ်ခုသာ ရှိသည်။ တောင်ဘက်၊ မြောက်ဘက်တို့၌ ပြတင်းပေါက်များ ရှိသည်။

ကွမ်းထောင်အထက်တွင် အထွတ်စေတီ တည်ထား၏။ အုတ်တိုက် ထောင့်လေးထောင့်၌ ပန်းအိုး လေးလုံး ရှိသည်။

အုတ်တိုက်အတွင်း၌ ဗုဒ္ဓဆင်းတုတော်တစ်ဆူရှိသည်။ ဆင်းတုပလ္လင် နောက်ဘက်တံကဲတွင် နံရံဆေးရေးများ ရှိသည်။

ပုဂံခေတ် နှောင်းလက်ရာ ဖြစ်၏။



## ရန်အောင်စင်ဘုရား

ရွှေလက်ပြန်ဘုရားနှင့် ကပ်လျက် ရှိသည်။

လေးထောင့်အုတ်တိုက်ခံ ကွမ်းထောင်ပေါက် ဂူဘုရား ဖြစ်သည်။ အာရုံခံဆောင်ကို မြောက်ဘက် လှည့်ထား၏။ မုခ်ပေါက် သုံးခု ရှိသည်။ ပုဂံခေတ်နှောင်းလက်ရာ ဆင်းတုပုံ ရှိသည်။ ဆင်းတုတံကဲတွင် နံရံဆေးရေးများ ရှိသေးသည်။ ကုန်းဘောင်ခေတ်၌ ပြန်လည်ပြုပြင်ထား၏။

## စွယ်တော်ဂူဘုရား

ပုဂံခေတ်နှောင်း ၁၃ ရာစုလက်ရာ ဖြစ်၏။

ရွှေစည်းခုံစေတီ တောင်ဘက်စောင်းတန်း အရှေ့ဘက်ခြမ်း၌ ရှိပါသည်။

နှစ်ထပ်အုတ်ကျောင်းဖြစ်ပြီး ပြသာဒ်ပုံ အထွတ်တင်ထား၏။ ထောင့်လေးထောင့်၌လည်း ပြသာဒ်ပုံ စေတီရံ လေးဆူအနက်၊ သုံးခုသာ ကျန်တော့သည်။ အပေါ်ထပ်၌ အရှေ့ဘက်မုခ်ပေါက်သာ ရှိ၏။ ကျန်ဘက်တို့၌ ပြတင်းပေါက်များ ရှိသည်။ အောက်ထပ်တွင် အရှေ့ဘက်၌ မုခ်ပေါက် နှစ်ပေါက်၊ တောင်နှင့် မြောက်၌ တစ်ပေါက်စီ ရှိ၏။ အနောက်ဘက်၌ မုခ်ပေါက် မရှိပါ။ မြောက်ဘက်နံရံ၌ အပေါ်တက်ရန် ကြောင်လိမ်လှေကား ရှိ၏။

အုတ်ကျောင်းအမြင့်မှာ ၄၉ ပေ ရှိ၏။

လှေလာရန်မှာ ဓာတ်တော်ခွင်နှင့် မင်စာ လေးကြောင်း ရှိပါသည်။

## ရှင်မထီးဘုရား

ရွှေစည်းခုံဘုရားတောင်ဘက် စောင်းတန်းမှ အရှေ့ဘက်သို့ သွားသော် ရောက်၏။

ပုဂံခေတ်နှောင်းပိုင်း ၁၃ ရာစု လက်ရာ ဖြစ်ပါသည်။

ပုဂံခေတ်က ထင်ရှားခဲ့သော ရှင်မထီး၏ ကောင်းမှုဟု ခန့်မှန်းကြသည်။ လေးထောင့်အုတ်တိုက်ခံ၊ ကွမ်းထောင်ပေါက် ဂူဘုရား ဖြစ်သည်။ အရှေ့ဘက်လှည့် အာရုံခံမုခ်ပေါက်သာ ရှိ၏။ တောင်ဘက်၊ မြောက်ဘက်နံရံတို့၌ လေညှင်းပေါက် ခြောက်ပေါက်စီ

ရှိသည်။ အနောက်ဘက်နံရံ၌ မုခ်ကပ်လိုဏ်ငယ် ရှိသည်။ လိုဏ်အတွင်း၌ ဆင်းတုတော် ရှိပါသည်။ လိုဏ်မျက်နှာကျက်၌ ဓာတာခွင်နှင့် မင်စာတို့ ရှိ၏။

အာရုံခံနှင့် တိုက်မျက်နှာကျက်တွင် ဆင်းတုတော်ပုံများ၊ ခြေတော်ရာများ ရေးဆွဲထားသည်ကို တွေ့နိုင်သည်။ နံရံများတွင် ငါးရာငါးဆယ်ဇာတ်ရုပ်များ၊ နှစ်ကျိပ်ရှစ်ဆူဘုရားပုံတော်များ ရေးထား၏။

## သိမ်ဘုရား

ရွှေစည်းခုံဘုရား တောင်ဘက်၌ ရှိပါသည်။
လိုဏ်ပါသော သီဟိုဠ်စေတီပုံ ဖြစ်၏။
စေတီအမြင့်မှာ ခြောက်ပေခန့်သာ ရှိသည်။
ပုဂံခေတ်နှောင်းပိုင်း ၁၃ ရာစုလက်ရာ ဖြစ်ပါသည်။

## သိမ်းမစည်းဘုရား

ညောင်ဦးမြို့ ငါးမျက်နှာရပ်၏တောင်ဘက်၌ ရှိပါသည်။
ပုဂံခေတ်နှောင်း အေဒီ ၁၃ ရာစုလက်ရာ ဖြစ်၏။

ပစ္စယံ သုံးဆင့် ရှိ၏။ နတ်လမ်း လေးမျက်နှာ ရှိသည်။ လေးထောင့်အုတ်တိုက်ပေါ်၌ ကွမ်းထောင်ပေါက်ထားပြီး၊ ကွမ်းထောင်အထက် စေတီအောက်ပိုင်းများမှာ မူလလက်ရာ ဖြစ်၏။

အပြင်ဘက်နံရံ၌ ခြင်္သေ့ရုပ်၊ နတ်ရုပ်များ ရှိသည်။ ဘီလူးပန်းဆွဲနှင့် အင်္ဂတေပန်းလက်ရာများ ကျန်သေးသည်။ တောင်ဘက်မုခ်တံကဲလက်ရာများလည်း မပျက်မစီး တွေ့မြင်နိုင်သည်။ ဖောင်းရစ်နှင့် ကြာမှောက် ကြာလှန်တို့မှာ ယခုခေတ်ပိုင်း ပြင်ဆင်မှုများ ဖြစ်၏။

## တရုတ်ပြေးဥမင်

ကျန်စစ်သားဥမင်မှ အနောက်တောင်ဘက်တွင် တည်ရှိပါသည်။ နရသီဟပတေ့မင်း ခေါ် တရုတ်ပြေးမင်းက အရှင် ပုံသကူ မထေရ် အတွက် လှူဒါန်းသော ဥမင်ဟု ဆိုကြပါသည်။


## ကျန်စစ်သားဥမင်

ရွှေစည်းခုံဘုရားကြီး၏ အနောက်တောင်ဘက်တွင် ရှိပါသည်။

ထီးလိုင်ရှင်ကျန်စစ်သားမင်းကြီး ဘုသိုလ်ယူခဲ့သော ဥမင် ဖြစ်ပါသည်။ ရှင်အရဟံ မထေရ်မြတ် သီတင်းသုံးတော်မူသော တောရကျောင်းနေရာဟု ဆိုကြပါသည်။ တရားဟောပလ္လင်လည်း ရှိသည်။ နံရံပန်းချီလက်ရာများကို စိတ်ဝင်စားဖွယ်ရာ တွေ့နိုင် ပါသည်။



ပန်းရွှေပြည်စာအုပ်တိုက်



## သကျမုနိဘုရား

ကုန်းတော်ကြီးဂူဘုရား အနီးတွင် ရှိပါသည်။ ကျစွာမင်း
က်ထက်တွင် တည်သည်ဟု ပညာရှင်တို့ ဆိုကြသည်။ အတွင်း
ံ့တွင် ဗုဒ္ဓဝင်နှင့် နိပါတ်တော်လာ ပန်းချီများ၊ အသောကမင်းကြီး
ာသနာပြုပုံ ပန်းချီများ၊ သီဟိုသို့ ဗုဒ္ဓသာသနာရောက်ပုံ ပန်းချီများကို-
တွ့ရ၏။

လျှင်လျှပ်စဉ်က စေတီထိပ်ပိုင်း ပြုတ်ကျခဲ့သည်။



## တုန်းတော်ကြီး ဂူဘုရား

ညောင်ဦးမြို့မှ အရှေ့မြောက်ဘက်ချိုးသော လမ်းအတိုင်း သွားရပါသည်။ ဂူတိုက်ခံပြီး အထွတ်ပေါက်ထားသောစေတီ ဖြစ်သည်။

ထူးခြားချက်မှာ ဗုဒ္ဓဝင်ဆေးရေးများကို မြန်မာစာဖြင့် ဖော်ပြထားခြင်း ဖြစ်သည်။ ပုဂံခေတ်ပန်းချီနှင့် ပုဂံခေတ်ကမ္ပည်းစာကို အားပါးတရ လေ့လာနိုင်ပါသည်။

ပုဂံငလျင်လှုပ်စဉ် စေတီထိပ်ပိုင်း ပြုတ်ကျခဲ့ပါသည်။

ပန်းရွှေပြည်စာအုပ်တိုက်

## ကျောက်ဂူဥမင်

ရောဝတီမြစ်ကမ်းဘေးတွင် တည်ရှိပါသည်။ မြန်မာသက္ကရာဇ် ၅၅၀ ခုနှစ်တွင် နရပတိစည်သူမင်းကြီး တည်ကြောင်း၊ ဥမင်နှာမင်း လက်ထက်တွင် ပြုပြင်မွမ်းမံကြောင်းတို့ကို ကျောက်စာအရ သိရှိရ ပါသည်။ နရပတိစည်သူမင်းကြီးသည် 'သခင်ထံပါ' မထေရ်အား ဤကျောက်ဂူဥမင်ကို ကျွန်များနှင့်တကွ ဆက်ကပ် လှူဒါန်းခဲ့ပါသည်။

ဥမင်အတွင်းအပြင် ကျောက်စီထားပုံ၊ ဥမင် တည်ဆောက်ပုံတို့ မှာ ပုဂံခေတ်အဆောက်အဦး ဗိသုကာပညာအဆင့်အတန်းကို သက် သေပြနေလေသည်။ ဘီလူးပန်းဆွဲများ၊ ဘီလူးရုပ်များ၊ ကိန္နရာရုပ်များ၊ ပန်းကွက်များမှာ လှပဆန်းကြယ်ပါသည်။ ပုဂံခေတ် ကျောက်ဆစ် လက်ရာကို တွေ့ရသည်။

ဥမင်အရှေ့အနောက်မှာ ၂၅ ပေ၊ အမြင့် ပေ ၄၀ ခန့် ရှိသည်။ အတွင်းပတ်လည်နံရံတွင် မုခ်ပေါက်ငယ်များ ရှိသည်။ ဗုဒ္ဓဆင်းတုတော်များထားရာ မုခ်ပေါက်များ ဖြစ်နိုင်သည်ဟု ခန့်မှန်း ကြသည်။

ဗိသုကာလက်ရာ၊ ကျောက်ဆစ်လက်ရာကို အထူးအလေးထား လေ့လာလိုသူများ ဂရုစိုက်သင့်သည့်နေရာ ဖြစ်သည်။

## ရပ်စောတော်ဂူဘုရား

ကျောက်ဂူဥမင်မှ ဆက်သွားနိုင်ပါသည်။

နံရံဆေးရေးပန်းချီနှင့် မင်စာကို လေ့လာနိုင်သည်။ ဂူဘုရား နံရံ မင်စာအရ သက္ကရာဇ် ၅၈၂ ခုနှစ်တွင် တည်ပြီးကြောင်း သိ ရသည်။ ထွန်ပစ်မင်း နန်းတက်သောနှစ် ဖြစ်ပါသည်။



## အလိုတော်ပြည့်ဘုရား

ကျန်စစ်သား မင်းဖြစ်ပြီး မကြာမီ တည်သောဘုရားဟု ယူဆကြသည်။ ကျန်စစ်သား မင်းမဖြစ်မီ အနော်ရထာမင်းလက်ထက်တွင် စစ်သူကြီးအဖြစ် အမှုထမ်းရ၏။ တစ်ခါသော် စစ်ထွက်ရန် စိတ်လေးလံသဖြင့် ယခု အလိုတော်ပြည့်ဘုရား တည်ထားရာနေရာသို့ အရောက်တွင် အဓိဋ္ဌာန်ပြုသည်ဟု ဆို၏။

ပုဂံစစ်သည်များ စစ်ချီလာပြီဟု ကြားရုံနှင့် အောင်နိုင်သောစစ် ဖြစ်လို၏။ သာသနာပြု ပုဂ္ဂိုလ်ထူး ဖြစ်ရပါလို၏ဟု အဓိဋ္ဌာန်ပြုကာ စစ်ထွက်ခဲ့၏။ အဓိဋ္ဌာန်အတိုင်း အောင်မြင်ခဲ့ရာ ရှင်အရဟံနှင့် တိုင်ပင်ပြီး ဤဘုရားကို တည်ခဲ့သည်ဟု ဆိုပါသည်။

ဘုရားလိုဏ်ဂူပုံစံမှာ အမိုးစောင်းပြာသာဒ်ပုံ ဖြစ်သည်။ လိုဏ်ဂူ
အတွင်း၌ ပန်းချီများ၊ မင်စာများ၊ မြတ်စွာဘုရား တရားဟောနေ
များကို တွေ့ရပေသည်။ လိုဏ်ဂူထဲတွင် သုတ္တန်ဒေသနာ တစ်ရာ
ကျော်ကို ပုဂံပန်းချီလက်ရာ မင်စာဖြင့် ရေးထားသည်။

တဝဂူပုံစံ ဘုရားဖြစ်ပြီး၊ စေတီအပေါ်ဆင့်သို့တက်ရန် ကြောင်
လိမ်လှေကား ရှိသည်။

၁၃၅၄ ခုနှစ်တွင် ကျေးဇူးရှင်ဆရာတော် ဘဒ္ဒန္တ အရိယဝံသ
မဟာဂန္ထ ဂါစက ပဏ္ဍိတ) ပါကစ္စတန်ဆရာတော် (အလိုတော်
ပြည့်ဆရာတော်)က ချုံနွယ်တို့ ရှင်းလင်းမွမ်းမံကာ ၁၃၅၄ ခုနှစ်
နတ်တော်လပြည့်နေ့တွင် ဗုဒ္ဓဘိသေက အနေကဇာ တင်သည်။
ထီးဖြူတော်ဖွင့် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓပူဇနိယပွဲဖြင့် ပြုလုပ်သည်။

ရွှေထီးတော်ကို ၃ ရက် (စနေနေ့) ဖေဖော်ဝါရီလ ၁၉၉၆
ခုနှစ် မင်္ဂလာအချိန်ကျရောက်သော နံနက် ကိုးနာရီတိတိတွင် နိုင်ငံ
တော်မှ ကြီးမှူးပြီး ဒေဝါဝင်း၊ ရာဇာဝင်းတို့ဖြင့် စည်ကားသိုက်မြိုက်
စွာ တင်လှူ၏။

ဆုတောင်းတိုင်း အလိုပြည့်ကြရာ ဂေါပကအဖွဲ့မှတ်တမ်းအရ
၁၃၅၄ ခုနှစ်မှ ၁၃၅၆ ခုနှစ်ထိ အလိုတော်ပြည့်ကြသူ ၈၀ ရာခိုင်
နှုန်းမျှ ရှိသည်ဆို၏။

အလိုတော်ပြည့်ဆရာတော် ဤဘုရား၌ တရားအားထုတ်ခြင်း၊
ပဋ္ဌာန်းပို့ခြင်း၊ ပုတီးစိပ်ခြင်းဖြင့် အဓိဋ္ဌာန်ဝင်ခဲ့ရာ ခုနစ်,နှစ်တာ
ကာလ၌ အိပ်မက်ရခဲ့သည်။ ထိုနေ့ကား ၁၃၅၄ ခုနှစ် တန်ဆောင်မုန်း
လပြည့်ကျော် ၂ ရက်နေ့ ည ဖြစ်သည်။ သူတော်စင် လူပုဂ္ဂိုလ်တစ်ဦး
က ဆရာတော်အား အိပ်မက် သုံးကြိမ် ပေးလေသည်။ ထိုအိပ်မက်အရ
အလိုတော်ပြည့်ဘုရားကို ဖော်ထုတ်ခြင်းပင် ဖြစ်၏။

၁၃၅၄ ခုနှစ် နတ်တော်လပြည့်နေ့၌ အိပ်မက်အရ သစ်သီး
၅၀၀၀၊ ဆီမီး ၅၀၀၀၊ ဆွမ်းပွဲ ၅၀၀၀၊ ရေချမ်း ၅၀၀၀တို့ ပူဇော်

ဆက်ကပ်သည်။ ထီးဖြူတော် ၂၄ လက်ဖွင့်ကာ အခမ်းအနားဖြ
စတင်ဖော်ထုတ်ခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ်လုံးဆိုင်ရာ နိုင်ငံတော် ဩဝါ
စရိယ ဆရာတော်များ၊ မြို့နယ် ဩဝါဒစရိယဆရာတော်များ၊ မြို့နယ်
သံဃာ့နာယကဥက္ကဋ္ဌ ဆရာတော်များ၊ ကျောင်းထိုင်ဆရာတော်များ
ပဌာနဘာဏာ သံဃာတော်အပါး ၁၀၈ ပါးကို ပင့်ဖိတ်ခဲ့သည်။

ပုဂံညောင်ဦး၀န်းကျင်၊ ကျောက်ပန်းတောင်း၊ ချောက်၊ ပခုက္က
ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာ အနယ်နယ်အရပ်ရပ်မှ ဒါယကာ
ဒါယိကာမများကပါ အားတက်သရော တက်တက်ကြွကြွ စေတန
သဒ္ဓါတရား ထက်သန်စွာ လာရောက်ပူဇော်ကြသည်။ ငွေပဒေသာ
ပင်များ စိုက်လှူခြင်း၊ သင်္ကန်းပရိက္ခရာ လှူခြင်း၊ ဆွမ်းကွမ်း ဝေယျ
ဝစ္စအဝဝကို မလစ်မဟင်းအောင် ဆောင်ရွက်လှူဒါန်းကာ ရေစက်
အမျှပေးဝေပြီး မေတ္တာပို့ ဆုတောင်းကြသည်။

အလိုတော်ပြည့်ဘုရားအတွင်း ကျိုးပဲ့ပျက်စီးနေသော ဆင်းတု
တော်များကို ဆရာတော်ဦးဆောင်မှုဖြင့် အသစ်ထုလုပ် မွမ်းမံလှူဒါန်း
ကြသည်။

စေတနာသဒ္ဓါတရား ထက်သန်ကြည်ညိုစွာဖြင့် ဆုတောင်
တိုင်း အလိုပြည့်သည်ဟု ထင်ရှားလှသဖြင့် ဘုရားဖူးတို့ စည်ကာ
ပါသည်။

ဆရာတော်ဘုရား ညွှန်ကြားဆုံးမချက်မှာ ဆုတောင်ခြင်းသည်
မိမိကံတရားကို တွန်းအားပေး နှိုးဆွခြင်း ဖြစ်သည်။ မကောင်းမှုကံကို
တား၍ ကောင်းမှုကံကို အားဖြည့်ခြင်း ဖြစ်သည်။ ဆုတောင်းရာတွင်
တောင်းသောဆု၊ ဆုတောင်းသူ၏ သဒ္ဓါတရားနှင့် ဆုတောင်းဖြည့်
မည့် ပုဂ္ဂိုလ်၏ သီလအစွမ်း သုံးသပ်ချက် အင်္ဂါညီညွတ်ရပါမည်။



အလိုတော်ပြည့်ဘုရား

ပန်းရွှေပြည်စာအုပ်တိုက်

အလိုပြည့်ဘုရား ဆုတောင်း အဓိဋ္ဌာန်ပြုနည်းမှာ သစ်သီးကိုးမျိုး (ရှောက်သီး၊ သံပုရာသီး၊ မာလကာသီး၊ စပျစ်သီးမပါ)၊ ပန်း ကိုးမျိုး၊ ဆွမ်း ကိုးခွက်၊ ရေ ကိုးခွက်၊ ဖယောင်းတိုင် ကိုးတိုင်တို့ကို သဒ္ဓါ တရားထက်သန်ကြည်ညိုစွာဖြင့် ဘုရားရှင်တွင် ကပ်လှူပါ။ အလိုတော်ပြည့် ဘုရားရှိခိုးဂါထာဖြင့် ရှိခိုးပါ။ ငါးပါးသီလ ခံယူပါ။ ဂုဏ်တော်ပုတီး ကိုးပတ် စိပ်ပါ။ မိမိလိုရာ တစ်ခုတည်းသော ဆုကိုယုံကြည်သဒ္ဓါတရား ကြီးစွာ၊ ဆန္ဒပြင်းစွာ တောင်းပါ။ ဘုရားကိုစောင့်ရှောက်သော ပုဂ္ဂိုလ်တို့နှင့် သဗ္ဗေသတ္တာကို အမျှဝေကာ မေတ္တာပို့ပါ။ ဆုတောင်းခြင်းသည် မိမိ၏ ကံတရားကို တွန်းအားပေးခြင်းဖြင့်ပင့်တင်ခြင်း ဖြစ်၏။ လူတိုင်းလူတိုင်းသည် ကောင်းမှုကံ၊ မကောင်းမှုကံ နှစ်မျိုးကို ခံစားကြသည်သာ။ ဆုတောင်းခြင်းဖြင့် မကောင်းမှုကံကိုတား၍ ကောင်းမှုကံကို အားဖြည့်ပေးလေသည်။ ထို့အပြင် ဆုတောင်းရာ၌ အင်္ဂါသုံးရပ် ပြည့်စုံရသည်။

၁။ တောင်းသောဆု၏ အတိုင်းအဆ။

၂။ ဆုတောင်းသူ၏ သဒ္ဓါတရား။

၃။ ဆုကို အားဖြည့်ပေးမည့်ပုဂ္ဂိုလ်၏ သီလ၊ သမာဓိအစွမ်း။

ဤအင်္ဂါသုံးရပ်သည် အချိုးညီညီ ရှိပါမှ ပြည့်စုံနိုင်ပါသည်။ ဆုကြီးလျှင် ဆုတောင်းသူ၏ သဒ္ဓါတရားလည်း ကြီးရမည်။ ဆုအားဖြည့်မည့်ပုဂ္ဂိုလ်၏ သီလသမာဓိလည်း ကြီးရမည်။ ဥပမာ...

သုမေဓာရှင်ရသေ့သည် ဘုရားဆု ပန်၏။

သုမေဓာရှင်ရသေ့သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းလုံး ယုံကြည်သဒ္ဓါ ကြီးစွာ ထား၏။

ဆုကို အားဖြည့်ပေးမည့် ပုဂ္ဂိုလ်မှာ ဒီပင်္ကရာ ဘုရားရှင်ကိုယ်တိုင် ဖြစ်သည်။

## ဆရာတော်ကိုယ်တိုင် ရေးသားစီကုံးသော
## အလိုတော်ပြည့် ဘုရားရှိခိုး

**အလိုတော်ပြည့် မဟာနာမော**
**ဒေဝမနုဿ ပူဇိတော**
**သေရယော ပစ္စယောဒီပိ**
**မဟာလာဘံ ဒဒန္တုမေ။**

**အလိုတော်ပြည့် မဟာနာမော။** ။ အလိုရှိတိုင်း မဆိုင်းမတွ ပြီးစီးရလျက်၊ တောင်းတိုင်းပြည့်စုံ၊ ကြံတိုင်းပြီးမြောက်၊ အလိုတော်မောက်၍ အလိုပြည့် (အာလိုဝ်ပြည့်)ဟု နာမည်ရတော်မူထသော သို့မဟုတ် ပုဂံဧကရာဇ်မင်း ကျန်စစ်သား စစ်သူကြီးဖြစ်စဉ် ဆုပန်ခြွေ၍ ထိုပန်သမျှ ဆုဆန္ဒတို့ ပြည်စုံလုံလောက် အလိုရောက်၍ အလိုပြည့် (အာလိုဝ်ပြည့်)ဟု နာမည်ရတော်မူထသော။

**ဒေဝမနုဿ ပူဇိတော။** ။ လူ နတ် ဗြဟ္မာ သတ္တဝါအများ သောင်းတိုက်သားတို့၏ ညွတ်တွားဦးခိုက်သော၊ ပူဇော်အထူးလည်း ခံယူတော်မူ ထိုက်ပေသော...

**သေရယော ပစ္စယော ဒီပိ။** ။ သောမနိက္ကန္ဒီရှင် သိဒ္ဓိရှင် တန်ခိုးတော်ရှင် ဖြစ်တော်မူသော ထိုအလိုတော်ပြည့် မြတ်စွာဘုရားသည် ပစ္စယာဒီပိ တကာတကာမ သဒ္ဓါကြွ၍ ထာဝရလှူဒါန်း သစ်သီးဆွမ်းနှင့် ရေချမ်းဆီမီး စသည့်ဥသုံ အလုံးစုံတို့ ရပဟာပူဇာရပဟာ လေးမြတ်ကော်ရော် ပူဇော်ထိုက်လှ ပေကုန်၏။ သေမနိ ကန္ဒီရှင်၊ သိဒ္ဓိရှင်၊ တန်ခိုးတော်ရှင် ဖြစ်တော်မူသော ထိုအလိုတော်ပြည့်မြတ်စွာဘုရား

သည် မေ အမှာက် အလိုပြည့်ရန် ဆန္ဒမွန်ဖြင့် အလိုတော်ပြည့်ကြောင်း အောင်ဆုတောင်းကြသည့် ဘုရားတပည့်တော်(တပည့်တော်မ)အား... **မဟာလာဘံ ဒဒန္တုမေ။** ။ မဟာလာဘံ ကြီးကျယ်များလှ ဓောတိက နှယ် ချမ်းသာကြွယ်ဝပြီး သီဝလိအလား စံမူထား၍ များပြားလှစွာ လာဘ်ချမ်းသာကို ဒဒန္တု ဒေတု ခုနစ်ရက်အတွင်း စိတ်ဝယ်ရှင်း၍ လျှင်မြန်စွာ လက်ဝယ်ရအောင် ပေးသနားတော်မူပါ အလိုတော်ပြည့် မြတ်စွာဘုရား။

***မှတ်ချက်။*** ။

ဆွမ်း၊ ရေချမ်း ကပ်လှူစဉ် သင်၏ စိတ်၌...

- ကံ၊ ကံ၏ အကျိုးကို ယုံကြည်ရပါမည်။
- မြတ်စွာဘုရားသခင်ကို အာရုံပြုထားရပါမည်။
- ဆုတောင်းသည့်ဘုရားကို ပူဇော်သက္ကာရ အထူးဖြင့်လှူဒါန်းမည်ဟု ဆန္ဒပြုပါ။
- ဆရာတော်ကျေးဇူးကြောင့် ဤဘုရားကို ပူဇော်ဆုတောင်းခွင့် ရသည်ဟု စိတ်ညွှတ်ပါ။

(ဆွမ်းကိုးခွက် သို့မဟုတ် ကိုးဇွန်းကို တစ်ပန်းကန်တည်း ထည့်နိုင်သည်။ ဖယောင်းတိုင် ကိုးတိုင်ကို ဆွမ်းကပ်ခါနီး၌ အပြင်ဘက်မှာ ထွန်းညှိပူဇော်ပါ။)

## ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးတပ်လှူခြင်း

သုဘောဇနံ အဟံဒမ္မိ ဥဒ္ဒိဿ လောက နာယကံ (ဆွမ်း)
သုဖလံ အဟံဒမ္မိ ဥဒ္ဒိဿ လောက နာယကံ (သစ်သီး)

သုဖုပ္ပံ အဟံဒမ္မိ ဥဒ္ဒိဿ လောက နာယကံ' (ပန်း)
သုဥဒ္ဒကံ အဟံဒမ္မိ ဥဒ္ဒိဿ လောက နာယကံ' (ရေချမ်း)
သုပဒီပံ အဟံဒမ္မိ ဥဒ္ဒိဿ လောက နာယကံ' (ဆီမီး)

လူနတ်ဗြဟ္မာ သုံးပါးတို့၏ အကြီးအမှူးဥက္ကဋ္ဌ သဗ္ဗညုထွတ်ထားး မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးအား ရည်မှန်း၍ ကောင်းမြတ်သော ဆွမ်း၊ ကောင်းမြတ်သော သစ်သီး၊ ကောင်းမြတ်သော ပန်း၊ ကောင်းမြတ်သော ရေချမ်း၊ ကောင်းမြတ်သော ဆီမီးတို့ကို ဘုရားတပည့်တော် စေတနာဖွေးဖြူ အရေးယူလျက် ပူဇော်ပါ၏ ဘုရား။

၁။ အလိုတော်ပြည့် မဟာနာမံ၊ ဝေ မနုဿပူဇိတံ
ဝန္ဒာမိဟံ အရဟန္တံ၊ မဟာလာဘံ ကရောတုမေ။
၂။ အလိုတော်ပြည့် မဟာနာမံ၊ ဒေဝ မနုဿပူဇိတံ
ဝန္ဒာမိဟံ အရဟန္တံ၊ မဟာသုခံ ကရောတုမေ။
၃။ အလိုတော်ပြည့် မဟာနာမံ၊ ဒေဝ မနုဿပူဇိတံ
ဝန္ဒာမိဟံ အရဟန္တံ၊ မဟာဓနံ ကရောတုမေ။


အလိုတော်ပြည့်ဘုရားဟု နာမထင်ရှား လူနတ်ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားအား ရှိသေဝပ်တွား သဒ္ဒါပွား၍ တပည့်တော် ရှိသေစွာ ကာယဝစီ မနောချီလျက် ရှိခိုးပါ၏ အရှင်ဘုရား။ ဤ လှူဖွယ် ငါးမျိုးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား တပည့်တော်အား ကြီးကျယ်သော လာဘ်လာဘ၊ ကြီးကျယ်သော ချမ်းသာ၊ ကြီးကျယ်သော ဥစ္စာကို ပေးသနားတော်မူပါ အရှင်ဘုရား။

အတီတေဝတ္တမာနေစ ယံပုညံ ပကတံမဟာ
ဣစေဝတသ္မ ပဇ္ဇောက္ခေ ဝိပါကောမေဝိ ပစ္စတု။

**(သုံးကြိမ်ရွတ်ပါ)**

အတိတ်၌လည်းကောင်း၊ ယခုဘဝ၌လည်းကောင်း၊ အကြင်ကောင်းမှုကို ကျွန်ုပ်ပြုအပ်ပါ၏။ ယခုအချိန်လည်းကောင်း၊ နောင်၌လည်းကောင်း၊ ထိုကောင်းမှု၏ အကျိုးသည် ကျွန်ုပ်အား ဖြစ်ထွန်းစေပါသတည်း။

- ငါးပါးသီလ ယူပါ။
  ဂုဏ်တော်ကိုးပါး ပုတီးပတ်စိပ်ပါ။
- ဆုတောင်းပါ။ အလိုချင်ဆုံးသောဆု၊ မိမိနှင့်လည်း ဆက်စပ်မှုရှိသော ဆုတစ်ဆုကိုသာ တိကျစွာ တောင်းပါ။
- မေတ္တာပို့ အမျှဝေပါ။ ဤဘုရားကို တည်ထားသူ၊ ပြုပြင်သူ၊ စောင့်ရှောက်သူ၊ ပူဇော်သူ၊ ဖော်ထုတ်သူနှင့်တကွ သတ္တဝါအားလုံးကို တူညီသော မေတ္တာတရားဖြင့် အမျှဝေပါ။




ဖူးလိုသေးသည်၊ ပေါက္ကံပြည်၌
ရောင်ခြည်ဝင်းပ၊ ကျောင်းဝူလှပ
မြန်မာ့ဦးစွန်း လှသည်ကို။

'ပေါက္ကံပြည်၌' ကဗျာမှ

# ပုဂံပတ်ဝန်းကျင်

## ပုဂံပတ်ဝန်းကျင်ဘုရားဂူကျောင်းများ

ပိဋကတ်တိုက်၊ ထီးလိုမင်းလိုဘုရား၊ ဥပါလိသိမ်၊ မြစည်းခုံဘုရား၊ အတွင်းစည်းခုံဘုရား၊ အာနန္ဒာဘုရား၊ အာနန္ဒာအုတ်ကျောင်း၊ ရွှေဆံတော်ဘုရား၊ ရွှေသာလျောင်းဘုရား၊ လောကထိပ်ပန်ဂူဘုရား၊ ဓမ္မရံကြီးဘုရား၊ သဗ္ဗညုဘုရား၊ ကျွဲနွားတောင်းဘုရား၊ ပုထိုးသားများဘုရား၊ နတ်လှောင်ကျောင်း၊ ရွှေဂူကြီးဘုရား၊ သံတော်ကြားဘုရား၊ မဟာဗောဓိဘုရား၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ ပုတ္တလင်ပုထိုး၊ ရှာဟောင်းကြီးဘုရား၊ မာန်အောင်ဘုရား၊ မင်းအိုချမ်းသာဘုရား၊ လောကဥသျှောင်ဘုရား၊ မင်းမျှော်ရာဇာဘုရား၊ ငါးမျက်နှာဘုရား၊ သိကြားဟစ်ဘုရား၊ ကြမ္မာဘဒ်ဘုရား၊ ပေပင်ကျောင်းဘုရား၊ မြေပုံသာဘုရား၊ မီးမလောင်ကျောင်းဘုရား၊ မြင်းပြိုင်ဂူဘုရား၊ ပဲနံ့သာဂူအစုဘုရား၊ မင်္ဂလာစေတီ၊ နွားပြဂူ (နွားများသခ်ယာဂူ) ဘုရား။




## ပိဋကတ်တိုက်

ပုဂံမြို့အဝင် သရပါတံခါး အနောက်ဘက်တွင် ရှိသည်။ ပုဂံ လျှောင်လှုပ်စဉ်က အထက်ပိုင်း ပြိုကျခဲ့ပြီး အဆောက်အဦးလည်း ရှေ့သို့ ယိုင်ငိုက်ခဲ့သည်။

အနော်ရထာမင်းကြီးသည် ပိဋကယ်သုံးပုံကို သထုံမှ ပင့်ဆောင်လာပြီးနောက် တည်ထားကိုးကွယ်ရန် ဆောက်လုပ်ခဲ့ ဖြစ်၏။ ၁၀၅၈ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး၊ ဘိုးတော်ဘုရားလက်ထက် ၁၇၈၃ခုနှစ်တွင် ထပ်မံပြုပြင်ခဲ့သည်ဟု အထောက်အထားတွေ့ရသည်။

အရှေ့ဘက်တွင် မုခ်ပေါက်ရှိပြီး နံရံများတွင် ကျောက်ဇာပေါက်ပြတင်းများ တပ်ထား၏။ အဆောက်အဦးအတွင်းဘက်တွင် စကြံတစ်ခု ရှိသည်။ ထုပိကာ(ပြာသာဒ်အထွတ်)တွင် ဘုံငါးဆင့်ကို အုတ်အင်္ဂတေဖြင့် ပြုလုပ်ထားသည်မှာ လက်ရာမြောက်လှသည်။



## ထီးလိုမင်းလိုဘုရား

ဝက်ကြီးအင်းရွာနှင့် ပုဂံသွား ကားလမ်းအရှေ့ဘက်တွင် ရှိသည်။ ပုဂံမှ နှစ်မိုင်ခန့် ဝေးသည်။

ပုဂံငလျင်လှုပ်စဉ်က ကွမ်းထောင်ပိုင်း ပြိုကျခဲ့သည်။ စေတီရံများလည်း ပျက်စီးခဲ့သည်။

ကုလားကျောင်းခံ လိုဏ်ဂူအမျိုးအစား ဖြစ်၏။ ထုထည်ကြီးမားသည်။ အမြင့်ပေ ၁၅၀ ရှိသည်။ အထပ် နှစ်ထပ်ရှိပြီး အာရုံခံမှာ တစ်ဘက်တည်းသာ ဖြစ်၏။ အုတ်နံရံထုအကြား၌ အထက်သို့တက်သော ကြောင်လိမ်လှေကား ရှိသည်။ တိုင်ဖုး၊ ကျိုးအက်နှင့် ခနုပြင်များတွင် အင်္ဂတေပန်းများကို လေ့လာနိုင်သည်။ အတွင်းဘက်နံရံတွင် ဆေးရေးပန်းချီများ ရှိသည်။ နံရံများတွင် ဇာတာများ ရေးဖွဲ့ထားသည်ကို တွေ့မြင်နိုင်သည်။


နရပတိစည်သူမင်းသည် သားတော်ငါးပါးအလယ်တွင် ထီး
ဖြူစိုက်ကာ အဓိဋ္ဌာန်ပြီး နန်းအပ်ပွဲ လုပ်သည်။ သားတော်ငယ်
ဇေယျသိမ်ဘက်သို့ ထီးဖြူတော်ညွတ်သောကြောင့် ထီးနန်းအပ်ခဲ့
သည်။ ဇေယျသိမ်မင်းသည် ထီးဖြူစိုက်အဓိဋ္ဌာန်ပြုရာ ထီးဖြူညွတ်
ရာ၌ ဘုရားတည်သည်။ 'ထီးလိုမင်းလို ဘုရား'ဟု အမည်တွင်ခဲ့
သည်။ မြန်မာသက္ကရာဇ် ၅၆၉ ခုနှစ် တန်ခူးလဆန်း ၂ ရက်
ကြာသပတေးနေ့တွင် တည်သည်ဟု သိရ၏။ ခရစ်သက္ကရာဇ် ၁၂၈၈
ဖြစ်သည်။

# ဥပါလိသိမ်

ထီးလိုမင်းလိုဘုရားနှင့် မျက်နှာချင်းဆိုင်တွင် ရှိသည်။ ဥပါလိ
မထေရ် သမုတ်ခဲ့သော သိမ်ဖြစ်၍ 'ဥပါလိသိမ်'ဟု အမည်တွင်ခဲ့
သည်။ ဥပါလိမထေရ်သည် ထီးလိုမင်းလိုမင်း (ဇေယျသိမ်)နှင့်
သားတော်ကျစွာမင်းတို့ လက်ထက်တွင် ပုဂံ၌ သီတင်းသုံးခဲ့သည်။
ဥပါလိသိမ်ကို အေဒီ ၁၃၇၁ ခုနှစ်တွင် တည်ခဲ့သည်။

သိမ်တော်မှာ အုတ်နံရံများနှင့် အချိုးအစားကျန လှပ ပြေပြစ်
လျက် ရှိသည်။ အမိုးအလယ်တွင် စေတီငယ်တစ်ဆူကို အထွတ် တင်
ထားသည်။ အမိုးပတ်လည်တွင် ပန်းတောင်ပန်းခက်များနှင့် မျက်
နှာကျက်တွင် ပန်းချီကားများကို လေ့လာနိုင်သည်။ အင်းဝခေတ်
လက်ရာများဟု အကဲခတ်ကြသည်။

ပုဂံလျှောင်လှူပ်စဉ်က တောင်ဘက်စောင်းတန်းနှင့် အရှေ့ဘက်
ဝင်ပေါက်တို့ ပြိုကျခဲ့သည်။ အတွင်းပန်းချီ အတော်များများ ကွာကျ
သည်။



သိမ်တော်၏ ပန်းတောင်ပန်းခက်များမှာ အုတ်အင်္ဂတေနှင့် ပြုလုပ်ထားသော်လည်း သစ်သားဖြင့် ပြုလုပ်ထားသည့်နှယ် လက်ရာ မြောက်လှသည်။ ထင်ရှားကျော်ကြားသော သိမ်တော်တစ်ဆူ ဖြစ်ပါ သည်။

## မြစည်းခုံဘုရား

ဝက်ကြီးအင်းနှင့် ပုဂံအကြား ထီးလိမင်းလိုဘုရားအနီးတွင် ရှိသည်။

# အတွင်းစည်းခုံ

ဖူးဘုရားမှ တောင်ဘက်သို့ တစ်ဖာလုံခန့် သွားရပါသည်။

ပုဂံအုတ်မြို့အနီး အတွင်းဘက်၌ တည်သောကြောင့် လည်း
ကောင်း၊ ရွှေစည်းခုံစေတီတော်ပုံစံနှင့် တူသောကြောင့် လည်းကောင်း
အတွင်းစည်းခုံ'ဟု တွင်ခဲ့သည်။

အတိတ်ဘဝက ဆုပန်ဖက်ဖြစ်သော ရှင်အရဟံ၊ သက်မင်း
ကတုံ၊ မဟာဂီရိနတ်၊ မြေးတော်အလောင်းစည်သူနှင့် ကျန်စစ်သား
မင်းကြီးတို့ စည်းဝေးတိုင်ပင်ရာ၌၊ ကျန်စစ်သားမင်းဖြစ်ချိန်တွင်
တည်သည်ဟု ဆို၏။


မြန်မာသက္ကရာဇ် ၃၃၈ ခုနှစ်တွင် ကြောင်ဖြူမင်းတည်သည်
ဟုလည်း ဆိုကြ၏။

စေတီ၏ ပစ္စယံသုံးဆင့်အထက် မြောက်ဘက်တွင် နတ်စင်
တစ်ခု ရှိ၏။ မင်းကြီး ဘုရားတည်စဉ်က သစ်ပင်ကြီးကို ခုတ်လှဲလို
သောအခါ ရက္ခစိုးမင်းကို ခေတ္တဖယ်ခိုင်း၏။ ဘုရားပြီးသော်
နတ်ရုပ်ထုကာ လိုဏ်ငယ်တွင် ထားသည်ဆို၏။ ယခုအခါ 'မြို့လယ်
မှီနတ်'ဟု အမည်တွင်ကာ ပူဇော်ပသနေကြ၏။

ပုဂံလျှင်လျှပ်စဉ်က ဖောင်းရစ်အထက်ပိုင်း ပြိုကျ ပျက်စီးခဲ့
သည်။

## အာနန္ဒာဘုရား

ပုဂံမြို့အရှေ့ဘက် သရပါတံခါးအနီးတွင် ရှိသည်။ ကျန်စစ်မင်းကြီးကောင်းမှု ဖြစ်သည်။ 'နန္ဒမူလ'ဟု သမုတ်ခဲ့သည်။ ပုဂံတွင် အထင်ရှားဆုံး ပုဂံ၏ကျက်သရေဆောင်ဟုပင် ခေါ်ဆိုနိုင်၏။ဗပိသုကာလက်ရာ၊ ပန်းတမော့လက်ရာ၊ နံရံပန်းချီနှင့် စဥ့်ကွင်းရုပ်လက်ရာများမှာ တန်ဖိုးမဖြတ်နိုင်။ အာနန္ဒာစေတီ၏ ခေါင်းလောင်းပုံမှာ ထူးခြားသည်။ ဟိမဝန္တာတောင်တန်းရှိ နန္ဒလိုဏ်ဂူသဏ္ဍာန် တည်ထား၏။ စတုရန်းပေ နှစ်ရာနီးပါးကျယ်သော ပန္နက်ကွက်၌ လေးမျက်နှာ တံတိုင်း ရံသည်။ မုခ်ပြာသာဒ် တစ်ဆောင်စီ တင်သည်။ တံတိုင်းအတွင်း၌ ဂူပမာပြုလျက် တန်ဆောင်းမကြီး ရှိ၏။ တန်ဆောင်းလေးခု၌ အာရုံခံမုခ်ကွက် လေးခု ရှိသည်။ တန်ဆောင်းမ၏ အထက်မှာ ပစ္စယံအဆင့်ဆင့်တင်၍ ကွမ်းတောင် ပေါက်ထားသည်။ ကွမ်းတောင်၏အထက်တွင် စေတီလုံး တည်သည်။ တန်ဆောင်းမကြီး မုခ်ဝင် မုခ်ထွက်ကို ၃၅ပေ မြင့်သော ကျွန်းတံခါးကြီးများ တပ်ထားခြင်းက ထူးခြားသည်။ တံခါးရွက်ပေါ်က ပန်းကနုတ်လက်ရာများမှာ



အာနန္ဒာဘုရား



ကျန်စစ်သားရုပ်တု

အုံ့မခန်းဖွယ်ပင်။ တန်ဆောင်းမကြီး၏အလယ်ဂူတွင် မတ်ရပ် ဆင်းတုတော်ကြီး လေးဆူကို မုခ်လေးဘက်လေးတန်သို့ မျက်နှာ မူလျက် တစ်ဆူ စီ၊ စင်္ကြံလိုဏ်ပေါက်ငယ်များ၌ ဗုဒ္ဓဝင်ကျောက် ရုပ်များ၊ ဆင်းတုတော်များ၊ နံရံပန်းချီနှင့် စဉ့်ကွင်းရုပ်များ၏ အနုပညာလက်ရာကလည်း လေ့လာစရာ ကောင်းလှသည်။

ပုဂံ သာသနာ့အာဇာနည် ရှင်အရဟံ၏ ကျောက်ရုပ်လုံးပုံ တော်ကို အနောက်ဘက်မျက်နှာ ရပ်တော်မူဘုရား ညာဘက်တွင် ဖူးမြော်နိုင်ပါသည်။ ကျန်စစ်သားမင်းကြီး၏ ရုပ်လုံးကိုလည်း ဘယ် ဘက်တွင် ကြည့်ရှုလေ့လာနိုင်သည်။

ဘုရားရှင်၏ အနန္တပညာကို ရည်မှန်းပြီး 'အနန္တ'ဟု မှည့်ခေါ်ရာမှ 'အာနန္ဒာ'ဟု တွင်လာခြင်းဖြစ်ကြောင်း ဆိုကြသည်။

အာနန္ဒာဘုရားတည်စဉ်က ရဟန္တာနှင့် နတ်သိကြားတို့ပါဝ ရုံမက 'ဗိသုကာအကြီးအမှူး လေးယောက်တို့ နှလုံးတွင် သူရဿ တီနတ်သမီး ဝင်၍ဝပ်၏'ဟု ဆိုသည်။ ထို့ကြောင့် ဗိသုကာလက်ရ မြောက်ခြင်းဟု ဆိုကြသည်။ ပြုလုပ်သော ပန်းရံတို့မှာ ကံကျေ လေးသောင်း၊ ဗိသုကာ လေးရာမျှ ရှိကုန်သတည်း။ ထိုပန်းရံတို့အာ လက်ခရွှေ လေးသိန်းပေး၏ဟုလည်း ဆိုကြသည်။

အာနန္ဒာဘုရားအနောက်မုခ်တွင် စက်တော်ရာကို တည်ထာ သည်။ ဤ စက်တော်ရာမှာ ကျန်စစ်သားမင်းကြီး ကောင်းမှုတော် မဟုတ်ဟု ဆိုကြသည်။

ပုဂံငလျင်လှုပ်စဉ်က ရာနှုန်း ၄၀မျှ ပျက်စီးခဲ့သည်။ ထိပ်စေ နှင့် စောင်းတန်းများ ပြိုကျခဲ့သည်။ ခြသေ့်ရုပ်များပါ ပြိုကျခဲ့သည်




## အာနန္ဒာအုတ်ကျောင်း

အာနန္ဒာဘုရား မြောက်ဘက်တွင် ရှိသည်။ သက္ကရာဇ် ၁၁၃၇ ခုနှစ်တွင် ပုဂံမော်ကွန်းထိန်း ဥက္ကနရာဇာ တည်သည်ဟု ဆို၏။ အုတ်ကျောင်းအောက်ထပ်တွင် နံရံပန်းချီများကို ထင်ရှားစွာ လေ့လာနိုင်သည်။

ပုဂံငလျင်လှုပ်စဉ်က အပေါ်ထပ် အရှေ့ဘက်ခြမ်းနှင့် လှေကားတစ်ခု ပြိုကျခဲ့သည်။ အုတ်ကျောင်းအတွင်း မြောက်ဘက်နံရံမှ အင်္ဂတေများ ကွာကျ၍ ပန်းချီလက်ရာများ ပျက်စီးခဲ့သည်။

ပန်းရွှေပြည်စာအုပ်တိုက်



## ရွှေဆံတော်ဘုရား


အာနန္ဒာရား အနောက်ဘက်မုခ်မှထွက်ပြီး တောင်ဘက်သို့ နှစ်ဖာလုံခန့် သွားရပါသည်။

အနော်ရထာမင်း၏ ကောင်းမှုတော်ဘုရား ဖြစ်သည်။ အောက်ခြေ ပစ္စယံငါးဆင့်ပေါ်တွင် စေတီတည်ထားသောကြောင့် ထုထည်ကြီးမားလှပေသည်။ ပစ္စယံအဆင့်ဆင့်တွင် လှေခါးရှိသဖြင့် အပေါ်သို့ တက်ရောက်နိုင်ပါသည်။ လောကနန္ဒာစေတီကဲ့သို့ပင် ပုဂံခေတ်ရှေ့ကျသော စေတီလုံး ဖြစ်သည်။

မြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူကို တဖုဿနှင့် ဘလ္လိက ညီနောင်တို့ ပင့်ဆောင်လာကြပြီး သိင်္ဂုတ္တရကုန်းမြေတွင် စေတီနှစ်ဆူ တည်သည်။

သာသနာသက္ကရာဇ် ၁၀ နှစ်တွင် သရေခေတ္တရာပြည် ဒွတ္တဘောင်မင်းကြီးသည် ဘလ္လိကစေတီမှ ဆံတော်လေးဆူကို ပင့်ဆောင်သွားသည်။ သရေခေတ္တရာပျက်သော် မွန်မင်းတို့က ဆံတော်တို့ကို ပင့်ဆောင်သွားကာ ရွှေမော်ဓောစေတီ၌ နှစ်ဆူ၊ ကျိုက်ကို့စေတီ၌ တစ်ဆူ ဌာပနာသည်။ ကျန်တစ်ဆူကို နန်းတော်၌ပင်ကိုးကွယ်သည်။

ပဲခူးကို ရှမ်းစစ်သည်တို့ဝင်သော် မွန်မင်းသည် အနော်ရထာမင်းထံ စစ်ကူတောင်း၏။ အနော်ရထာမင်းလည်း ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးတို့ကို ဦးဆောင်စေလျက် စစ်ကူလွှတ်သည်။ ရှမ်းစစ်သည်တို့ ပြေးသော် မွန်မင်းလည်း ကျေးဇူးကြီးလှသဖြင့် အနော်ရထာမင်းထံ မင်းအဆက်ဆက်ကိုးကွယ်ခဲ့သော ဆံတော်ကို ဆက်သလေသည်။ အနော်ရထာမင်းလည်း မွန်မင်းတို့နည်းတူ နန်းဦးတွင်ထား၍ ကိုးကွယ်၏။ ရှင်အရဟံမထေရ်က သတ္တဝါအများ ကိုးကွယ်နိုင်မှ အကျိုးပွားအံ့ဟု မိန့်တော်မူသဖြင့် 'မဟာပိန္နဲ'ခေါ် 'ရွှေဆံတော်စေတီ'ကို မြန်မာသက္ကရာဇ် ၄၁၉ ခုနှစ်တွင် တည်သည်ဟု ဆို၏။



## ရွှေသာလျောင်းဘုရား

ရွှေဆံတော်စေတီအနီးတွင် လျောင်းတော်မူ ဗုဒ္ဓကိုယ်ပွားတော်ကြီး တစ်ဆူရှိ၏။ အုတ်တိုက်ကြီးထဲတွင် ဖြစ်ပါသည်။ ပုဂံဒေသရှိ လျောင်းတော်မူကိုယ်ပွားတော်များအနက် ရှေးအကျဆုံး ဖြစ်ပါသည်။ လက်ရာလည်း ကောင်းလှပါသည်။ ဘုဏ်တော်မှာ ပေ ၆၀ ခန့်ရှိသည်။ တောင်ဘက်သို့ ဦးခေါင်းပြုထားပြီး ဘုရားရှင် ပရိနိဗ္ဗာန်ပြုဟန်ဖြစ်သည်။ ၁၁ ရာစုလက်ရာ ဖြစ်ပါသည်။

ပုဂံငလျင်လှုပ်စဉ်က လျောင်းတော်မူခေါင်းရင်းဘက်အမိုးအနည်းငယ် ပျက်စီးခဲ့သည်။

## လောကထိပ်ပန် ဂူဘုရား

ရွှေဆံတော်ဘုရားကြီးသို့ အဝင် အနောက်ဘက်ခြမ်း ယာမြေစပ်တွင် ရှိပါသည်။ ဂူဘုရားအမျိုးအစား ဖြစ်သည်။ အဆောက်အဦး ငယ်သော်လည်း လှူသိများ ထင်ရှားသည်။

ဂူဘုရားအတွင်း၌ ဇာတ်နိပါတ်တော်လာ ကောက်နုတ်ချက်များ၊ ဇာတ်ကြီးဆယ်ဖွဲ့ဆိုင်ရာ အကြောင်းအရာများ၊ နှစ်ကျိပ်ရှစ်ဆူဘုရားများဆိုင်ရာ အကြောင်းအရာများ၊ မြတ်စွာဘုရားရှင်၏ လက်ခဲ့ညှပ်ရိုးတော်ရှိရာ သမိုင်းအထောက်အထားများကို မြန်မာဘာသာဖြင့် မင်စာများ ရေးထားသည်။

## ဓမ္မရံကြီးဘုရား

အာနန္ဒာဘုရားကြီး၏ အနောက်ဘက်မုခ်ဝမှ ထွက်ပါ။ မင်းနန်သူရွာဘက် သွားလမ်းအတိုင်း သွားပါ။ လမ်းတောင်ဘက်ခြမ်းတွင် လမ်းခွဲတစ်ခု၊ ထိုလမ်းခွဲဝတွင် ပေါ်တော်မူဘုရား။ ပေါ်တော်မူဘုရားမှ လမ်းအတိုင်း ချိုးကွေ့ဝင်သွားပါ။ ဓမ္မရံကြီးကို ရောက်ပါသည်။

'အမြင့် သဗ္ဗညု၊ ထု ဓမ္မရံ'ဆိုသည်အတိုင်း ဓမ္မရံကြီးစေတီ၏ ထုထည်ခံ့ညားကြီးမားမှုကို တွေ့ရပါမည်။

ဓမ္မရံကြီးကို မြန်မာသက္ကရာဇ် ၅၄၅ ခုနှစ်တွင် နရသူမင်း၊ (အလောင်းစည်သူကို နာမကျန်းခိုက်သတ်သော သား) တည်သည်။ နန်းသက် လေးနှစ်သာ စိုးစံရသည်။ ထို့ကြောင့်လည်း ဓမ္မရံကြီးသည် ထုကြီးထည်ကြီးဖြစ်သလောက် အချိုးကျကျ ပြီးစီးမသွားရဘဲ အပေါ်



ပိုင်းသည် ပြီးလွှယ်စီးလွှယ်နိုင်လှသည်။ အောက်ပိုင်းထုနှင့် မလိုက်အောင် သေးငယ် အဖျားရှူးလွန်းသည်။

ဓမ္မရံကြီးတည်သူ၏ အတွက်ကြီးပုံမှာ အုတ်တစ်ချပ်နှင့် တစ်ချပ်ကြား အပ်ဖြင့်ထိုးကြည့်ပြီး အပ်ဝင်သွားပါက ဗိသုကာဆရာကို သတ်သည်ဆို၏။ သူ၏ဘုရားကို ထု,ကောင်း၊ လက်ရာကောင်း အခိုင်အမာဖြစ်လိုဟန် တူသည်။ အခြားအခြားသော ဘုရင်တို့ထက်သာလိုဟန် တူသည်။ သို့သော် ဘုန်းကံမရှိသော ဘုရင်သည် သူတစ်ပါးသတ်၍ ဘုန်းကံမဲ့စွာဖြင့် သေရ၏။ မိဖုရား ပဋ္ဋိက္ကယား မင်းသမီးကို အမျက်ဒေါသထွက်ပြီး သတ်မိရာ ပဋ္ဋိက္ကယားမင်းကြီး ကြားသိသော် ကုလားသူရဲကောင်းတို့ကိုလွှတ်ပြီး သတ်စေ၏။ ထို့ကြောင့်'ကုလားကျမင်း'ဟု ရာဇဝင်၌ ဆိုကြ၏။

ပန်းရွှေပြည်စာအုပ်တိုက်

ဓမ္မရံကြီးသည် ထုကြီးသော်လည်း ခံ့ထည်မှုထက် မှိုင်းညို့ချောက်ချားမှုကို ပို၍ဖြစ်စေနေသယောင် ထင်ရ၏။

'ဓမ္မရံသီ'ဟူသော မထေရ်မြတ်သည် ထိုစေတီအနီး သီတင်းသုံးတော်မူရာမှ ဘုရားဘွဲ့တော်မှာ 'ဓမ္မရံသီ' တွင်ခဲ့ပြီး၊ ထိုမှ 'ဓမ္မရံကြီး' ဖြစ်လာသည်။

ဓမ္မရံကြီးကို တံတိုင်းအောက်ခြေမှနေ၍ အဆောက်အဦးကြီး ကြီးမားပုံကို ကြည့်နိုင်သလို အပေါ်မှလည်း တက်ကြည့်နိုင်ပါသည်။

ပုဂံလျှင်လှုပ်စဉ်က ကွမ်းတောင်ပိုင်းပတ်လည်နှင့် အနောက်တောင်ထောင့်စေတီ ပြိုကျပျက်စီးခဲ့သည်။ တောင်ဘက်ဆင်းတုတော်ဦးခေါင်းကျိုးကျပြီး၊ အတွင်းအင်္ဂတေအချို့ ကွာကျခဲ့သည်။

## သဗ္ဗညုဘုရား

အာနန္ဒာဘုရား၏ အနောက်တောင်ဘက် တစ်ဖာလုံခန့်တွင် ရှိသည်။

ထုထည် ကြီးမားခံ့ညားလှ၏။ နှစ်ထပ် အခြေခံပေါ်တွင် စေတီတည်ထားသည်။ နံရံကို ထွင်းကာ စောင်းတန်း သွင်းထည့်ထားခြင်းဖြစ်ရာ၊ မြန်မာ့ဆောက်အဦးသမိုင်းတွင် ဆန်းသစ်တီထွင်ခြင်း ဆိုရပေမည်။

လိုဏ်ဂူလမ်းကြီး ပေါင်းကူးထားပုံ၊ အမိုးပြုလုပ်ထားပုံတို့မှာ ထူးခြားသော ပန်းရံလက်စွမ်းပြခြင်း ဖြစ်သည်။

မနူဟာစေတီကဲ့သို့ပင် တိုက်စေတီ ဖြစ်ပါသည်။

မြန်မာသက္ကရာဇ် ၄၈၅ ခုနှစ်တွင် အလောင်းစည်သူမင်းကြီး



## သဗ္ဗညုဘုရား

အာနန္ဒာဘုရား၏ အနောက်တောင်ဘက် တစ်ဖာလုံခန့်တွင် ရှိသည်။

ထုထည် ကြီးမားခဲ့ညားလှ၏။ နှစ်ထပ် အခြေခံပေါ်တွင် စေတီတည်ထားသည်။ နံရံကို ထွင်းကာ ဓာင်းတန်း သွင်းထည့်ထား ခြင်းဖြစ်ရာ၊ မြန်မာ့ဆောက်အဦးသမိုင်းတွင် ဆန်းသစ်တီထွင်ခြင်း ဆိုရပေမည်။

လိုဏ်ဂူလမ်းကြီး ပေါင်းကူးထားပုံ၊ အမိုးပြုလုပ်ထားပုံတို့မှာ ထူးခြားသော ပန်းရံလက်စွမ်းပြခြင်း ဖြစ်သည်။

မန္ဒူဟာစေတီကဲ့သို့ပင် တိုက်စေတီ ဖြစ်ပါသည်။

မြန်မာသက္ကရာဇ် ၄၈၅ ခုနှစ်တွင် အလောင်းစည်သူမင်းကြီး တည်ထားခဲ့သည်။ မင်းကြီးသည် ရှင်အရဟံ၊ စိမ်းညက်မင်းသား တော် မဟာထေရ်၊ ရှင်အာနန္ဒာ စသော သံဃာတော်တို့နှင့် တိုင်ပင်ပြီး၊ ဘုရားရှင်လက်ထက် ရှင်မဟာမောဂ္ဂလန်က ကျောင်းအစ်မကြီး ဝိသာ ခါအတွက် စီရင်ပေးသော ပုဗ္ဗာရုံကျောင်းနှင့် သဏ္ဍာန်တူအောင် ဆောက်လုပ်စေခဲ့သည်။ တိုင်းနိုင်ငံအရပ်ရပ်မှ ဆက်သသော ဓာတ် တော်များကို ဌာပနာပြုသည်။ အချိန်တစ်သောင်းရှိ ကြေးခေါင်းလောင်း ကြီးကို သွန်းလုပ်လှူခဲ့သည်။ ယခုအခါ ဘုရားအရှေ့တောင်ထောင့် တွင် ခေါင်းလောင်းတိုင်ကြီးများသာ ရှိတော့သည်။

သဗ္ဗညုဘုရားတည်စဉ်က အုတ်တစ်ဖိုလျှင် တစ်ချပ်နှုတ်ကာ ယင်းအုတ်တို့ဖြင့် ဘုရား (ဂရိ့ဘုရား) တည်နိုင်သည်အထိ အုတ်ချပ် များစွာ သုံးခဲ့ရသည်။ သဗ္ဗညုဘုရား၏ အရှေ့မြောက်စောင်းတန်းနှင့် ကပ်လျက်နေရာတွင် 'ဂရိ့ဘုရား'ကို တွေ့မြင်နိုင်သည်။



ပန်းရွှေပြည်စာအုပ်တိုက်

သဗ္ဗညုဘုရားအထက်မှ ကြည့်ပါက ရှုခင်းကောင်းသည်။ အရှေ့တောင်ဘက်တွင် တုရွင်းတောင်၊ အရှေ့နှင့် အရှေ့မြောက်ဘက်တွင် မီးမလောင်ကျောင်းနှင့် ဧရာဝတီမြစ်၊ ဧရာဝတီတစ်ဘက်ကမ်းမှာ တန့်ကြည်တောင်တန်း၊ ထို တန့်ကြည်တောင်ထိပ်တွင် မြတ်စွာဘုရားရှင်သည် အာနန္ဒာအား ထိုနေရာ၌ ပုဂံမြို့ ဖြစ်ပေါ်မည်ဟု ဗျာဒိတ်ပေးခဲ့သည်။

သဗ္ဗညုဂူအတွင်းရောက်လျှင် အောက်ခြေကို တစ်ပတ် ပတ်ကြည့်ပြီး ထုထည်ကြီးမားပုံကို လေ့လာကြည့်ပါ။ အထက်ပစ္စယံအတွင်း အတွင်းပတ်လမ်း၏ အခန်းဖွဲ့စည်းမှုက ပုဂံခေတ် ဗိသုကာလက်ရာကို ဖော်ပြပါလိမ့်မည်။ အထက်ပစ္စယံဘေးပေါက်များမှ အပြင်သို့ကြည့်မျှော်လိုက်လျှင် ပုဂံ၏ မြင်ကွင်းကျယ်အလှကို ကြည့်နူးစွာ ခံစားရပါလိမ့်မည်။

အမြင့် ၂၀၁ ပေ ရှိသည်။ 'ပုဂံမျှော်စင်'ဟုပင် ခေါ်ဆိုကြသည်။

ပုဂံငလျင်လှုပ်စဉ်က အပေါ်ပိုင်းများ ပျက်စီးခဲ့သည်။ အထူးသဖြင့် အနောက်တောင်ထောင့်ပိုင်း၌ အပျက်အစီး ပိုများခဲ့ပါသည်။



## ကျောက်နွားတောင်းဘုရား

သဗ္ဗညုဘုရားအနီးတွင် ရှိသည်။ နွားတောင်းကြီးကို စောင်းထားပုံနှင့် တူ၏။


တောင်သူကြီးမင်း ကောင်းမှုဟု ဆိုသည်။ စဥ့်အုတ်ချပ်တို့ဖြင့် တည်ဆောက်ခြင်းကြောင့် တရုတ်အငွေ့အသက် မကင်းဟု ဆိုကြသည်။

သူရဲမင်းတည်၍ 'သူရဲပုထိုး'၊ 'စည်ပုထိုး' ဟုလည်း အမည်တွင်ခဲ့သည်ဆို၏။

ဗာရာဏသီ မိဂဒါဝုန်တောရှိ ဓမ္မစကြာ စေတီတော်နှင့် တူသည်ဟု ဆိုကြသည်။

စေတီလုံးပတ်သည် စက်ဝိုင်းပုံအောက်ခံအမြင့်တွင် တည်ရှိပြီး အထက်ဘက်သို့ သွားသည်။ စေတီအထက်တွင် အထွတ်ရှိသည့် ပုံမျိုးဖြစ်၏။ ယခု အမြင့်ပေ ၄၀ ကျော်ရှိသည်။ စဥ့်အုတ်စိမ်းတို့ကို အသုံးပြုထား သည်။

**ပန်းရွှေပြည်စာအုပ်တိုက်**



ကာဠုဒေဝီရသေ့သည် ဘုရားလောင်းအား
ဖူးမြော်ဟန် [ပုထိုးသားများဘုရားမှ]

# ပုထိုးသားများဘုရား

ကျွဲနွားတောင်း ဘုရားပုထိုးမှ အနောက်ဘက်သို့ သွားသော လမ်းနံဘေးတွင် တည်ရှိပါသည်။ တောင်သူကြီးမင်းကောင်းမှု ဖြစ်သည် ဆို၏။

ဂူဘုရားမျိုး ဖြစ်၏။ ဂူ၏ အပေါ်ပိုင်းအလယ်တွင် ပုထိုးကြီးရှိပြီး အပေါ်ဘေးပတ်လည် တိုက်မ၏အပြင်ထိပ်များတွင် ပုထိုးငယ်များ ပြုလုပ်ထားသောကြောင့် 'ပုထိုးသားများ'ဟု ဆိုကြသည်။

အလယ်ပုထိုးကြီး၏ လေးမျက်နှာတွင် ဗုဒ္ဓဆင်းတုတော်များ ထားရာ မုခ်ပေါက်ငယ်များ လုပ်ထားသည်။

အောက် အတွင်းဆောင်ပတ်လမ်းတွင် နံရံဆေးရေးပန်းချီများကို ရေးမွန်စာဖြင့် သရုပ်ဖော်ထား၏။

ပုဂံငလျင်လှုပ်စဉ်က အလယ်စေတီကြီး၏ ဖောင်းရစ်များနှင့် စေတီငယ်အချို့ ပျက်စီးခဲ့သည်။



နတ်လှောင်ကျောင်း

## နတ်လှောင်ကျောင်း

သဗ္ဗညုစေတီတော်ကြီးအနီးတွင် တည်ရှိသည်။ ဟိန္ဒူဘုရားကျောင်းနှင့် တူသည်။ ဗိဿနိုး သိဝရုပ်ထုများ ထား၍ ကိုးကွယ်ခဲ့သောကျောင်းဟု ဆိုကြသည်။ အိန္ဒိယတိုင်းသားတို့သည် ပုဂံ၌ များခဲ့ကြဟန် တူသည်။ ထို့ကြောင့်ပင် ရှေးစကားအဆိုတစ်ခု၌ 'တောင်တွင်းမှန်ကတူး၊ ရေဦးမှန် ကသည်း၊ ရမည်းသင်းမှန် ရှမ်း၊ ပုဂံမှန် ကုလား'ဟု ဟု ကြားဖူးပါသည်။

ကျွန်စစ်သားမင်းကိုယ်တိုင်ပင် နတ်ဘဝမှလာကြောင်းကို ဗြဟ္မဏအယူဝါဒ အတော်အတန်ကြီးမားနေသော ပုဂံခေတ်အခါက ကြေညာထားရသည်ဟု ဆို၏။

၁၉၅၅ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့ညက စာပေဗိမာန်တွင် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာထင်အောင်က 'ပုဂံခေတ်တွင် ကိုးကွယ်ခဲ့ကြသော နတ်ကြီးငါးပါးကို အနော်ရထာမင်းက ဖမ်းလှောင်ထည့်ထားသော ကျောင်းဖြစ်၍ 'နတ်လှောင်ကျောင်း'ဟု ခေါ်ကြောင်း ဟောပြောခဲ့သည်' ဆို၏။

နတ်လှောင်ကျောင်းသည် လေးထောင့်အညီဖြစ်၍ လေးပေခန့်မြင့်သောအုတ်ခုံပေါ်တွင် ဆောက်ထားသည်။ ကျောက်ရုပ်လုံးရုပ်ထုများထားရှိရန် နံရံ၌ လိုဏ်ငယ်များ လုပ်ထားသည်။ ဟိန္ဒူတို့၏ ဗိဿနိုးနတ်ဘုရားကျောင်းဟု ယူဆကြသည်။ နတ်လှောင်ကျောင်းအတွင်းရှိ ဗုဒ္ဓအဝတာရဆင်းတုတော်မှာလည်း ဟိန္ဒူတို့အလိုအရ နဝမမြောက် ဗုဒ္ဓအဝတာရအနေဖြင့် ကိုးကွယ်ထားရှိခြင်း ဖြစ်နိုင်ကြောင်း ယူဆကြသည်။ နတ်လှောင်ကျောင်းသည် မင်းနှင့်တကွ ပုဂံပြည်သူပြည်သားတို့ ဆည်းကပ်ရာမဟုတ်ကြောင်းလည်း ယူဆကြသည်။

နတ်လှောင်ကျောင်းကို 'ခရစ် ၉၃၁ ခုနှစ်တွင် တောင်သူကြီးမင်း တည်ဆောက်ကြောင်း ထင်မြင်ယူဆကြသည်' ဟု ဦးလူဖေဝင်း က ရေးသားခဲ့ဖူးသည်။

သို့သော် ကျောင်းပုံပန်းသဏ္ဍာန် ကျောင်းနံရံ၌ မွမ်းမံထားသော ရုပ်ထုလက်ရာတို့က မဖြစ်နိုင်ကြောင်း၊ ထို့ထက် နောက်ကျကြောင်း၊ ထို့အပြင်တောင်သူကြီးမင်းလက်ထက် တည်ဆောက်ကြောင်း စာပေအထောက်အထားလည်း မရှိကြောင်းဖြင့် ဒေါက်တာဟာဟန်ဂျန်ရေးက ရေးသားခဲ့ပါသည်။

ရှေးကမ္ဗည်းကျောက်စာဌာန ပညာရှင်ကြီးဒရော်ဇာ၏ ပုဂံဘုရားသမိုင်းလက်ရေးစာမူတွင် 'သထုံကို သွားတိုက်ပြီးအပြန်၌ အနော်ရထာဘုရင်သည် နတ်လှောင်ကျောင်းကို တည်သည်။ (ခရစ် ၁၀၅၇ ခုနှစ်)။ ဤသို့ ဖြစ်ကောင်းဖွယ်ရာပင်။ သို့သော် အထောက်အထား ကင်းသည်။ ၎င်းအပြင် ကျောက်စာတို့တွင်ပါသည့် အချက်များအရ သီဟိုဠ်စံနစ် တောင်ပိုင်းဗုဒ္ဓဘာသာတွင် သက်ဝင်ကြည်ညိုလေးစားလွန်းလှသော အနော်ရထာသည် ဟိန္ဒူဘုရားကျောင်းတစ်ဆောင် တည်ထောင်သည်အထိ ပြုစွမ်းလိမ့်မည်လောဟု သံသယဖြစ်ရသည်။”ဟု ဖော်ပြထားသည်။

မြင်းကပါအရပ်၌ တမီလ်ဘာသာဖြင့် ရေးသားထားသော ၁၃ ရာစုခန့် ထိုးသည်ဟုယူဆရသော ကျောက်စာတစ်ချပ်တွင် တွေ့ရသည့် အတိုင်းဆိုလျှင် အရိမဒ္ဒနပူရပြည် ပုဂံ၌ တိုင်းနိုင်ငံအနှံ့မှ လာသူတို့၏ ဗိသာနိုးနတ်ဘုရားကျောင်း (နာနာဒေစီဗွင် နဂရဝိလဝါ)၌ ဗိသာနိုး ကိုးကွယ်သော သူတော်စင်တစ်ဦးက ဆင်ဝင်ဆောင်နှင့် တံခါးပေါက် လှူကြောင်း ပါရှိသည်။

ပုဂံငလျင်လှုပ်စဉ်က အထက်အုတ်များ ပြိုကျပျက်စီးခံခဲ့ရသည်။



## ရွှေဂူကြီးဘုရား

သဗ္ဗညုဘုရား၏ တောင်ဘက်တွင် ရှိပါသည်။ သဗ္ဗညုဘုရားမှ အနည်းငယ်သွားသော် ယာတော်ကြီးခေါ် နန်းတော်နေရာ၌ ရွှေဂူကြီး ဘုရားကို ဖူးတွေ့ရပါမည်။

ရွှေဂူကြီးသည် တင့်တယ်ပြေပြစ်ရာ၌ ထူးခြားသည်။ ရွှေဂူကြီး ဘုရားတည်သောကာလသည် ခုနှစ်လမ္ဘာ ကြာသည်။ ၁၁၃၁ ခုနှစ်တွင် အလောင်းစည်သူမင်းကြီးသည် ရှင်အရဟံ၊ မဟာထေရ် (စိမ်းညက်မင်း၏သားတော်)၊ ရှင်အာနန္ဒာတို့နှင့် တိုင်ပင်ကာ သာဝတ္ထိ ပြည် ဇေတဝန်ကျောင်းရှိ ဂန္ဓာကုဋိတိုက်ပုံတော် တည်ပြီး 'ရွှေဂူကြီး' ဟူသောဘွဲ့ သမုတ်တော်မူကာ နန်းဦးမဟာစေတီကို တည်သည်။

ကုလားကျောင်းခံ ဘုရားပုံမျိုး ဖြစ်သည်။ အထက်ပစ္စယံနစ်ဆင့်တွင် ထောင့်တိုင်း၌ စေတီငယ်များ ရှိသည်။ အလယ်ကွမ်းတောင်ထိပ်၌ စေတီငယ်တစ်ဆူရှိပြီး မဟာရံတံတိုင်းတွင်း စိန်တောင်များ ပတ်လည်ရှိသည်။

အတွင်းဘက်နံရံ ကျောက်ပြားနှစ်ချပ်ပေါ်တွင် စေတီသမိုင်းကို ရေးထိုးထားသည်။

ဤဘုရားအတွင်းတွင်ပင် နာမကျန်းဖြစ်နေသော အလောင်းစည်သူမင်းကို သားတော်နရသူက အဝတ်ဖြင့် ဖိသတ်ခဲ့သည်ဟု ဆိုသည်။

ပုဂံလျှောင်လှုပ်စဉ်က ကွမ်းတောင်တစ်ခုလုံး ပြိုကျခဲ့သည်။ တောင်ဘက်နှင့် မြောက်ဘက်ရှိ မုခ်တက်များ ပြိုကျသည်။ အတွင်း အင်္ဂတေများ ပြိုကျသည်။



သံတော်ကြားဘုရား

ပန်းရွှေပြည်စာအုပ်တိုက်

# သံတော်ကြားဘုရား

ရွှေဂူကြီး၏ အရှေ့တောင်ဘက်တွင် ရှိသည်။

ပုဂံနန်းတော်နှင့် နီးကပ်သည့်နေရာတွင် ရှိသည့်အတွက် ဘုရားပရိဝုဏ်နေရာမှပင် ဘုရင့်အမိန့်တော်အသံတော်ကို ကြားနေရသောကြောင့် 'သံတော်ကြားဘုရား'ဟု တွင်ကြောင်း အဆိုရှိကြသည်။

နန်းတော်တွင်းက မင်းကြီး သမ်းဝေတော်မူသံကိုပင် ကြားရသောနေရာ၌ တည်သောကြောင့် 'သမ်းတော်ကြား'၊ နောင်အခါ 'သံတော်ကြား'ဖြစ်လာသည်ဟုလည်း ဆိုကြသည်။

တိုက်ငယ်အတွင်းရှိ ဆင်းတုတော်မှာ ဉာဏ်တော်အမြင့် ၁၉ ပေခွဲခန့် ရှိသည်။ သဲ၊ ကျောက်စိမ်း အနုချပ်များဖြင့် စီကာ တည်ထားသော ဆင်းတုတော်ကြီး ဖြစ်သည်။

၁၂၈၄ ခုနှစ်တွင် နရသီဟပတေ့မင်းကြီး တည်သည်ဟု လည်းကောင်း၊ ကျန်စစ်သားမင်းကြီး တည်သည်ဟု လည်းကောင်း ဆိုကြလေသည်။


## မဟာဗောဓိဘုရား

ရွှေဂူကြီးဘုရားမှ အနောက်မြောက်ဘက်တွင် ရှိသည်။ အရှေ့ဘက်သို့ မျက်နှာပြုထားသည်။

သရပါတံခါးမှ ပုဂံမြို့တွင်းဝင်ပြီး ညာဘက်ကို ချိုးသွားပါ။ သစ်ပင်အုပ်အုပ်ဆိုင်းဆိုင်းတို့ကြား၌ မဟာဗောဓိစေတီကို တွေ့ရပေမည်။


သက္ကရာဇ် ၅၇၇ ခုနှစ်တွင် ထီးလိုမင်းလို ခေါ် နားတောင်းများမင်းကြီး တည်သည်။ ဂူအတွင်းအပေါ်ထပ်တွင် ဗောဓိသတ္တဆင်းတုနှင့် အောက်ထပ်တွင် ဗုဒ္ဓဆင်းတုတော်ကြီး တစ်ဆူစီ ရှိသည်။

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာဒေသရှိ မြတ်စွာဘုရား သဗ္ဗညုတရွှေဉာဏ်တော်ရရာ မဟာဗောဓိပင်အနီးက မဟာဗောဓိစေတီပုံစံတူ တည်ထားခြင်း ဖြစ်သည်။ မဟာဗောဓိစေတီအနီးတွင် မဇ္ဈိမဒေသရှိ သတ္တဋ္ဌာနစေတီများကို တည်ထားသည်။



မဟာဗောဓိဘုရားပုံစံသည် တစ်နိုင်ငံလုံး၌ တစ်ခုတည်းသာ ရှိသည်။

ပုဂံလျှောင်လှုပ်စဉ်က အတွင်းစေတီ လုံး၀ ပြိုကျသွားသည်။ စေတီယံအချို့ပါ ပျက်စီးကုန်သည်။ မုခ်အထက် ပေါင်းကူးလည်း ပျက်စီးခဲ့သည်။



ဖူးဘုရား

မဟာဗောဓိဘုရားမှ အနောက်မြောက် မြစ်ကမ်းဆိပ်အရောက် သွားပါ။ နှစ်ဖာလုံခန့် ဝေးပါသည်။ ဧရာဝတီမြစ်ကမ်းပါး၌ ဖူးဘုရားကို ဖူးတွေ့ရပါမည်။

'ပုဂံအစ ဖူးဘုရားက' ဟု ဆောင်ပုဒ်လုပ်ရမည်ဖြစ်သော ဖူဘုရားကို ပြုစောထီးမင်း တည်သည်။

ဖူးဘုရားနှင့်အတူ ကျားသတ်ဘုရား၊ ရှုးပျံဘုရား၊ ဝက်သတ်ဘုရား၊ ငှက်ပစ်တောင်ဘုရား၊ လေးနှင်ဘုရား၊ မြားသဘုရား (မြားသဥမင်)၊ သမီးဝှက်ဘုရား၊ ငှက်ပစ်တောင်ဘုရားဟူ၍ ကိုးဆူရှိသည်။



ပြူစောထီးမင်း နန်းတက်သောအခါ ဗူးပင်ပေါက်ရာနေရာ၌ ဗူးဘုရားကို တည်ခဲ့သည်။ ထိုဗူးပင်သည် တစ်မြို့လုံးကို ဗူးနွယ်များဖြင့် လွှမ်းခြုံလုမတတ် အပင်သန်ခဲ့သည် ဆို၏။ နေ့၌ခုတ်လှျင်ညဉ့်၌ ပြန်ပေါက် ပြန်ကြီးပွားသည် ဆို၏။ ထိုဗူးပင်ကို ပြူစောထီးမင်းနှိမ်နင်းမှ ရှင်းလင်းနိုင်တော့သည် ဆို၏။ ထိုနေရာ၌ ဗူးသီးပုံသဏ္ဌာန် ဗူးဘုရားကို တည်သည်ဆို၏။


ပုဂံငလျင်လှုပ်စဉ်က ဗူးဘုရားမှာ လုံး၀ ပျက်ပြိုသွားလေသည်။ မူလပုံစံထက် တစ်ပေ အမြင့်တိုးပြီး ပြန်တည်ခဲ့သည်။ မြေအောက်ကိုလည်း ခုနစ်ပေ အုတ်မြစ်ချကာ ထိုစဉ်က ငွေကျပ် သုံးသိန်းကုန် ပြန်တည်ခဲ့၏။

ဖူးဘုရားသည် မင်းတုန်းမင်းလက်ထက်နှင့် အင်္ဂလိပ်ခေတ်တွင် မြစ်ရေတိုက်စားခံရပြီး နှစ်ကြိမ် ပြိုကျခဲ့ဖူးသည်။

ဖူးဘုရားကို ဧရာဝတီမြစ်အတွင်းမှကြည့်လျှင် မြင်ကွင်း ပိုတင့်တယ်ပါသည်။ ဖူးဘုရား၏ အောက်ခြေစိန်တောင် အဆင့်ဆင့် ကြောင့် ထင်းထင်းပပ မြင်တွေ့ရပါမည်။

ပုဂံလျှင်လှုပ်စဉ်က ဖူးဘုရားမှရသော ဌာပနာများတွင် အင်္ဂလိပ်ခေတ်လက်ရာ ယွန်းထည်၊ ဆံထိုး၊ ကျောခေါင်းတံဆိပ် ငွေဒင်္ဂါးများ တွေ့ရသည်။

ဖူးဘုရားဈေးသည် စည်ကားသည်။ ပစ္စည်းမျိုးစုံ ရနိုင်သည်။



## တန့်တော့ပလ္လင်ဘုရား

ဖူးဘုရားမှ တောင်ဘက်သို့ သုံးဖာလုံခန့် သွားပါ။ အနောက်ဘက်သို့ချိုးသော လမ်းအတိုင်းသွားပါက ရောက်ပါသည်။ ဧရာဝတီမြစ်ကမ်းတွင် မြင့်မားစွာ ဖူးတွေ့ရပါမည်။ 'ဂေါဓောပလ္လင်' 'ဂေါပလ္လင်'ဟုလည်း ခေါ်ဆိုခဲ့ကြသည်။

သာသနာသက္ကရာဇ် ၅၆၅ ခုနှစ်တွင် နရပတိစည်သူမင်းကြီး တည်ပြီး၊ သားတော်နားတောင်းများမင်းက သက္ကရာဇ် ၅၈၈ တွင် ပြီးစီးအောင် ဆောင်ရွက်ခဲ့သည်။ ဂူဘုရား အမျိုးအစားဖြစ်ပြီး၊ ဗုဒ္ဓဆင်းတုတော် နှစ်ဆူကို အပေါ်ထပ်တွင် တစ်ဆူ၊ အောက်ထပ်တွင် တစ်ဆူ ပဓာနထားပြီး တည်ဆောက်ထားသော နှစ်ထပ်ဘုရားကြီး ဖြစ်သည်။

ကန်တော့ပလ္လင်ဘုရားအကြောင်း လေ့လာလျှင် ပုဂံညှပ်ကြီး အကြောင်းကိုလည်း ချန်လှပ်၍ ရမည်မဟုတ်ပါ။ အလောင်းစည်သူ မင်းကြီးလက်ထက်၌ ပုဂံတွင် တရားမမှန်သူကို ညှပ်ပြီး တရားမှန်သူကို မညှပ်သော ညှပ်ကြီးတစ်ခု ရှိခဲ့သည်။ ထိုညှပ်ကြီးကို ပလ္လင်၌ထားပြီး တရားစီရင်ရာတွင် အသုံးပြုခဲ့သည်။ ပရိယာယ်မာယာ များလှသော လူတို့ကြောင့် တရားမှန်ကို မပြုနိုင်တော့သောအခါ ပုဂံညှပ်ကြီး ပျောက်ကွယ်သွားရတော့သည်။

ထိုညှပ်ကြီး မရှိတော့သောအခါ ညှပ်ကြီးထားရာပလ္လင်၌ ဂေါစ၊ ဂေါစီ ဟူသော ဘီလူးနှစ်ယောက် ရောက်လာပြီး တရားမမှန်သူကို တင်းပုတ်နှင့် ထုသည်ဆို၏။

အလောင်းစည်သူမင်းကြီးလည်း သူ့ဘုန်းသူ့ကံကြောင့် တရားစီရင်ရန် ဘီလူးနှစ်ယောက်ရခြင်းကို မာန်မာနတက်၏။ ဘေးတော်၊ ဘိုးတော်တို့ကား သူ့လောက် ဘုန်းမကြီးဟု ပြစ်မှားမိ၏။ ထိုအပြစ်ကြောင့် မျက်စိကွယ်လေသည်။ ထိုအခါကျမှ ဘေးတော်ဘိုးတော်တို့ ရုပ်ပုံထုလုပ်စေကာ ဝန်ချကန်တော့လေသည်။ ထို့ကြောင့် ‘ကန်တော့ပလ္လင်’တွင်သည်ဟု ဆိုကြ၏။ ကန်တော့ပလ္လင်ဘုရားမြောက်ဘက်တွင် အလောင်းစည်သူမင်းကြီး မျက်စိပြန်မြင်သော အမှတ်ဖြင့် တည်သော ‘ရှင်ပင်ပွင့်လင်းဘုရား’ရှိပါသည်။

အချို့ကလည်း စူဠာမုနိဘုရားတည်ရာတွင် ပုံ့သကူမထေရ်နှင့် မင်းကြီးတို့ စိတ်ဝမ်းမကိုက်ညီ ဖြစ်ကြသည်။ ပုံ့သကူမထေရ်လည်း သီဟိုဠ်ကျွန်းသို့ ပြန်ကြွမည်ပြု၏။ ထိုအခါ မင်းကြီးသည် မထေရ်အား အပြစ်ကိုခွင့်လွှတ်ပါရန် ဝန်ချကန်တော့လေသည်။ ထိုနေရာ၌ တည်သောဘုရားဖြစ်သောကြောင့် ကန်တော့ပလ္လင်ဘုရားဟုလည်း ဆိုကြပြန်သည်။

ကန်တော့ပလ္လင်ဘုရားသည် မြန်မာလက်ရာစစ်စစ် ဖြစ်မည်ဟု
ညာရှင်တို့က ဆိုကြသည်။

ကန်တော့ပလ္လင်အပေါ်မှ ကြည့်လျှင် ပုဂံမြို့ဟောင်းတစ်ခုလုံး
ကို အားပါးတရ မြင်တွေ့ရပါသည်။ အမြင့် ပေ ၂၈၀ ခန့် ရှိပါသည်။

ကန်တော့်ပလ္လင်မှာ သုံးထပ် ဖြစ်သော်လည်း ဗိသုကာပညာ
ရှင်တို့ အစွမ်းပြထားသောကြောင့် အလယ်ထပ်ကို မမြင်ရချေ။
ထုထည်ကြီးမားသော ကုလားကျောင်းခံပြီး မျက်နှာတစ်ဘက်သာ
ခံဝထား၍ တည်ဆောက်ထားသည်။ လေဝင်ပြတင်းပေါက်များ
၍ အလင်းရောင်အား ကောင်းသည်။

ပုဂံငလျင်လှုပ်စဉ်က ဖောင်းရစ်မှနေ၍ အပေါ်ပိုင်းတစ်ခုလုံး
ပြိုကျပျက်စီးခဲ့သည်။ အလယ်ပစ္စယံမှာလည်း အင်္ဂတေများ ကျိုးပဲ့
ကွာကျကာ အုတ်ချပ်များ ပျက်စီးကုန်သည်။ ဆိုးဆိုးဝါးဝါးကြီးပင်
ပျက်စီးဆုံးရှုံးခဲ့ရလေသည်။

## ပုတ္တလင်ပုထိုး

အာနန္ဒာစေတီအနောက်မုခ်မှ သဗ္ဗညုစေတီသို့အသွား လမ်း
ဘေးတွင် တည်ရှိသည်။ တိုက်စုရပ်တောင်ဘက်တွင် ရှိသည်။

အနော်ရထာမင်းနှင့် စက္ကတေးမင်းတို့ စီးချင်းထိုးရာ စက္ကတေး
မင်းကျဆုံးရာ၌ အနော်ရထာမင်းမယ်တော်တို့ အကြောင်းဆိုင်ရာ
'ပုတ္တလင်ဘုရား'ဟု ဆိုကြသည်။

ဉာဏ်တော်မှာ ပေ ၉၀ မြင့်သည်။

ပုဂံငလျင်လှုပ်စဉ်က သပိတ်မှောက်လုံးပတ်တွင် ဌာပနာတိုက်
ပေါ်သည်ထိ ပြိုကျ ပျက်စီးခဲ့သည်။ ဌာပနာတိုက်မှ ကျောက်သေတ္တာ
တစ်လုံး ရခဲ့ပါသည်။

## ရွှေတောင်းကြီးဘုရား

တောင်ဘီရပ် အရှေ့တောင်ဘက်တွင် ရှိသည်။

ဉာဏ်တော် ၁၅၀ ပေ မြင့်သည်။ မုခ်နှစ်ဆင့်ခံ စေတီ ဖြစ်၏။

လျှေင်လှုပ်စဉ်က ကွမ်းတောင်၏ တောင်ဘက်ခြမ်း မျက်နှာစာအစိတ်အပိုင်း ပြိုကျပျက်စီးခဲ့သည်။

## မာန်အောင်ဘုရား

ဆူဟာတိုလမ်းမကြီး ဘေးနားတွင် ရှိသည်။ ဤဘုရားထဲတွင် ပုဂံခေတ် သဘင်နှင့်ဂီတကို သရုပ်ဖော်ထားသော အုတ်ချပ်များ ရှိသည်။

## မင်းအိုချမ်းသာဘုရား

ပုဂံအရှေ့မြောက် တစ်ဖာလုံခန့်တွင် ရှိသည်။

ကျန်စစ်သားမင်းကြီး မြန်မာသက္ကရာဇ် ၄၅၇ ခုနှစ်တွင် တည်သည်ဟု ဆို၏။ ကျန်စစ်သားမင်းကြီး သက်တော် ၇၂ နှစ် အရွယ်တွင် အိုမင်းမစွမ်းဖြစ်ချိန်၊ ဇရာဒုက္ခ ခံစားနေရချိန်တွင် သီဟိုမင်းဆက်သော သရီရဓာတ်တော်များကို ဌာပနာ၍ တည်သော စေတီဖြစ်သောကြောင့် 'မင်းအိုချမ်းသာ'ဟု တွင်သည်ဆို၏။

ဉာဏ်တော် ၅၂ ပေခန့် မြင့်သည်။

ပုဂံလျှေင်လှုပ်စဉ်က ဖောင်းရစ်အထက်ပိုင်း ပြိုကျပျက်စီးခဲ့သည်။

## လောကဥဒေါင်ဘုရား

အလောင်းစည်သူမင်းလက်ထက်က တည်ခဲ့ဟန်ရှိကြောင်း ဆိုကြသည်။

အတွင်းဘက်၌ နံရံဆေးရေးပန်းချီများ၊ မင်စာများ ရှိသည်။

ငလျင်လှုပ်စဉ်က အပေါ်ထပ် ပြိုကျသွားသည်။

## မင်းမျှော်ရာဇာဘုရား

ကျန်စစ်သားမင်းကြီး ကောင်းမှုတော်ဟု ဆိုသည်။

မြန်မာသက္ကရာဇ် ၄၂၉ ခုနှစ်တွင် တည်သည်။

ပုဂံပြည်သူတို့ မင်းလောင်းမျှော်ကြရာ၌ တည်သောကြောင့် 'မင်းမျှော်ရာဇာစေတီ'ဟု တွင်ကြောင်း ဆိုပါသည်။

မြောက်ဘက်သို့ မျက်နှာပြုပြီး တည်ထား၏။ ဉာဏ်တော် အမြင့်မှာ ပေ ၆၀ ရှိသည်။

## ငါးမျက်နှာဘုရား

စေတီမှာ မုခ် ငါးမုခ် ရှိသောကြောင့် ထူးခြားသည်။ စေတီနံရံ ရှိ အင်္ဂတေအမွမ်းအပြောက် ပန်းလက်ရာများကို လေ့လာသင့်သည်။

ဉာဏ်တော် မမြင့်လှပါ။

ပုဂံငလျင်လှုပ်စဉ်က ခေါင်းလောင်းပုံအထက် အစိတ်အပိုင်း များ ကျေမွပျက်စီးခဲ့သည်။ ခေါင်းလောင်းပုံလည်း အက်ကွဲခဲ့သည်။

## သိကြွားတစ်ဘုရား

ဥပါလိသိမ် တောင်ဘက်တွင် ရှိသည်။

မုခ် လေးမျက်နှာခံ စေတီ ဖြစ်၏။ ၃၇ ပေကျော်မျှ ဉာဏ်တော် မြင့်၏။ အရှေ့ဘက်သို့မျက်နှာပြုကာ စေတီကို တည်ထားပါသည်။


ဘုရားဒါယကာမှာ ကွမ်းဆော်မင်း ဖြစ်သည်ဆို၏။

## ကြမ္မာဘဒ်ဘုရား

နားတောင်းများမင်း တည်သည်ဟု ဆိုသည်။ ရှေးက 'ရှာပြင်ကြမ်ဖတ်'ဟု တွင်ခဲ့သောစေတီ ဖြစ်သည်။

ဉာဏ်တော်မှာ ၅၂ ပေ မြင့်သည်။ အရှေ့ဘက်သို့ မုခ်လှည့်ကာ တည်ထားသည်။

ပုဂံလျှောင်လှူပ်စဉ်က ကွမ်းတောင်အခြေမှ အောက်ခံတိုက်အထိ အနောက်ဘက်တစ်ခြမ်းလုံး ပြိုကျပျက်စီးခဲ့သည်။



## ပေပင်ကျောင်းဘုရား

ခေါင်းလောင်းပုံ မြေပေါက်စေတီမျိုး ဖြစ်၏။ ခေါင်းလောင်းပုံအထက်တွင် လေးထောင့်ပတ်လည် ဓာတ်တော်ခန်း ရှိသည်။ ယင်းအထက်တွင် ဝက်အူရစ်ပုံ စေတီတစ်ဆူ အထွတ်တင်ထားသည်။

စေတီအရှေ့ဘက်တွင် အတွင်းသို့ဝင်ရန် မုခ်ပေါက်ငယ်တစ်ခုရှိ၏။ စေတီပုံသည် ဆပဒစေတီထက်ပင် ရိုးရှင်းသည်။

အေဒီ ၁၂ ရာစုတွင် တည်သောစေတီဖြစ်မည်ဟု ပညာရှင်တို့က ယူဆကြသည်။

ပုဂံငလျင်လှုပ်စဉ်က စေတီထိပ်ပိုင်းအရှေ့ခြမ်း ပြိုကျပျက်စီးခဲ့ပါသည်။

## မြေပုံသာဘုရား

ဘုရားလေးဆူစု ဖြစ်သည်။ မြန်မာသက္ကရာဇ် ၅၅၀ ပြည့်နှစ်တွင် နရပတိစည်သူမင်းကြီး တည်သည်။

ကျောက်တစ်ပြားတည်းကို ဇာပေါက်ဖောက်ထားသော ပြတင်းများတပ်ဆင်ထားသဖြင့် ထူးခြားပါသည်။ အင်္ဂတေပန်းလက်ရာများလည်း ကောင်းမွန်လှပါသည်။ ကျောက်ဆစ်လက်စွမ်းပြ စေတီတစ်ဆူဖြစ်၏။

ပုဂံလျှောင်လှူပ်စဉ်က ဘုရားအနောက်ဘက်နှင့် မြောက်ဘက်နံရံတွင် ရှေးက ဖားထေးထားသော အက်ကွဲကြောင်းကြီးများ ပြန်တွေ့ရပါသည်။

## မီးမလောင်ကျောင်းဘုရား

ပုထိုးသားများ အနောက်ဘက်လမ်းအတိုင်းသွားပါက ရောက်သည်။

အေဒီ ၁၁၇၄ ခုနှစ်တွင် နရပတိစည်သူမင်း တည်ခဲ့သည်။ အမိုး နှစ်ထပ်၊ အမြင့် ၃၂ပေရှိ လေးထောင့်ပတ်လည်ကျောင်းဖြစ်သည်။ စုလစ်မွန်းချွန်များဖြင့် အလှဆင်ထားသည်။

ကျောင်းတော်ထိပ်တွင် ဝက်အူရစ်သဏ္ဌာန် စေတီတစ်ဆူတည်ထားသည်။

အဆောက်အဦတစ်ခုလုံးကို မီးဘေးရေဘေး ကင်းလွတ်နိုင်သည့် အမြင့် ၁၃ ပေရှိ ဖိနပ်တော်ပေါ်တွင် တည်ထားသည်။

ပုဂံလျှောင်လှူပ်စဉ်က ဘုရားခန်း ပြိုကျခဲ့သည်။

## မြင်းပြဂူဘုရား

နွားပြဂူဘုရားကြီး၏ အရှေ့ဘက်တွင် ရှိသည်။ အောက်ခြေ ိုက် လိုဏ်လေးမျက်နှာ ခံပြီး၊ အပေါ်၌ စေတီကြီး တည်ထားသည်။

အတွင်းတွင် လိုဏ်ပတ်လမ်းများရှိပြီး ပတ်လမ်း၌ မုခ်ပေါက် ယ်များ ရှိသည်။ ထိုမုခ်ပေါက်ငယ်များ၌ ဆင်းတုတော်များ ရှိသည်။ တွင်းနံရံများတွင် ပုဂံခေတ် ဆေးရေးပန်းချီလက်ရာကို တွေ့ ိုင်ပါသည်။

မြင်းပြဂူဘုရား၏ အဆောက်အဦးပုံစံမှာ ပုဂံရှိ အဆောက် အဦးများထဲတွင် တစ်မူထူးခြားနေပါသည်။

## ပဲနံ့သာဂူအစု

မြင်းပြဂူမှ ဆူပာတိုလမ်းကို ဖြတ်ကျော်ပြီး လှည်းလမ်းအတိုင်း သွားရပါသည်။

ပဲနံ့သာဂူအစုဘုရားတွင် ပုဂံခေတ် ပန်းချီလက်ရာများကို တွေ့လာနိုင်သည်။ လက်ရာမြောက်လှပါသည်။



## မင်္ဂလာစေတီ

ပုဂံမြို့တောင်ဘက် တစ်မိုင်ခန့်တွင် မြင်းကပါရွာသို့ သွားသောလမ်း ရှိသည်။ ထိုလမ်း အနောက်ဘက်နားတွင် မင်္ဂလာစေတီ ရှိပါသည်။

နရသီဟပတေ့မင်း (တရုတ်ပြေးမင်း)သည် ၆၁၇ ခုနှစ်တွင် နန်းတက်ပြီး၊ နန်းသက် ၁၃ နှစ်မြောက် ၆၃၀ ခုနှစ်တွင် ပန်းပွတ်အရပ်၌ ဤစေတီကို တည်သည်။ 'ပန်းပွတ်ရပ်စေတီ'၊ 'ပန်းပွတ်ပုထိုး'ဟူ၍လည်း ခေါ်ဆိုခဲ့ကြသည်။

ပန်းရွှေပြည်စာအုပ်တိုက်

မင်္ဂလာစေတီကို ပစ္စယံသုံးဆင့်အထိ တည်ပြီးချိန်၌ 'ဘုရားလည်းပြီး ပြည်ကြီးလည်းပျက်' တဘောင်ပေါ်လာ၍၊ နရသီဟပတေ့မင်းကြီးသည် ခြောက်နှစ်တိုင် ဘုရားတည်ခြင်းကို ရပ်ထားသည်ဆို၏။

မင်္ဂလာစေတီသည် အုတ်ခုံမြင့်ပေါ်တွင် တင်၍တည်ထား၏။ အုတ်ခုံ မျက်နှာစာပတ်လည်တွင် နတ်၊ ဘီလူး၊ ဂဠုန်၊ နဂါးတို့က ပူဇော်ဟန် စဥ့်ကွင်းအုတ်ချပ်များ စီထားသည်။ ပစ္စယံအဆင့်ပတ်လည် တွင် ဇာတ်နိပါတ်သရုပ်ဖော် စဥ့်ချပ်များကို မြန်မာစာဖြင့်ရေးထိုး သရုပ်ဖော်ထား၏။

## မီးငြိမ်းကုန်းဂူဘုရား

ပုဂံမြို့တောင်ဘက်သို့ အထွက်လမ်းနှင့် ညောင်ဦးမှလာသောလမ်းဟောင်းကြီး (ဆူဟာတိုလမ်း) ဆုံရာတွင် ရှိပါသည်။

ယင်းဂူဘုရားကြီး၏ ရှေ့အတွင်းဘက်၌ ဗုဒ္ဓဆင်းတုတော်ကို ကြည်ညိုနိုင်ပါသည်။ ဘေးလှေကားမှ အထက်ပစ္စယံသို့ တက်နိုင်သည်။

အရွယ်အစားကြီးမားသော ဂူဘုရားကြီးဖြစ်၍ ပုဂံခေတ်အဆောက်အဦအနေဖြင့် ထင်ရှားပါသည်။

## နွားပြဂူ(နွားများသခ်ဃာဂူ)ဘုရား

မီးငြိမ်းကုန်းဂူဘုရားကြီး၏ တောင်ဘက်နားတွင် ရှိပါသည်။ ဂူအပေါ်တွင် အဆောင်တစ်ခု ရှိပါသည်။ နှစ်ထပ်ဂူအမျိုးအစားဖြစ်ပါသည်။ အပေါ်ဆောင်သို့ တက်၍ လှေလာကြည့်သင့်သည်။

# မြင်းကပါပတ်ဝန်းကျင်

## မြင်းကပါပတ်ဝန်းကျင် ဘုရား ဂူ ကျောင်းများ

ဂူပြောက်ကြီးဘုရား၊ ဂူပြောက်ငယ်ဘုရား၊ မြစေတီဘုရားနှင့် ကျောက်စာ၊ မနူဟာဘုရား၊ နန်းဘုရား၊ စိမ်းညက်ဂူဘုရားနှင့် ပုထိုး၊ ကျဆင်းဂူဘုရား၊ နဂါးရုံဘုရား၊ ပေါ်တော်မူဘုရား၊ စိုးမင်းကြီး အုတ်ကျောင်းနှင့် ပုထိုး၊ အပယ်ရတနာဘုရား၊ သက်တော်ရဂူဘုရား၊ ဖြတ်စရွှေဂူဘုရား၊ မြင်းကပါဘုရား။

ပန်းရွှေပြည်စာအုပ်တိုက်








လှည်းဝင်ရိုးသံ၊ တညံညံနှင့်
ပုဂံဘုရား၊ ဖူးမြော်သွားက
ဘုရားမစုံ၊ နေသာကုန်မည်။

'ပုဂံသား၏အသည်းနှလုံးနှင့် ခွန်အား' ကဗျာမှ



တိတ္တိတို့ ပြာဋိဟာ ပြခန်း – ဂူပြောက်ကြီးဘုရား



# ဂူပြောက်ကြီး (မြင်းကပါ)

မြစေတီဘုရားမြောက်ဘက်တွင် ရှိသည်။ မြစေတီကျောက်စာပါ ရာဇကုမာရ ၁၁၁၃ ခုနှစ်တွင်တည်သော 'ဂူဘုရားတစ်ဆူ' ဆိုသည်မှာ ဤ 'ဂူပြောက်ကြီး' ဟု ယူဆသူတို့ရှိသည်။

ငါးရာငါးဆယ်ဇာတ်တော် ပန်းချီများတွင် ထင်ရှားသည်။ ကာလကြာ၍ မှေးမှိန်နေပြီဖြစ်၏။ အစောဆုံးသော ငါးရာ့ငါးဆယ် ပန်းချီပုံများ ဖြစ်သည်။ အဆောက်အဦး အချိုးအစား ပြေပြစ်သည်။

ဂူအတွင်း ဝင်လိုက်သည်နှင့် လက်များစွာပါသော နတ်ရုပ်ကြီးကို ထီးထီးမားမားမား တွေ့ရပေမည်။ ဗုဒ္ဓရုပ်ပွားတော်တည်ရာ အခန်းသို့ သွားရာ ပတ်လမ်းနံရံတွင် ဆေးရေးပန်းချီများ တွေ့ရပေမည်။ ပုဂံတွင် ထိုအချိန်က မဟာယာန ဗုဒ္ဓဘာသာနှင့် ဟီနယာဗုဒ္ဓ

ဘာသာတို့ ရောပြွမ်းနေကြောင်းကို ပန်းချီပန်းပုလက်ရာများက သက်သေပြနေပါသည်။ အတွင်းနံရံမုခ်ငယ်များ၌ စံပယ်နေသော ကျောက်ဆစ်ရုပ်ပွားတော် ၁၉ ဆူကိုလည်း ကြည်ညိုနိုင်ပါသည်။ ပုဂံခေတ် ကျောက်ဆစ်လက်ရာ ဖြစ်သည်။

ဂူပြောက်ကြီး၏ အင်္ဂတေလက်ရာများသည် ထင်ရှားသည်။ ထောင့်ပိုင်း ဘီလူးပန်းများကို လေ့လာကြည့်ပါ။ ဇော်ဓိသတ် ဘုရားလောင်းပုံတော်ကို တွေ့မြင်ရပါမည်။ မဟာယာနအယူဝါဒ အနုလက်ရာများ ဖြစ်ပါသည်။ ဆေးရောင်စုံဖြင့် တွေ့မြင်နိုင်ပါသေးသည်။ ပန်းချီပုံစံများကို ရှေးမွန်ဘာသာဖြင့် ရေးထိုးထားခြင်းကပင် မြစေတီကျောက်စာနှင့် ပို ဆက်နွယ်နေ၏။ မြစေတီကျောက်စာတွင် မွန်ဘာသာဖြင့်ပါ ရေးထိုးသည်။

ပုဂံလျှောင်လှုပ်စဉ်က အရှေ့ဘက်မုခ် တောင်ဘက်စိုင်ပေါင် ပြုတ်ကျသွားသည်။ နောက်ဘက်နံရံ အက်ကွဲသွားသည်။

## ဂူပြောက်ငယ် (မြင်းကပါ)

ဂူပြောက်ငယ်၏ အပြင်ဘက်အင်္ဂတေပန်းများ လက်ရာမြောက်လှပါသည်။ ဂူအတွင်း မြောက်ဘက်နံရံ၌ ကမ္ဗည်းစာများအရ သခင်ဖွားစောက ကျောင်းဖြူနန်းကျမင်း၏ ပျက်စီးနေသော ကောင်းမှုကို ပြန်လည်ပြုပြင်ခြင်းဟု သိရပါသည်။

ဂူအတွင်း ချိုင့်များတွင် ကျောက်ဆစ်လက်ရာများ၊ ဂူအမိုးရှိ ဆေးရေးပန်းချီများ၊ ပုဂံခေတ်ဇာတတော်နှင့် ဂြိုဟ်နေဟန်ကွက် မှတ်တမ်းများကို လေ့လာနိုင်သည်။

# မြစေတီနှင့် မြစေတီကျောက်စာ

ပုဂံတောင်ဘက် တစ်မိုင်ခွဲခန့် သွားရပါသည်။ လမ်းအရှေ့ဘက် ကုန်းမြင့်ပေါ်၌ ဖူးမြော်ရပါမည်။ နမရ– အမရ၊ အမရသစေတီ– မြစေတီဝိဂ္ဂဟ။ မရ– သေခြင်းသည်၊ န– မဖြစ်၊ အမရ– သေခြင်းမဖြစ်၊ အမရသ– သေခြင်း မဖြစ်သော စေတီတော်တည်း။

မြစေတီ– သေခြင်းမဖြစ်သော စေတီ သို့မဟုတ် သေခြင်းဘေးမှ ကယ်မတော်မူသောဘုရား။

ဘုရားစောင်းတန်းနား၌ အထက်ပါ စာကိုရေးထားပါသည်။

မြစေတီဘုရားထက် မြစေတီကျောက်စာက ပိုထင်ရှားပါသည်။ ပုဂံခေတ်အက္ခရာ စာလုံးပုံစံဖြစ်သော မန်ကျည်းစေ့ပုံ စာလုံးများကို တွေ့ရပါသည်။ လေးထောင့်ဆန်သော စာလုံးများ။

မြစေတီကျောက်စာ၏ စကားပြေအရေးအသားက ပုဂံခေတ်မြန်မာစာအရေးအသား၊ အထုံးအဖွဲ့ကို သက်သေပြနေ၏။

မြစေတီကျောက်စာ နောက်ကွယ်က ကျန်စစ်သားမင်းကြီးနှင့်သမ္ဘူလတို့၏ မေတ္တာဇာတ်လမ်း၊ ထိုမှ ရာဇကုမရ၏ဘဝ၊ ပုဂံခေတ်နိုင်ငံရေးနှင့် စည်းရုံးရေးလိုအပ်ချက်၊ အဖနှင့် သားတို့၏ သံယောဇဉ်မေတ္တာရိပ်များ။

မြစေတီကျောက်စာပါ 'ရွှေအထွတ်တင်သော ဂူတစ်ဂူကိုတည်၍ ထိုဂူ၌ ရွှေဆင်းတုတော်ကို ဌာပနာ၏'ဟု ပါရှိသည်။ ထိုဌာပနာသော ဘုရားသည် မြစေတီမဟုတ်၊ ဂူပြောက်ကြီးဘုရားဟု ယူဆကြသည်။ ယခုကျောက်စာကို မြစေတီဘုရားအနီး၌ တွေ့ရသောကြောင့်သာ 'မြစေတီကျော်စာ'ဟု ခေါ်ဝေါ်ထားခြင်းဖြစ်၏ဟု

ဆိုသည်။ ယခုကျောက်စာကို 'ဂူပြောက်ကြီး ကျောက်စာ' ဟု ဆိုရ ပေတော့မည်။ ဂူပြောက်ကြီးသည် မြစေတီဘုရားမြောက်ဘက်တွင် ကပ်လျက်ရှိပါသည်။

မြေပေါက်စေတီ ဖြစ်သည်။ မြစေတီဘုရားသည် ဉာဏ်တော် ၄၅ ပေ မြင့်သည်။ ပုဂံလျှင်လှုပ်စဉ်က ဖောင်းရစ်မှ အပေါ်ပိုင်း ပြိုကျသွားသည်။


ယခုအခါ မြင်းကပါရွာ မြို့မရပ်ကွက်မှ တာဝန်ယူကာ ဘုရားပွဲကို ဝါခေါင်လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်နေ့ထိ နှစ်စဉ်ကျင်းပလေ့ရှိသည်။

## မနူဟာဘုရား

မြင်းကပါရွာ အထွက်လမ်း၏ အနောက်ဘက်တွင် ရှိသည်။

မနူဟာမင်းကြီး လက်ဝတ်တော်ရတနာကို ထုခွဲရောင်းချသော ငွေဖြင့် သထုံဘုရင် မနူဟာမင်းကြီး တည်သောဘုရား။

အနော်ရထာမင်းသည် ရှင်အရဟံ၏ဩဝါဒအရ ပိုနေသော ပိဋကတ်တော် တစ်စုံကို တောင်းခံရန် သုဝဏ္ဏဘုမ္မိ သထုံပြည်သို့ သံတမန်များစေလွှတ်ရာ သထုံဘုရင် မနူဟာက မဆင်မခြင် ပြောဆိုလိုက်၏။ အနော်ရထာမင်း အမျက်ဒေါသထွက်ကာ သထုံကို သွားတိုက်၏။ မင်းနှင့်တကွ ပိဋကတ် အစုံ သုံးဆယ်ကို ရခဲ့၏။ မင်းမိဖုရား သားသမီးတို့ကို မြင်းကပါအရပ်၌ အကျယ်ချုပ်ထား၏။ သထုံပြန်၍ မင်းလုပ်ရန်ကိုကား မနူဟာမင်းသည် စိတ်မလျှော့။



ထိုသို့ အကျယ်ချုပ်ဘဝဖြင့်နေရစဉ် မနူဟာမင်းကြီးသည် လက်ဝတ်တော်ပတ္တမြားကို ရောင်းပြီး လှည်းခြောက်စီးတိုက်စာ ရှိသောငွေဖြင့် သီရိဇေယျာဘုံမည်သော ကုန်းမြင့်တွင် မနူဟာဘုရား ကြီးကို အေဒီ ၁၀၉၅ခုနှစ်၌ ကောင်းမှုတော်ပြု၏။

အုတ်ကျောက်ခံစေတီတွင်း၌ အရှေ့မျက်နှာမှ အလယ်၌ အလျား ၄၄ပေခန့်ရှိ ပလ္လင်ထက်တွင် ဆင်းတုတော် သုံးဆူ တည်၏။ အလယ်ဆင်းတုတော်သည် ဥဏှာတော်အမြင့် ၅၂ ပေ ရှိသည်။ အနောက်မျက်နှာ၌လည်း လျောင်းတော်မူကြီးတစ်ဆူကို တည်သည်။ မနူဟာမင်း၏ ဆုတောင်းစာမှာ 'ငါသည် သံသရာဝဋ်ဆင်းရဲမှ ကျွတ်သေးသမျှ နိဗ္ဗာန်မရမီစပ်ကြား၌ မင်းသားလျှင် ဖြစ်ရ၍ သူတစ်ပါးအနိုပ်အစက်ကိုမခံရဘဲ မိမိကသာ နှိမ်နင်းနိုင်ပါစေ သတည်း'ဟု ဆို၏။



ဂန္ဓကုဋီတိုက်နှင့် ပြည့်ကျပ်နေသယောင် ရုပ်ပုံတော်ကြီးကို ကြည့်ပြီး မန္ဓုဟာမင်းကြီးကိုယ်တိုင် အကျဉ်းစံဘဝကို ပြညွှန်းလို၍ ဟု ဆိုကြသည်။ ရုပ်ပွားတော်ကြီးပြီးမှ ဂန္ဓကုဋီတိုက်ကို တည်သော ကြောင့် ထိုသို့ ပြည့်ကျပ်နေသည်ဟုလည်း ဆိုကြသည်။

အုတ်တိုက်တော်ကြီးထက်တွင် စေတီငယ်များ ပေါက်ထား သည်။ တိုက်ဥမင်လိုဏ်အမျိုးအစား ပုဂံဘုရားများတွင် ပထမ တည်

ဆောက်ခြင်းဟု ဆိုကြသည်။ အိန္ဒိယနှင့် အဆက်အဆံများခဲ့သော သထုံဘုရင်၏ ကောင်းမှုဖြစ်သဖြင့် တစ်မျိုးတစ်ဖုံ ထူးခြားနေသည်ကို တွေ့ရပါသည်။

စေတီအတွင်း အရှေ့မျက်နှာစာရှိ ကျောက်သပိတ်တော်ကြီးမှာ စိတ်ဝင်စားဖွယ်ပင်။ ၁၃၁၀ ခုနှစ်က မြင်းကပါရွာသား ဦးအောင်ညွန့်သည် ကျောက်သပိတ်အပြည့် ဆွမ်းချက်လှူဖူးပါသည်။ ဆန်တင်းပေါင်း ၁၇ တင်း ချက်ရသည် ဟူ၏။

ပုဂံငလျင်လှုပ်စဉ်က ဘုရားကျောင်းဆောင် အပေါ်ထပ် စေတီနှင့် အမိုး အတော်များများ ပျက်စီးခဲ့သည်။ ဆင်းတုတော်ကြီး ရင်အုပ်ပိုင်းအထိ ကွဲကျေပျက်စီးခဲ့သည်။


မနူဟာဘုရားပွဲကို တော်သလင်းလဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ရက်နေ့အထိ နှစ်စဉ်ကျင်းပသည်။ အလွန် စည်ကားပါသည်။

## နန်းဘုရား

မနူဟာဘုရား၏အနောက်တောင်ဘက်တွင် ကပ်လျက်တည်ရှိပါသည်။ မနူဟာမင်းနေထိုင်ခဲ့ရာ နန်းတော်ရာ၌ တည်သောကြောင့် 'နန်းဘုရား'ဟု တွင်သည်။

နန်းဘုရားကို မနူဟာမင်း၏မြစ်တော် နာဂသမန်းအမတ်တည်သည်။ သက္ကရာဇ် ၅၅၀ ခုနှစ်တွင် ဖြစ်၏။


ပုဂံခေတ် ကျောက်ဆစ်အနုလက်ရာကို အထူးလေ့လာနိုင်ပါသည်။ နန်းဘုရားတည်ဆောက်ပုံကပင် ပုဂံခေတ်ဗိသုကာလက်ရာစွမ်းကို ပြနေပါသည်။ ပုဂံခေတ်ကိုယ်ပိုင်ဟန်ကို တွေ့ရပါသည်။



နန်းဘုရား အဆောက်အဦးတစ်ခုလုံးကို ကျောက်ချပ်တို့စီကာ တည်ဆောက်ထားပြီး ကျောက်ချပ်များပေါ်တွင် ဘီလူးပန်းဆွဲ၊ တိုင်ထောင့်အောက်ခြေပန်းများ၊ ပန်းအိုး၊ နတ်ရုပ်၊ ဟင်္သာရုပ်တို့ကို ကျောက်ဆစ်ပညာဖြင့် လက်စွမ်းပြထားသည်။

မှန်ကူကွက်ဖော် ကျောက်ပြတင်းချပ်များမှာလည်း အံ့မခန်းပင်။

ပုဂံခေတ် ဂူဘုရားတည်ဆောက်မှု ဗိသုကာလက်ရာ အားလုံးတွင် နန်းဘုရားလက်ရာကို အကောင်းဆုံးအဖြစ် တွေ့မြင်ရပါမည်။ ကျောက်အဆောက်အဦးဟူ၍ ပုဂံ၌ 'နန်းဘုရား'နှင့် 'ကျောက်ဂူဥမင်'တို့သာ ရှိပါသည်။



## စိမ်းညက်ဂူဘုရား၊ စိမ်းညက်ပုထိုး

စိုးမင်းကြီးအုတ်ကျောင်းမှ တောင်ဘက်လမ်းအတိုင်း သွားပါ။ ားလမ်းအရှေ့ဘက်တွင် စိမ်းညက်ဂူနှင့် စိမ်းညက်ပုထိုးကို တွေ့ ပါမည်။ ကားလမ်းမှာ ပုဂံ–ချောက် ကားလမ်း ဖြစ်ပါသည်။ ဂူနှင့် ထိုး ယှဉ်လျက်တည်သော ပုဂံဘုရားများထဲက တစ်ဆူဖြစ်ပါသည်။ ဖြတ်စရွှေဂူနှင့် ဖြတ်စပုထိုး)။ ဂူထဲတွင် ဗုဒ္ဓဆင်းတုတော်များ ကိန်း အောင်းပူဇော်ထားပြီး ပုထိုးစေတီတွင် ဓာတ်တော်တို့ကို ဌာပနာပါ သည်။

စိမ်းညက်ဂူဘုရားကို စိမ်းညက်အစ်မ၊ စိမ်းညက်ပုထိုးကို မ်းညက်ညီမတို့က ၁၁ ရာစုတွင် တည်သည်ဟု ယူဆကြ၏။ ပုဂံ၌ င်အရပ်နောက်တွင် သာသနာပိုင်ပြုရသော ပုံသကူမထေရ်သည် မ်းညက်မင်း၏ သားတော်ဟု ဆို၏။ စိမ်းညက်ညီအစ်မနှင့် မည်သို့

ပတ်သက်ဆက်နွယ်ကြောင်းကို ကျောက်စာ မင်စာ အထောက်အထား မတွေ့ရပါ။ ပုဂံမင်းဆက် ၅၁ ဆက်တွင်လည်း စိမ်းညက်မင်းကို မတွေ့ရပါ။ စုက္ကတေးမင်း (၉၉၂–၁၀၁၇ခုနှစ်)နှင့် အနော်ရထာ (၁၀၄၄– ၁၀၇၇ခုနှစ်)တို့ ကြားကာလတွင် စိမ်းညက်ဟူ၍ ရှိခဲ့လေသလား။ စဉ်းစား ဖွယ်ပင် ဖြစ်၏။

စိမ်းညက်ဂူဘုရားနှင့် ပုထိုးဝန်းကျင်သည် 'ပုဂံ၏ အလှဆုံး ရှုမျှော်ခင်း'ဟု ဆိုကြသည်။ စိမ်းညက်ဂူဘုရားပုံစံသည် တိုက်မပုံစံ ဖြစ်ပြီး တံတိုင်းပေါ်မှကြည့်လျှင် စိမ်းညက်ဂူနှင့် ပုထိုးကို အပေါ်စီးမှ မြင်ရသည်။ စိမ်းညက်ဂူနှင့် ပုထိုး အာရုံခံမုခ်များအတွင်းတွင် အနုလက်ရာများကို လေ့လာနိုင်သည်။ ဂူဝင်ပေါက် လှေကားမှတက်



ပန်းရွှေပြည်စာအုပ်တိုက်

ပြီး အရှေ့ဘက်နံရံ၌ ဇာတ်တော်ပန်းချီလက်ရာများ တွေ့နိုင်၏။ စိမ်းညက်ပုထိုးသည် သီဟိုပုံစံပင်ဖြစ်ပြီး ဖြတ်စရွှေဂူပုထိုးနှင့် ဖောင်းရစ်တက်ပုံချင်း တူ၏။ အောက်ခြေ လေးထောင့်စပ်စပ်မှ ပစ္စယံသုံးဆင့် တက်သွားသည်။ ပုထိုး ခေါင်းလောင်းပုံပတ်လည်မှာ ဘီလူးပန်းဆွဲ၊ ပန်းထောင်၊ ပန်းတန်းများ ရစ်ပတ်ထား၏။

ပုဂံငလျင်လှုပ်စဉ်က အရှေ့ဘက်ပုထိုးဖောင်းရစ်များ များစွာ ပျက်စီးခဲ့သည်။ အနောက်ဘက် ဂူတောင်ဘက် အမိုးပေါင်းကူ ပြိုကျခဲ့၍ ပန်းချီလက်ရာများ ပျက်စီးကုန်သည်။





ဘီလူးပန်းဆွဲ —

## ကျဆင်းဂူဘုရား

မြင်းကပါရွာမှထွက်သော တောင်ဘက်တွင် ရှိသည်။ အနော်ရထာမင်း၏ လှံချက်ကြောင့် စုက္ကတေးမင်းသည် မြင်းပေါ်မှ ကျဆင်းရာအရပ်၌ တည်သောဘုရားဖြစ်၍ 'ကျဆင်းဂူဘုရား' တွင်ကြောင်း ဆိုကြသည်။

ခြေထောက်အောက်ချကာ လက်တော်များ ရင်ဘတ်၌ကပ်ထားသော ဆင်းတုတော်ပုံစံကို ထူးခြားစွာတွေ့ရပါမည်။ နံရံ၌ မွန်ဘာသာဖြင့်ရေးထားသော နှစ်ကျိပ်ရစ်ဆူဘုရားများအကြောင်း အနည်းငယ်တွေ့ရပါမည်။





## နဂါးရုံဘုရား

မြင်းကပါရွာမှ တောင်ဘက်သို့ သုံးဖာလုံခန့် သွားရပါမည်။ အပယ်ရတနာဘုရားမှ အရှေ့တောင်ဘက် ကားလမ်းကို ဖြတ်လျှောက်လိုက်ပါက နဂါးရုံဘုရားကို ရောက်ပါသည်။

နဂါးရုံဘုရား ဝင်ပေါက်ဝအပေါ်က သစ်သားတန်းကြီးကို ကြည့်ဖြစ်အောင် ကြည့်ပါ။ လေ့လာပါ။ ပုဂံခေတ်ပန်းပုလက်ရာကို တွေ့ရပါမည်။ အကနှင့် စည်တီးနေပုံများ ဖြစ်သည်။

အတွင်းဘုရားခန်း၌ နဂါးရုံမတ်ရပ်ဆင်းတုတော် ရှိသည်။ ဝူတွင်းနံရံ၌ ဗုဒ္ဓဝင်ပန်းချီပုံများ ရေးဆွဲထား၏။ ဆေးရောင်များ မှိန်ပြယ်ကုန်ကြပြီ။ မွန်စာဖြင့်ဖော်ပြထားသော အကြောင်းအရာ စာတန်းများကိုဖတ်၍သာ မည်သည့်ဗုဒ္ဓဝင်ခန်းများဟု သိရှိနိုင်ပါတော့ သည်။ မင်္ဂလသုတ်ဟောတော်မူရန် တောင်းပန်ခန်း၊ သုမေဓာရသေ့ အား ဗျာဒိတ်ပေးခန်း၊ မေတ္တာသုတ် ဟောခန်း၊ ရေမီးအစုံ တန်ခိုး ပြခန်း၊ ဒေဝဒတ်က ဘုရားကိုလုပ်ကြံခန်း၊ ကုသဇာတ်၊ ဆဒ္ဒန်ဆင် မင်းဇာတ်၊ မဟာသုတသောမဇာတ်တို့ ပါဝင်သည်။

အဝိဒူရေနိဒါန်း ကျောက်ဆစ်လက်ရာတို့လည်း တွေ့ရပါ သည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်ခန်း ကျောက်ဆစ်လက်ရာမှာ လက်ရာမြောက်လွန်းလှပါသည်။

စောလူးမင်းက မျက်တော်မူ၍ ကျန်စစ်သားကို ဒလသို့ပို့ သည်။ ဒလသို့မသွားမီ မြင်းကပါအရပ်၌ အိပ်ပျော်နေစဉ် နဂါး တစ်ကောင်က မိုးကာ၍ နေ၏။ အပယ်ရတနာလည်း မြင်ရသည် ကို ကြောက်၍ ပုန်း၏။ နိုးလာသော် နဂါးလည်း ပျောက်သွားလေ သည်။ အပယ်ရတနာက ကျန်စစ်သားကို ပြန်ပြောပြရာ မင်းဖြစ် မည့်နိမိတ်ဟု ကျန်စစ်သားက မိန့်တော်မူ၏။ သက္ကရာဇ် ၄၄၆ ခုနှစ်တွင် မင်းဖြစ်သော် ထိုအရပ်၌ ဘုရားတည်၏။ 'နဂါးရုံဘုရား' ဟု ဘွဲ့တော် သမုတ်၏။

အဆောက်အဦးမှာ ရှေးမွန်လက်ရာ ဖြစ်၏။

အပယ်ရတနာ ပုန်းအောင်းရာ၌လည်း 'အပယ်ရတနာဘုရား' ဟု တည်ပြန်သည်။ (လမ်း၏အနောက်ဘက် မိုင်ဝက်ခန့် ဝေးပါ သည်။) ငလျင်လှုပ်စဉ်က အပေါ်အထွတ်စေတီနှင့် စေတီရံများ ပြိုကျသွားသည်။



## ပေါ်တော်မူ

နဂါးရုံဘုရား၏ အနောက်ဘက်တံတိုင်းမှထွက်ပြီး လမ်းကလေးအတိုင်း သွားပါ။ လမ်းအရှေ့ဘက်ခြမ်း ကုန်းမြင့်မြင့်ပေါ်၌ ရှိသည်။

သီဟိုပုံ ပုထိုးဖြစ်သည်။ သို့သော် အခြား သီဟိုပုံပုထိုးများကဲ့သို့ အပေါ်သို့ အရစ်အရစ် တက်မသွား။ ရိုးရိုးထောင့်များအတိုင်း တက်သွားသည်။

'နဂါးရုံပေါ်တော်မူ'ဟုလည်း အမည်တွင်သည်။



## စိုးမင်းကြီးအုတ်ကျောင်းနှင့် ပုထိုး

ပေါ်တော်မူဘုရား၏ အနောက်တောင်ဘက်တွင် စိုးမင်းကြီး ပုထိုးကို ထီးထီးမားမားကြီး တွေ့ရပါမည်။ စိုးမင်းကြီးပုထိုး၏ တောင်ဘက်တွင် စိုးမင်းကြီးအုတ်ကျောင်း ရှိပါသည်။ အဆောင် ဆောင်အခန်းခန်းဖြင့်ဖွဲ့ထားသော ပုဂံခေတ် စာသင်တိုက်ကြီးပင် ဖြစ်ပါသည်။

ပုဂံခေတ်၏ ထူးခြားသောလက်ရာ ကျောင်းတော်ကြီး ဖြစ် သည်။

အရှေ့ဘက်တွင် အဝင်ခန်းမကြီး၊ အနောက်ဘက်တွင် ဘုရား ဆောင်၊ မြောက်ဘက်နှင့် တောင်ဘက်တွင် စာသင်သားရဟန်းတော်

များ သီတင်းသုံးရာ အခန်းငယ်ကလေးများ ရှိသည်။ တစ်နေရာမှ တစ်နေရာသို့ လမ်းကျဉ်းကလေးများဖြင့် ဆက်သွယ်ထားသည်။ ကြမ်းပြင်ကို ကျောက်ပြား ခင်းထား၏။

ဘုရားဆောင်သည် လေးထောင့်ပတ်လည် နှစ်ထပ် ဖြစ်သည်။ အာရုံခံမုခ်ဝမှ အရှေ့ဘက်၌ ရှိ၏။ ယင်း မုခ်ဝမှ အောက်ထပ်သို့ ဆက်သွားထားသော စကြံလမ်း ရှိသည်။ ဘုရားဆောင်အောက်ထပ်တွင် ဆင်းတုတော်တစ်ဆူ ရှိ၏။

## အပယ်ရတနာဘုရား

ပုဂံဘုရားတို့အနက် ထင်ရှားပါသည်။

မြင်းကပါရွာအထွက် ချောက်သို့သွားသော ကားလမ်း အနောက်ဘက်နားတွင်, ရှိသည်။

စောလူးမင်းရန်ကြောင့် တိမ်းရှောင်နေရသော ကျန်စစ်သားမင်းကြီး တည်သည်ဟု ယူဆကြသည်။ ရွှေအိမ်သည်မင်းသမီး၏ မယ်တော် အပယ်ရတနာမိဖုရား၏ အမည်ကို အစွဲပြုခဲ့သည်ဟု ဆိုကြသည်။ မှန်နန်းရာဇဝင်၌မူ အပယ်ရတနာဟူသောအရပ်ကို စွဲ၍ တွင်သည်ဟု ဆို၏။

အပယ်ရတနာဘုရားကို 'အဘယ်ရတနာ'၊ 'အမယ့်ရတနာ'၊ 'နတ်ကြီးဘုရား'ဟုလည်း အမည်ကွဲများဖြင့် ခေါ်ဝေါ်ကြသည်။

အပယ်ရတနာဘုရား ဂန္ဓကုဋီတိုက်အဝင်ဝ ညာဘက်နံရံရှိ မင်စာအရ (ထိုမင်စာသည် ပုဂံခေတ်ရေး မင်စာမဟုတ်ဘဲ ဒုတိယ အင်းဝခေတ်ရေး မင်စာဟု ယူဆကြသည်။) ထီးလှိုင်ရှင်မင်းကြီး



(ကျန်စစ်သား)နှင့် အပယ်ရတနာမိဖုရားတို့ ကောင်းမှုတော်ဟု ဆိုထားသည်။

အပယ်ရတနာမိဖုရားသည် ထီးလှိုင်ရှင်ထံ စားတော်လာပို့ရာ မင်းကြီးကို နဂါးအုပ်မိုးထားသည်မြင်၍ လန့်ပြေးပြီးမှ (ယခု အပယ်ရတနာဘုရား တည်ထားရာနေရာမှ) ရပ်ကြည့်နေမိသည်။ မင်းကြီးကငါတို့ မောင်နှံ ကုသိုလ်ကောင်းမှု ပြုကြအံ့ဟု ကြံပြီး နဂါးအုပ်မိုးရာ၌ 'နဂါးရုံဘုရား'၊ အပယ်ရတနာမိဖုရားတန့်ရပ်ကြည့်ရာ၌ 'အပယ်ရတနာဘုရား'တို့တည်ကြောင်း ဆိုကြသည်။

အပယ်ရတနာဘုရားသည် နံရံဆေးရေးပန်းချီ လက်ရာများထင်ရှားသည်။ မြတ်စွာဘုရား ဓမ္မစကြာတရားဦး ဟောတော်မူခန်း

ပုံကဲ့သို့သော ဟိနယာနဗုဒ္ဓဘာသာအပြင် မဟာယာန ဗုဒ္ဓဘာသာဆိုင်ရာ ပန်းချီပုံများ၊ ဟိန္ဒူဘာသာဆိုင်ရာ ပန်းချီပုံများကိုပါ စု၍ တွေ့နိုင်၏။ ပုဂံခေတ်ဘာသာရေးကို ခန့်မှန်းနိုင်ကြပါသည်။ လောကနတ်ပုံကိုလည်း တွေ့နိုင်ပါသည်။

ဂူဘုရားအမျိုးအစား ဖြစ်သည်။ အပေါ်၌ ထူပါပုံ တည်ထားသည်။ ပုဂံရှိ ကုလားကျောင်းခံ ဂူဘုရားတို့တွင် အလတ်စား ဖြစ်၏။ မြေညီတစ်ထပ်တည်းသာ ရှိသည်။ အဆန်းတကျယ် တီထွင်ဆောက်လုပ်ထားသဖြင့် ဗိသုကာပညာပိုင်း လေ့လာစရာ ဖြစ်သည်။ အမိုးမှာ အုတ်ပေါင်းကူး ဖြစ်သည်။ ခုံးတည်ဆောက်မှုပညာမှာ ဂရုပြုစရာပင်။

မုခ်ဝအာရုံခံနှင့် လိုဏ်ပတ်လမ်းများ၌ နံရံဆေးရေး ပန်းချီများရှိသည်။ မုခ်ကပ် တံကဲများလည်း ရှိသည်။ ဗုဒ္ဓဘာသာ အဆောက်အအုံ ဖြစ်သော်လည်း နတ်ဘုရားရုပ်များ၊ မဟာယာန တန္တရဆိုင်ရာ ရုပ်ပုံများကြောင့် ထူးခြားနေသည်။



ပန်းရွှေပြည်စာအုပ်တိုက်

# သက်တော်ရှည်ဘုရား

အပယ်ရတနာဘုရား၏ အရှေ့ဘက်တွင် ရှိသည်။

အပယ်ရတနာဘုရားနှင့် နဂါးရုံဘုရားတို့ကို ထီးလှိုင်ရှင်
ကျန်စစ်သားမင်းကြီးတည်ကြောင်း အထောက်အထားပြမင်စာ ရှိ
သည်။ အာရုံခံ မြောက်ဘက်ခြမ်းနံရံအတွင်း၌ တွေ့ရပါမည်။

# ဖြတ်စရွှေဂူဘုရား

မြင်းကပါရွာ အနောက်ဘက်တွင် ရှိသည်။

အခန်းနံရံများ၌ ပန်းချီများနှင့် ရှေးမွန်ကမ္ပည်းစာများ ရှိသည်။

အင်္ဂတေ မုခ်ပန်းလက်ရာများ လေ့လာနိုင်သည်။

ကျန်စစ်သားမင်းလက်ထက်တွင် တည်ဟန်တူသည်။ ရာဇ
မာရတည်သည်ဟု ဆိုကြ၏။ စေတီဉာဏ်တော်မှာ ၄၂ ပေခန့်
ရှိသည်။

ပုဂံငလျင်လှုပ်စဉ်က မဟာမုခ် ကွဲအက်သွားခဲ့သည်။



## မြင်းကပါဘုရား

မြင်းကပါချောင်းအနီးတွင် ရှိသည်။

အနော်ရထာမင်းနှင့် စုက္ကတေးမင်းတို့ စီးချင်းထိုးသော နေရာ အမှတ်အသား ဖြစ်သည်။ မြင်းကပါရွာနှင့် ချောင်းကို အစွဲပြုပြီး 'မြင်းကပါဘုရား' တွင်သည်။ စုက္ကတေး ချောင်းထဲသို့ကျရာ လူသာ မက မြင်းနှင့် ကကြိုးတို့ပါ ပြုတ်ကျသဖြင့် ထိုးချောင်းကို 'မြင်းကပါ ချောင်း'ဟု ခေါ်ခဲ့သည်ဆို၏။

ပန်းရွှေပြည်စာအုပ်တိုက်

ကြေးမုံသတင်းစာ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

# ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြန်လည်ပြုပြင် မွမ်းမံမည်

## စေတနာရှင်ပြည်သူများ

## ...လှူငွေများ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်



# သီရိပစ္စယာပတ်ဝန်းကျင်

**သီရိပစ္စယာပတ်ဝန်းကျင် ဘုရား ဂူ ကျောင်းများ**

လောကနန္ဒာဘုရား၊ ဂူပြောက်ကြီဘုရား၊ သာယာဝတေ့ဂူဘုရားနှင့် ကျောင်း၊ စေတနာကြီးဘုရား၊ သံဃာ့ရာဇာဂူဘုရား၊ ဖက်လိပ်ဘုရား။



ျားဗွာဘုရား၊ တည်ငုံ့ပြာလည်း
ည်ကားထွေထွေ၊ ပုဂံမြေတွင်
ွှအိမ်ရွှေနန်း၊ ရွှေကြငှန်းဟု
တစ်ဗွန်းတစ်စ၊ မတွေ့ရတည့်။
ျူးကထွန်းလင်း၊ မြန်မာမင်းတို့
နခင်းထိုင်သာ၊ ရှိဖို့ရာထက်
ိတ်မှာထက်မြက်၊ ယုံကြည်ချက်ကို
ျူးထက်ထိပ်တွင်၊ သူတို့တင်သည်
ထင်အရှား စေတကား။

တက္ကသိုလ်မင်းဓော်
'ပုဂံမင်း ပုဂံဘုရား' ကဗျာမှ



## လောကနန္ဒာဘုရား

သီရိပစ္စယာရွာ၏တောင်ဘက် ကမ်းနဖူးတွင် ရှိသည်။ တစ်ချိန်က ပုဂံ၏ ဆိပ်ကမ်းဟောင်းတစ်ခုဖြစ်ပြီး၊ စည်ကားခဲ့သောနေရာတစ်ခုပင်။

ပုဂံ ညောင်ဦး မြေပေါက်စေတီလုံးများအနက် ရှေးကျသောလက်ရာ ဖြစ်သည်။ စေတီအလယ်ပိုင်း လုံးပတ်သည် သရေခေတ္တရာက ဘောဘောကြီးစေတီ လုံးပတ်နှင့် ဆင်သည်။

စေတီ တည်သောနှစ်မှာ ခရစ်သက္ကရာဇ် ၁၀၅၉ ခုနှစ် ဖြစ်သည်။

လောကနန္ဒာဘုရား အရှေ့ဘက်တွင် အလောင်းစည်သူမင်းကြီးကိုယ်တိုင် စိုက်ခဲ့သော သက်န်းနက် (သစ်ကနက်)ပင်ကြီး ရှိသည်။

လောကနန္ဒာ ကျောက်စကားအရပ်တွင် သေလည်ကြောင်မင်းသည် သီရိပစ္စယာဟု နန်းမြို့တည်ကာ စိုးစံခဲ့ပါသည်။

လောကနန္ဒာ ဘုရားပေါ်ကကြည့်လျှင် ဧရာဝတီမြစ်အလှကို အပေါ်မှ စီးမိုးမြင်ရ၏။ သာယာကြည်နူးဖွယ် အလွန်ကောင်း၏။ အနော်ရထာမင်းသည် သီဟိုမှပင့်လာသော စွယ်တော်ကို ရွှေစည်းခုံတွင် ဌာပနာရာ၌ အဓိဋ္ဌာန်ပြုသော်စွယ်တော်ပွားများ ထပ်မံရရှိသည်။ စွယ်တော်များကို ဆင်ဖြူတော်ပေါ် အဓိဋ္ဌာန်ပြုတင်လွှတ်ရာ၊ ဆင်ဖြူတော်ဝပ်ရာအရပ်၌ တည်ထားခြင်းဖြစ်ကြောင်း ဆိုကြသည်။ ထိုစွယ်တော်များကို လောကနန္ဒာစေတီတော်တွင် ဌာပနာကိန်းကွယ်သည်ဟု ဆိုကြသည်။ ရွှေစည်းခုံ၏ ညီတော်စေတီဟု ဆိုရပေမည်။ ဧရာဝတီမြစ်အတွင်းမှ ဖူးမြော်ကြည်ညို သွားနိုင်ကြပါသည်။

ပုဂံလျှင်လှုပ်စဉ်က ထီးတော် မြေခဲ့သည်။ ငှက်ပျောဖူးလည်း အက်ကွဲသွားသည်။ စေတီ၏ အနောက်မြောက်ဘက် (ဧရာဝတီမြစ်ကမ်းခြမ်း) ရင်ပြင်တော်သည် တစ်လက်မခွဲခန့် ကျယ်ပြီး ပေနှစ်ဆယ်မျှရှည်သော အက်ကွဲကြောင်းကြီး ပေါ်သွားသည်။

နှစ်စဉ် ဝါဆိုလဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်နေ့အထိ ဘုရားပွဲရှိသည်။



မှန်ကင်း

ပန်းရွှေပြည်စာအုပ်တိုက်

## ဂူပြောက်ဘုရား

လောကနန္ဒာစေတီ၏ တောင်ဘက်တွင် ရှိပါသည်။ ကွမ်းတောင်မှာ ရှည်မျှောမျှောနိုင်သည်။ မဟာဗောဓိစေတီ၏ ကွမ်းတောင်ပုံနှင့် တူသည်။

ဂူအတွင်း၌ ဗုဒ္ဓကျောက်ဆင်းတုတော်များကို ဖူးမြော်ရပါမည်။

နယ်ချဲ့တော်လှန်ရေးခေတ်ဦးက မြန်မာ့သူရဲကောင်းဗိုလ်ချို (ပုဂံဗိုလ်ချို) ဦးဆောင်လှုပ်ရှားရာ နေရာဖြစ်၍ 'ဗိုလ်ချိုဘုရား'ဟု ဒေသခံတို့က ခေါ်ဝေါ်ကြသည်။

## သာသာဝတေ့ဘုရားနှင့်ကျောင်း

ဂူပြောက်ဘုရားတောင်ဘက်တွင် ရှိသည်။

ဂူတွင်းနံရံများတွင် ဆေးရေးပန်းချီလက်ရာနှင့် မြန်မာဘာသာဖြင့်ရေးထားသော ကမ္ပည်းစာများကို လေ့လာနိုင်သည်။ ပုဂံခေတ်လက်ရာများ မပျောက်မပျက်ရှိနေသကဲ့သို့ နောက်ပိုင်း မြန်မာ့ပန်းပုလက်ရာများလည်း ပြည့်ပြည့်စုံစုံ ရှိနေပါသည်။

သစ်ထွင်း မြန်မာ့ပန်းပုလက်ရာနှင့် ပေပုရပိုက် သုတေသီတို့အတွက် လေ့လာစရာနေရာပင် ဖြစ်သည်။

# စေတနာကြီးဘုရား (စစ္စနားကြီးဘုရား)

သာယာဝတော့ဂူဘုရား၏ အရှေ့ဘက် ယာမြေအလယ်တွင် ရှိပါသည်။


နားတောင်းများမင်းကြီး ကောင်းမှုတော် ဖြစ်ပါသည်။ ပစ္စယံ ဆင်ခံပြီး သပိတ်မှောက်ပုံအထက်တွင် လေးထောင့် တင်ပါသည်။ ပုဂံဒေသဝန်းကျင်တွင် အကြီးဆုံးသော ဆင်ခံစေတီတော် ဖြစ်သည်။ ဆင်ရုပ် စုစုပေါင်း ၁၅၆ ရုပ် ရှိပါသည်။

သပိတ်မှောက်ပေါ်တွင် ဓမ္မစကြာ အင်္ဂတေလက်ရာကို တွေ့ရပါမည်။



ကွမ်းအစ်





## သံဃာ့ရာဇာ ဂူဘုရား

သီရိပစ္စယာရွာမြောက်ဘက် တောကျောင်းနားတွင် ရှိပါသည်။ ဂူအတွင်းနံရံတွင် ဇာတ်တော် ၅၄၇ ဇာတ်ကို အကွက်ချပြီး ရေးဆွဲထားပါသည်။

# ဖက်လိပ်ဘုရား

အရှေ့ဖက်လိပ်ဘုရား၊ အနောက်ဖက်လိပ်ဘုရားများမှာ လောကနန္ဒာစေတီနှင့် မဝေးလှပါ။

အုတ်ခွက် အရုပ်များကို ကြည့်ရှုလေ့လာနိုင်သည်။

ဘုရားနှစ်ဆူလုံးရှိ အုတ်ခွက်အရုပ်များမှာ စဥ့်သုတ်ထားခြင်းမရှိ။ မြေသားမီးဖုတ် အရုပ်များ ဖြစ်၏။

အနောက်ဖက်လိပ်ဘုရားရှိ ငါးရာငါးဆယ်အုတ်ခွက်များတွင် ငါးရာငါးဆယ်ပြည့်အောင် ဝေလာမဇာတ်၊ မဟာဂေါဝိန္ဒဇာတ်၊ သုမေဓပဏ္ဍိတဇာတ် သုံးဇာတ်ကို ဖြည့်ထားသည်။

အရှေ့ဖက်လိပ်နှင့် အနောက်ဖက်လိပ် ဘုရားနှစ်ဆူသည် ကပ်လျက်တည်ရှိပြီး စေတီထိပ်ကွမ်းတောင်များသည် ရွှေဖက်လိပ်နားတောင်း၊ ငွေဖက်လိပ်နားတောင်း ပုံစံတို့နှင့် တူသဖြင့် 'ရွှေဖက်လိပ် ငွေဖက်လိပ်ဘုရား'ဟု ခေါ်ဝေါ်ကြဟန်တူသည်။ ဉာဏ်တော်အမြင့် ၄၅ ပေစီ မြင့်ကြသည်။ အနော်ရထာမင်းလက်ထက်က တည်သည်ဟု ခန့်မှန်းကြသည်။

အနောက်ဖက်လိပ်၏ ဖောင်းရစ်အပေါ်ပိုင်းပုံသည် စိမ်းညက်ညီမ စေတီပုံနှင့် တူ၏။



ကွမ်းညှပ်

# မင်းနန်သူရွာနှင့် ဖွားစောရွာ ပတ်ဝန်းကျင်

## မင်းနန်သူရွာနှင့် ဖွားစောရွာ ပတ်ဝန်းကျင် ဂူ ဘုရား ကျောင်းများ

လေးမျက်နှာဂူဘုရား၊ ဘုရားသုံးဆူ၊ ဓမ္မရာဇိကဘုရား၊ ကဖွန်းအိုဘုရားနှင့် ကျောင်း၊ ထိလုကုန်း ဂူဘုရားနှင့်ကျောင်း၊ အရှေ့ကဿဘုရားစု၊ ဝိနည်းမိုရ်ဘုရား၊ ဆင်ဖြူရှင်အစုနှင့် တောကျောင်း၊ စောလှဝန်းဂူဘုရားနှင့် အုတ်ကျောင်းများ၊ သမန်းဂူဘုရား၊ စူဠာမဏိဘုရား၊ အဇ္ဇဂေါဏဂူဘုရားစု၊ တုရင်ပုထိုးနှင့်အုတ်ကျောင်းများ၊ နန္ဒပညာဂူဘုရား၊ အာမနာအုတ်ကျောင်း၊ မင်းဝိုင်းကျောင်း၊ တရုတ်ပြေးဂူဘုရား၊ သမ္ဗူလဘုရား၊ ပြဿဒါးကြီးဘုရား၊ အစောကြွမ်းဘုရား၊ မလာဖြစ်ဘုရား၊ ဇေယျာသွတ် ဂူဘုရား၊ သမထီး ဂူဘုရား၊ ဆုတောင်းပြည့်ဘုရား။



အနုပညာ၊ အဖြာဖြာနှင့်
သာယာခိုင်ဖြိုး၊ နိုင်ငံကြီးကို
သွေးစည်းရုံးစု၊ ဖန်ဆင်းပြုသည်
ပြည်သူ့အားမာန်၊ ပြည့်သူဉာဏ်တည့်
ထိုစိတ်မြတ်လည်း
မားမတ်ကြံ့ခိုင်၊ ကျောက်စာတိုင်သို့
မယိုင်မလဲ၊ တည်ဆဲတကား။


မင်းယုဝေ

'ပုဂံကဗျာ'မှ



လေးမျက်နှာဂူဘုရား

ပန်းရွှေပြည်စာအုပ်တိုက်



## လေးမျက်နှာဂူဘုရား

မင်းနန်သူရွာ၏ ဘုရား။ နှစ်စဉ် ဘုရားပွဲရှိသည်။

ဘုရားသုံးဆူ၏ အနောက်တောင်ဘက်တွင် ရှိသည်။

သက္ကရာဇ် ၁၂၂၂ ခုနှစ်တွင် နားတောင်းများမင်း၏ အမတ်ကြီး အနန္တသူနှင့် ဇနီးတို့ကောင်းမှု ဖြစ်သည်။ အလှူရှင်တစ်ဦးတည်းက အဆောက်အဦ လေးဆယ်ခန့် လှူဒါန်းထားခြင်းမှာ ထူးခြားသည်။ လေးမျက်နှာဂူ ဘုရားကျောက်စာကို လေ့လာပါက အသေးစိတ် သိနိုင်သည်။

ပုဂံခေတ်က ပညာရေးစံနစ်ကို ဖော်ပြနေသော တက္ကသိုလ်ကြီး ဖြစ်သည်ဟု ပညာရှင်တို့က ဆိုကြသည်။ ဘုရားပရ၀ုဏ်အတွင်း သိမ်၊ ကျောင်း၊ ပိဋကတ်တိုက်၊ ဓမ္မသာလာ၊ ရေကန်၊ ဘုရား စသဖြင့် အပြည့်အစုံ တည်သွားသည်။ ကျောင်း အဆောက်အဦ ပစ္စည်း အကြွင်းအကျန်တို့ကို ကြည့်ရှုခန့်မှန်းနိုင်၏။

ဘုရားအတွင်း ဗုဒ္ဓဆင်းတုတော်နှင့် နံရံပန်းချီများ ရှိသည်။



ပန်းရွှေပြည်စာအုပ်တိုက်



## ဘုရားသုံးဆူ

လေးမျက်နှာဘုရား၏ အရှေ့မြောက်ဘက်၌ ရှိသည်။

အရွယ်တူ၊ ဉာဏ်တော်တူ၊ ပုံစံတူ တည်ထားသည်။ တစ်ဆူနှင့်တစ်ဆူကို စင်္ကြံပေါင်းကူးလမ်းဖြင့် ဆက်ထားသည်။

ဂူဘုရား အမျိုးအစားဝင် ဖြစ်သည်။ ဂူထဲတွင် နံရံဆေးရေးပန်းချီလက်ရာများ ရှိသည်။ အနောက်ဘက်ဂူတွင်ကား ပန်းချီလက်ရာကို မတွေ့ရပေ။

ဗောဓိသတ္တဘုရားလောင်းပုံကို တွေ့နိုင်သည်။

မကောင်းဆိုးဝါး တိရစ္ဆာန်ပုံ၊ ဘီလူးပုံများကိုလည်း တွေ့ရပေသည်။

ပုဂံယွန်းပန်းချီပညာရှင်တို့သည် ဘုရားသုံးဆူမှ ပန်းချီများကို ယွန်းထည်များပေါ်၌ ကူးယူဖော်ပြကြသည်။


ဘုရားသုံးဆူမျက်နှာကျက်တွင် အနက်ခံပြီး အဝါနှင့် နီညိုရောင်သုံးကာ ကနုတ်များ ရေးခြယ်ထားသည်မှာ ပေါ်လွင်လှသည်၊ အဝလောကိတေသွာရပုံ များစွာကို တွေ့ရသည်။ မဟာယာနဂိုဏ်း၏ အစွယ်အပွားဂိုဏ်းခွဲဖြစ်သော တန္တရဂိုဏ်းဆိုင်ရာ ပန်းချီပုံ အများဆုံးရှိသည်။

ဘုရားသုံးဆူကို မည်သည့်ခုနှစ်တွင် မည်သူတည်ကြောင်း အထောက်အထား မတွေ့ရချေ။ သို့သော် ဗိသုကာလက်ရာ၊ ပန်းချီလက်ရာများကို ကြည့်ပြီး ၁၃ ရာစုထက် မစောကြောင်းကိုတော့ ခန့်မှန်းကြသည်။

## ဓမ္မရာဇကဘုရား

ဖွားစောရွာအနီးတွင် ရှိသည်။ ပုဂံရှိအဓိကဘုရားများထဲတွင် တစ်ဆူပါဝင်သည်။ ဉာဏ်တော် ၁၈၀ ပေ မြင့်မားသဖြင့် အဝေးမှပင် လှမ်းဖူးမြော်နိုင်အောင် အထင်ကရရှိသည်။ ကျောက်စာ၌ 'ဓမ္မရာဇက' ဟု ရေးထိုးထားသည်။ နရပတိစည်သူမင်းကြီး၏ ကောင်းမှုတော် ဖြစ်ပါသည်။ သိန်းဃိမင်းပို့လိုက်သော သရီရဓာတ်တော် အဆူသုံးဆယ်ကို ဌာပနာ ထားသည်။ နှစ် နှစ်တာမျှတည်ရသော ဘုရားဖြစ်၏။ ပစ္စယံ အဆင့်ဆင့်ရှိပြီး၊ ပစ္စယံတိုင်းတွင် ဇာတ်တော် များ၊ စဥ့်ကွင်းရုပ်များဖြင့် ဖော်ထား၏။

ရွှေစည်းခုံစေတီတော်နှင့် တူသယောင်ရှိသော်လည်း အာရုံခံမုခ်အဝ ငါးခုထားရှိခြင်းမှာ ထူးခြားနေ၏။ ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူမည့်



ဘုရားငါးဆူကို မုခ်ငါးမုခ် ငါးမျက်နှာတွင် ဂူတစ်ဂူစီ၌ ကြေးဆင်းတုများ ငါးဆူသွန်းကာ ပူဇော်ထား၏။ ၎င်း ဂူဘုရားငါးဆူ၏ အတွင်းနံရံများ၌ ပုဂံခေတ်ပန်းချီနှင့် ကမ္ဗည်းစာ၊ ကျောက်စာများကို လေ့လာနိုင်သည်။ ဓမ္မရာဇက စေတီတော်သမိုင်းကို အရှေ့ဘက် အာရုံခံမုခ်ကျောက်စာ၌ တွေ့နိုင်ပါသည်။

သက္ကရာဇ် ၅၅၈ တွင် တည်၍ သက္ကရာဇ် ၅၆၀တွင် အထွတ်တင် (ယခုကဲ့သို့ ထီးတင်ခြင်းမဟုတ်ပါ)ပြီးစီးကြောင်း တွေ့ရပေသည်။

ပုဂံလျှင်လှုပ်စဉ်က ဖောင်းရစ်အထက်ပိုင်း ပြိုကျပျက်စီးခဲ့သည်။

## တကွန်းအိုဘုရားနှင့် ကျောင်း

ဖေယျာသွတ်ဂူဘုရားမှ တောင်ဘက် မနီးမဝေးတွင် ရှိပါသည်။

မြန်မာသက္ကရာဇ် ၅၅၀ ပြည့်နှစ်တွင် နရသီဟပတေ့မင်း တည်သည်။ ၆၂၄ ခုနှစ်တွင် စောမင်းနှင့် ဇနီး ကြာသဝတ်တို့က တံတိုင်းမီးကာ လေးခု၊ ဂူ တစ်ခု၊ စုလစ်မွမ်းခေါင် ကျောင်းကြီးတစ်ဆောင်၊ ကုလားကျောင်း တစ်ခု၊ စာသင်တိုက် ရှစ်တိုက်၊ သိမ် တစ်ခု၊ ပိဋကတ် သုံးပုံ၊ တရားပလ္လင် တစ်ခုတို့ကို လှူဒါန်းကြောင်း 'ကဖွန်းအို ဘုရားကျောက်စာ'အရ သိရပါသည်။

အရှေ့ဘက် မျက်နှာပြုတည်ထားပြီး၊ ဉာဏ်တော် ၄၅ ပေ မြင့်ပါသည်။

ပုဂံလျှင်လှုပ်စဉ်က ထီးတော် ပြုတ်ကျသည်။ အပေါ်လည်ရစ် တစ်ဝက်မျှ ကျိုးပဲ့ခဲ့သည်။

## ထိလုကုန်း ဂူဘုရားနှင့်ကျောင်း

အဇ္ဇဂေါဏဘုရား တံတိုင်းမြောက်ဘက်လမ်းအတိုင်း သွားရပါသည်။

ယင်းဂူဘုရား တည်ရာအရပ်သည် ထိလုကုန်းအရပ်ဖြစ်ကြောင်းနှင့် ပိဋကတ်သုံးပုံတတ် ဟူးရားသမားအမှုတတ် အမတ်ကြီး စတုရင်္ဂဗိဇာယမိသားစု ဒါနပြုပုံတို့ကို မှတ်တမ်းကျောက်စာ ရေးထိုးထားသည်။

## အရှေ့ကဿပ ဘုရားစု

မင်းနန်သူရွာ တောင်ဘက်တွင် ရှိသည်။ မြန်မာသက္ကရာဇ် ၆၁၆ ခုနှစ်တွင် ရဟန်းတစ်ပါး တည်သည်ဟု ဆိုကြသည်။ ကျစွာမင်း၏ သားတော်တစ်ပါး ကောင်းမှုဟုလည်း ဆိုကြသည်။

ကျစွာမင်းလက်ထက်တွင် သီတင်းသုံးသော ကဿပမဟာထေရ်မြတ် ကျောင်းအဆောက်အဦးကို အကြောင်းပြု၍ ခေါ်ဝေါ်ခြင်းဖြစ်သည်ဟုလည်း ဆိုသည်။

ဘုရားအတွင်း နံရံများတွင် ဆေးရေးပန်းချီများ ရှိ၏။ ဉာဏ်တော် ၄၅ ပေ မြင့်သည်။

ပုဂံလျှင်လှုပ်စဉ်က ဖောင်းရစ်ပတ်လည် ပြိုကျသွားသည်။

## ဝိနည်းဓိုရ်ဘုရား

ကုလားကျောင်းခံ ဂူဘုရား ဖြစ်သည်။

အလှူရှင်များ လှူဒါန်းပုံစာရင်းကို ကျောက်စာအရ သိနိုင်သည်။ ကျောက်စာရေးထိုးထားသော ဘုရား ဖြစ်သည်။

အရှေ့ဘက်သို့ မျက်နှာပြုကာ တည်ထားသည်။ ဉာဏ်တော်အမြင့်ပေ ၉၀ ရှိ၏။ သက္ကရာဇ် ၅၇၈ ခုနှစ်မှ ၆၁၈ ခုနှစ်အတွင်း ကောင်းမှုပြုသော ဘုရားစု ဖြစ်သည်။

ဘုရားအတွင်းတွင် ဗုဒ္ဓဝင် ဆေးရေးပန်းချီများနှင့် မင်စာများ ရှိသည်။

## ဆင်ဖြူရှင်အစုနှင့် တောကျောင်း

ပုဂံမှ မင်းနန်သူရွာသွားသော လမ်းမြောက်ဘက်ရှိ စေတီပုထိုး အုတ်ကျောင်းစု ဖြစ်သည်။ ကျစွာမင်းကြီးလက်ထက် (၁၂၃၄-၁၂၅၀) မှ ပုဂံပြည်ကြီး မေးမိုန်စ,ပြုချိန်အထိ နှစ်ပေါင်း တစ်ရာခန့်အတွင်း လှူဒါန်းတည်ဆောက် ကောင်းမှုပြုခဲ့ကြောင်း ကျောက်စာများအရ သိရပါသည်။

ဆင်ဖြူရှင်ဘုရား၏ အရှေ့မုခ်၊ အနောက်မုခ် အဝင်ပေါက်များတွင် အင်္ဂတေလက်ရာများ အတန်အသင့်ကောင်းမွန်စွာ တွေ့နိုင်ပါသေးသည်။

## စောလှဝန်းဂူဘုရားနှင့် အုတ်ကျောင်းများ

မင်းနန်သူရွာအနောက်ဘက်တွင် ရှိသည်။ မိဖုရားဖွားစော၏ကောင်းမှုတော်များ ဖြစ်သည်။

စောလှဝန်းဂူဘုရား ရှေ့မျက်နှာစာမုခ်တွင် အင်္ဂတေပန်းများ အပြည့်ရှိသေးသည်။ ဂူအတွင်းရှိ မိဖုရားဖွားစော၏ကျောက်စာကို လေ့လာသင့်သည်။

စောလှဝန်းဂူဘုရားပေါ်မှ ကြည့်ပါက မင်းနန်သူရွာဝန်းကျင်ကို မြင်တွေ့နိုင်သည်။



ပန်းချေပြည်စာအုပ်တိုက်

## သမန်းဂူဘုရား

မင်းနန်သူရွာ အနောက်ဘက်နားတွင် ရှိသည်။


ဂူဘုရားအဝင် မုခ်ပေါက်ဝ၌ ကြာပွင့်ကိုင်နတ်ရုပ်များ၊ ဦးခေါင်းလေးလုံးပါ ထီးကိုင်ဗြဟ္မာရုပ်နှင့် သိကြာမင်းရုပ် အင်္ဂတေလက်ရာများကို တွေ့မြင်နိုင်သည်။

## စူဠာမဏိဘုရား (စူဠမုနိဘုရား)

အာနန္ဒာဘုရားတောင်ဘက်မှ ဓမ္မရံကြီးဘုရားသို့ သွားသောလမ်းအတိုင်း အရှေ့ဘက်သို့ အတန်ငယ်သွားသော် ရောက်ပါသည်။ မင်းနန်သူရွာနှင့်စာလျှင် ပုဂံနှင့် ပိုနီးပါသည်။

၁၁၇၄ ခုနှစ်တွင် မင်းအဖြစ်ရောက်တော်မူသော နရပတိစည်သူမင်းကြီးသည် ပုဂံအရှေ့တောင်ဘက်ရှိ တဲ့ဝပ်တောင်စွယ်တော်ရှင်စေတီကို အဖူးအမြော်ထွက်၏။ ဖူးမြော်ရာမှအပြန် ညဥ့်နက်ချိန်၌ ချောက်ကြီးတစ်ခုအတွင်မှ တဝင်းဝင်းတလက်လက်မြင်မိရာ စုံးစမ်းစေ၏။ မီးရောင်၊ ပတ္တမြားရောင် မဟုတ်ကြောင်းသိရသော ဤနေရာ၌ ဘုရားတည်စေလိုသဖြင့် နတ်တို့ညွှန်ခြင်းဖြစ်မည်ဟု ယူဆကာ ချောက်ကြီးကို တိုင်းသူပြည်သားတို့အား မြေဖို့စေ၏။ မြေမျက်နှာပြင် ညီသည်အထိ လူအများကို အပူတပြင်းခိုင်းစေရာ ပုံသကူမဟာထေရ်နှင့် မင်းတို့ သဘောမညီ ဖြစ်ရတော့သည်။

၁၁၈၃ ခုနှစ်တွင် လိုဏ်နှစ်ဆင့်ရှိသော စေတီကိုတည်ပြီး 'စူဠမုနိဘုရား' ဟု သမုတ်တော်မူ၏။ စူဠမုနိဘုရားတည်ရာမှ ပိုသော



အုတ်တို့ကိုသုံးပြီး ဘုရားအနီးတွင်ပင် (ပွဲသကူ မထေရ်နှင့် စိတ်ဝမ်းကွဲသည့် အထိမ်းအမှတ်ဖြင့်) 'သပိတ်မှောက်ဘုရား'တည်သည်ဟု ဆိုကြသည်။

စူဠမုနိဘုရားအနီး အုတ်ရေကန်ငယ်သည် ပညာရှိ ဦးကျည်ပွေ့အား ရေနှစ်ပြီးစာမေးသောကန်ဟု ဆိုကြသည်။

စူဠမုနိဂူဘုရားအတွင်း နံရံကြောင်လိမ်လှေခါးမှ အပေါ်သို့တက်သော် ဗုဒ္ဓဆင်းတုတော်ကြီးကို ကြည်ညိုနိုင်သည်။ ပုဂံခေတ်လက်ရာ စဥ့်စိမ်းချပ်၊ စဥ့်ဝါချပ်များ နံရံ၌ ကပ်ထားသည်။ ခေတ်အဆက်ဆက် ရေးမှတ်ခဲ့သော သသ်ကရိုက်ဘာသာ ကမ္ပည်းစာများကို လေ့လာနိုင်သည်။

ပုဂံခေတ်လက်ရာ မဟုတ်သော ကုန်းဘောင်ခေတ်လက်ရာ နံရံဆေးပန်းချီများကိုလည်း တွေ့ရသည်။

သဗ္ဗညုဘုရားနှင့် ပုံစံ တူသည်။ နီညိုရောင် မဟာရံအဘက် ဘံတိုင်းအတွင်း၌ ကုလားကျောင်းခံ လိုဏ်ဂူနှစ်ထပ် အဆောက်အဦး ဖြစ်၏။ ထုထည်ကြီးမား ခံ့ညားသည်။ အမြင့်ပေ ၁၅၀ခန့် ရှိသည်။ အာရုံခံမျက်နှာ တစ်ဘက်သာရှိပြီး၊ အပေါ်ထပ်တက်ကြည့်လျှင် နန်းတော်ကြီးတစ်ခုပေါ် ရောက်နေသလို ထင်ရ၏။ ထုထည်ကြီး သလောက် အလင်းရောင် ကောင်းကောင်းရအောင် စီစဉ်ထားသည်။ လေဝင်လေထွက်လည်း ကောင်းသည်။ အပြင်ဘက် အင်္ဂတေလက်ရာ ပန်းများမှာ အခိုင်အခံ့ ရှိသည်။

ငလျင်မလှုပ်မီကတည်းက ထိပ်ပိုင်းကွမ်းတောင်တစ်ဝက် ကွဲ အက်ပြိုပျက်နေသည်။ ငလျင်လှုပ်သောအခါ တစ်ခုလုံး ပြိုကျသွား သည်။ စိန်တန်းများ ပျက်စီးခဲ့သည်။ စေတီရံအချို့ ပျက်စီးသည်။

## အင်္ဂဝေါဏာဂူဘုရားစု

မင်းနန်သူချောင်း၏ မြောက်ဘက်တွင် ရှိသည်။

အတန်ငယ်ကျယ်သော တံတိုင်းအတွင်းတွင် ရှိပါသည်။ ကျစွာမင်း၏အမတ်ကြီး မဟာသမန်နှင့် ဇနီးတို့က မြန်မာသက္ကရာဇ် ၅၉၉ ခုနှစ်တွင်ပြုသော ကောင်းမှုဖြစ်ပါသည်။ 'ဘုရားခေါင်ကြီး' ဟုလည်း အမည်တွင်သည်။ ဘုရားတော် အမြင့် ၇၅ ပေ ရှိသည်။

နံရံဆေးပန်းချီပုံများ ရှိပါသည်။

အရှေ့တောင်ဘက်ရှိ နံရံဇာင်္ဂကွက်များပေါ်က ဆုတောင်း စာကို လေ့လာသင့်သည်။


ငလျင်လှုပ်စဉ်က အထွတ်စေတီအထက်ပိုင်းနှင့် မြောက် ဘက်ခြမ်း ပြိုကျခဲ့သည်။



## တုရင်ပုထိုးနှင့် အုတ်ကျောင်းများ

မင်းနန်သူရွာ တောင်ဘက် ယ်တစ်ခုကို ဖြတ်ကျော် သွားရပါသည်။

သက္ကရာဇ် ၆၅၁ ခုနှစ်တွင် သံပျင်စီယ်သတ္တိယ်ကြီးတည်သော ကျောင်းနှင့် ပုထိုးတော်ဖြစ်ကြောင်း မုခ်ဝရှိ ကျောက်စာအရ သိနိုင်ပါသည်။ အုတ်ကျောင်းကြီး ခုနစ်ကျောင်း ရှိသည်။ မြောက်ဘက် အုတ်ကျောင်းကြီးမှာ အပေါ်တွင် အလယ်ဆောင်မ ရှိသည်။ ဘေး လေးထောင့်တွင်လည်း အဆောင်ငယ် တစ်ခုစီ ရှိသည်။ အုတ်ကျောင်း အတွင်းနံရံများတွင် ကမ္ပည်းစာများ ရေးထိုးထားသည်။



## နန္ဒပညာဂူဘုရား

နရသီဟပတေ့မင်းလက်ထက် အနန္တပညာမဟာထေရ် သီတင်းသုံးသော ဥမင်အနီးတွင် ဤဂူဘုရားကို တည်သည်။ ဘုရင်နရသီဟပတေ့မင်း အမိန့်တော်ဖြင့် ၁၂၈၄ ခုနှစ်တွင် တည်သည်ဟု ဘုရားအဝရှိ ကျောက်စာ၌ ရေးထိုးထားသည်။ သီတင်းသုံးသော မဟာထေရ်ကို အစွဲပြု၍ 'နန္ဒပညာဂူဘုရား'ဟု တွင်ခဲ့ပေသည်။

စေတီဉာဏ်တော်အမြင့်ပေ ၃၀ ရှိသည်။ အုတ်ခုံပေါ်တွင် တည်ထားပြီး အရွယ်အစား သေးငယ်သော မုခ်စေတီ ဖြစ်သည်။ စေတီအတွင်း၌ မဟာယာဉ်ဂိုဏ်းဆိုင်ရာ တန္တရပန်းချီများ မျက်နှာကျက်နှင့် နံရံတို့၌ အပြည့်ရှိ၏။ ပုဂံခေတ်ဘုရားစေတီ ထီးတော်ပုံ၊ အထွတ်ပုံများကို ပန်းချီများတွင် လေ့လာနိုင်သည်။ ဗောဓိသတ်ဘုရားလောင်းပုံ၊ မတ်ရပ် လောကနာထပုံတော်တို့ကိုပါ တွေ့ရပေသည်။

# အာမနာအုတ်ကျောင်း

နန္ဒပညာဂူဘုရားသို့ သွားလမ်း၏ အနောက်ဘက်လှမ်းလှမ်းတွင် ရှိပါသည်။ တံတိုင်းနှစ်ထပ်ရံ ကျောင်းတိုက် ဖြစ်သည်။

သိဃ်သူသမီး (နရသီဟပတေ့မင်း၏ မိဖုရားငယ်တစ်ပါးဟု ယူဆရသည်) မင်းမယား၏ ကောင်းမှု ဖြစ်သည်။ သိဃ်သူသမီးရေးသော အာမနာကျောင်း ကျောက်စာမှာ ထင်ရှားသည်။

*ဤ ထိုက်ပြုသော ကောင်းမှုအကျိုး အဝဝို့ခပ်သိမ်းသောကို အစိုးရသော ရေမြေ့သခင်ဖြစ်သော မင်းကြီးလေညီး ရစေသား။ ဤ ကောင်းမှု အာနုဘော်ကြောင့် ပြည်ဝိုင်းကား ခပ်သိမ်းသောနိုင်ငံ နေသော လူခပ်သိမ်းသော၏ အစီးအပွားချမ်းသာကို ရှာပေလျှက် သက်တော်ရှည်စွာနေ၍ ဤကောင်းမှုကို ထောက်ပံ့စေသတည်း။ မိဖုရားစသော မောင်းမတော် ခပ်သိမ်းလေညီး ရစေသား။ အချင်းချင်း အမျက်အကျ တစေမရှိ ချစ်သော မျက်စိဖြင့် ရှုကြရစေသား။*

သိဃ်သူသမီးကျောက်စာင ကောင်းမှု အမျှပေးဝေ မေတ္တာထားပုံကား နူးညံ့သိမ်မွေ့လှ

# မင်းဝိုင်းကျောင်း

တံတိုင်းနှစ်ထပ်ရံထားသော ကျောင်းဝိုင်းကျယ်ကြီး ဖြစ်သည်။ ဤ ကျောင်းဝိုင်းအတွင်း၌ ဥစ္စနာမင်း၏မိဖုရားဖွားစောက မြန်မာသက္ကရာဇ် ၆၂၇ ခုနှစ်တွင် ဂူလေးမျက်နှာ တစ်ခု၊ ပိဋကတ်တိုက်၊ ကုလားကျောင်း တစ်ခု၊ အခြားကျောင်း တစ်ခု၊ ဓမ္မသာလာ တစ်ခု၊ ကျောင်းမြင့်တစ်ခု၊ စလစ်ကျောင်းနိမ့် တစ်ခု၊ အလှူပစ္စည်းထားရာ ကပ္ပိယကုဋိ တစ်ခုတို့ကို ဆောက်လုပ်လှူခဲ့သည်။ မြေများ ကျွန်များကိုပါ လှူပါသည်။

မင်းဝိုင်းကျောင်း ကျောက်စာပါ အရေးအသားအရ မိဖုရားဖွားစော၏ အလှူစာရင်းနှင့် မိဖုရားဖွားစော၏ မာန်မာန စိတ်ဓာတ်ကို တွေ့မြင်နိုင်သည်။

*အသက်ရှည်သော၊ အနာမဲ့သော၊ အဆင်းလှသော၊ အသံသာသော၊ အလုံးအရပ် လှသော၊ လူနတ်သိကြားတို့ချစ်ခင်ကြည်ညိုသောသော မြတ်သောသူ ဖြစ်လိုဧ။ ရွှေငွေပတ္တမြား ပုလဲသန္တာ ကာ စသော အသက်မွေးစွာ၊ အသက်ရှိသော ဆင်မြင်းက စသော ဥစ္စာရတနာများစွာသော သူ ဖြစ်လိုက်ပါဧ။ ဘုန်းတန်ခိုးဖြင့် အခိုင်အခံ့ အခြံအရံ အကျော်အစောကြီးစွာသော သူ ဖြစ်လိုဧ။ ဖြစ်လေရာရာအရပ်၌ အလှူသတင်း သဒ္ဓါပညာကာစသော မြတ်သောကျေးဇူးနှင့် ပြည့်စုံလျက် ဆိုငြယ် [သင်းရဲ]အမှတ် မသိလို။*

# တရုတ်ပြေးဂူဘုရား

မင်းဝိုင်းကျောင်း အရှေ့တံတိုင်းဘက်တွင် ရှိသည်။

နရသီဟပတေ့မင်း (တရုတ်ပြေးမင်း) ကောင်းမှုဟု ကျောက်စာများက ဖော်ပြသည်။ 'တရုတ်ပြန်ဘုရား'ဟုလည်း ခေါ်ကြသည်။ ဂူအတွင်း နံရံများတွင် ဆေးရေးပန်းချီများ ရှိသည်။ အင်္ဂတေများလည်း ကောင်းမွန်သည်။ နံရံမင်စာ၌ သက္ကရာဇ် ၆၁၁ ခုနှစ်ထိုး အမတ်လကံ့၏ကောင်းမှုဟု တွေ့ရသည်။

အချို့က တရုတ်ပြေးမင်း နန်းမတက်မီကတည်းက တည်ဆောက်ထားဟန်ရှိသည်ဟု ဆိုကြ၏။


သက္ကရာဇ် ၆၅၀ ခုနှစ်တွင် ကျော်စွာမင်းတည်သည် ဟုလည်း ဆိုကြပြန်သည်။

မုခ်နှစ်ဆင့်ခံ စေတီဖြစ်ပြီး၊ ဉာဏ်တော် ၁၆၅ ပေ မြင့်သည်။ ငလျင်လှုပ်စဉ် အပေါ်ထပ် အက်ကွဲခဲ့သည်။



အုတ်ခွက်ဘုရား

ပန်းရွှေပြည်စာအုပ်တိုက်



## သမ္ဗျုလဘုရား

ကျစွာမင်း၏ သမီးတော် ဥဇနာ၏မိဖုရား တြိလောကစန္ဒြဒေဝီ (သုံးလူ့လ)က သက္ကရာဇ် ၆၁၇ ခုနှစ်တွင် တည်သော ဘုရားဖြစ်သည်။

ဤဘုရားတွင် ပုဂံခေတ် ဗုဒ္ဓစာပေဆိုင်ရာ မှတ်ချက်များကို လေ့လာနိုင်သည်။ အတွင်းနံရံ ဆေးရေးပန်းချီများ၊ အင်္ဂတေပန်းများမှာ စိတ်ဝင်စားဖွယ် အလွန် ကောင်း၏။

အရှေ့ဘက်သို့ မျက်နှာပြုတည်ထားသည်။ ဉာဏ်တော် ပေ ၆၀ မြင့်ပါသည်။ အမည်ရင်း သုံးလူ့လမှ 'သမ္ဗျုလ'ဟု ရွေ့လျောခဲ့လေသည်။

လျောင်လှုပ်စဉ်က အရှေ့ဘက်မုခ်ပေါက်ရှိ အင်္ဂတေပန်းများ ကွာကျက်နံပါသည်။



## ပြဿဒါးကြီးဘုရား

ကျစွာမင်းကြီး၏ ကောင်းမှုတော် ဖြစ်သည်။ သို့သော် အပြီး သတ်မသွားနိုင်ခဲ့ဟု ဆိုကြသည်။ လက်ရာအနေဖြင့် ကြည့်စရာ မရှိပါ။ အဆောက်အဦး ထုထည်ပမာဏကိုသာ တွေ့ရပေမည်။

ပန်းရွှေပြည်စာအုပ်တိုက်

## အစောကြွမ်းဘုရား

လေးထောင့်ကန် မြောက်ဘက်တွင် ရှိသည်။ အစောကြွမ်းမင်းသမီး တည်သည်။

အစောကြွမ်းဘုရားကို 'ဂဠုန်ဘုရား' ဟုလည်း ခေါ်သည်။ လေးမျက်နှာ ရှိသည်။

ကျောက်စာချပ် ရှိပါသည်။

ဉာဏ်တော် ပေ ၃၀ မြင့်ပေသည်။

ပုဂံလျှင်လှုပ်စဉ်က အရှေ့မုခ်နှင့် အနောက်မုခ်များ ပျက်စီးခဲ့သည်။

## မလာဖြစ်ဘုရား

မြန်မာသက္ကရာဇ် ၆၀၀ ပြည့်နှစ်က အမတ်ကြီးတစ်ဦး ကောင်းမှုဟုဆိုပေသည်။

အချို့ကလည်း မြန်မာသက္ကရာဇ် ၆၃၆ ခုနှစ်တွင် အမတ်တချာ ကောင်းမှုဟု ဆိုကြသည်။

ဉာဏ်တော်အမြင့် ၇၇ ပေ ကျော်သည်။

အရှေ့ဘက်သို့ မျက်နှာပြု တည်ထားသည်။

လျှင်လှုပ်စဉ်က အနောက်ဘက်ပိုင်း ပြိုကျပျက်စီးခဲ့သည်။

## ဇေယျသွတ်ဂူဘုရား

ဖွားစောရွာ ရေကန်ကြီးမြောက်ဘက် လှည်းလမ်းအတိုင်း သွားရပါသည်။

နရသီဟပတေ့မင်းလက်ထက်တွင် သံပျင်ဇေယျသွတ် တည်သောဘုရား ဖြစ်သည်ဟု ကောင်းမှုတော်မှတ်တမ်း ကျောက်စာအရ သိရပါသည်။

ဘုရားအတွင်း နံရံဆေးရေးပန်းချီနှင့် ကမ္ပည်းစာများကို လေ့လာနိုင်သည်။

## သမထီး ဂူဘုရား

သမုတိ ဂူဘုရားနှင့်ကုသဂူ ဘုရားတို့ ရှိသည်။ သမုတိဂူဘုရား၏ အရှေ့ဆောင်ဘက်တွင် ကုသဂူဘုရား ရှိသည်။ သမုတိဂူဘုရား၏ အရှေ့ဆောင်နှင့် အတွင်းဆောင်ပေါင်းကူးတွင် ဗုဒ္ဓဝင်ရှစ်ခန်း ပန်းချီပုံများ ရေးဆွဲထားသည်။

သက္ကရာဇ် ၆၂၇ ခုနှစ်တွင် မိဖုရားအရီးစော (သီရိဘုဝနာဒိတျ ပဝရ ဓမ္မရာဇာမင်း၏ မိဖုရား)တည်သည်။ သစ်မတိ (သမထီး) အရပ်၌တည်သောကြောင့် 'သမထီးဂူဘုရား'ဟု တွင်သည်။ အုတ်တံတိုင်းအရံအတွင်း ဂူ၊ ပိဋကတ်တိုက်၊ ကျောင်း၊ ရေကန်၊ ရေတွင်း၊ ဆင်းတုတော် စသော ကုသိုလ်ကောင်းမှုများကို တစ်ပါတည်း ပြုခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

## ပန်းရွှေပြည်စာအုပ်တိုက်

# ဆုတောင်းပြည့်ဘုရား

အရှေ့ဖွားစောရွာ၏ ဘုရား ဖြစ်သည်။ နှစ်စဉ် နတ်တော်လဆန်း ၁၃၊ ၁၄၊ ၁၅ ရက်များတွင် ဘုရားပွဲ ကျင်းပသည်။

ပုဂံခေတ်တွင် ဖွားစော သုံးယောက် (နရသိင်္ခမင်း၏ မိဖုရား ဖွားစော၊ နရသီဟပတေ့မင်း၏ မိဖုရား ဖွားစော၊ ကျော်စွာမင်း၏ မိဖုရား ဖွားစော)အနက် ကျော်စွာမင်း၏မိဖုရား ဖွားစော (၆၆၁ နှစ်)တွင် တည်သည်။ ကျော်စွာမင်းနန်းကျပြီး စောနစ်မင်း လက်ထက်တွင် ကျော်စွာမင်းမိဖုရား ဖွားစောကို ဆက်လက် မိဖုရားမြှောက်ထားဟန် တူသည်။ စောနစ်မင်း၏ မိဖုရားဖြစ်ချိန် ကျောင်းကန်ဘုရားများစွာကို တည်ခဲ့သည်။

ဆုတောင်းပြည့်ဘုရားတွင် အနောက်တောင်ဘက် အုတ်တိုက်များမှာ ပိဋကတ်တိုက် စာသင်တိုက်များ ဖြစ်ဖွယ်ရှိ၏။ သို့သော် ပြိုပျက်နေပြီ။ အရှေ့ဘက်အုတ်ကျောင်း၏ နံရံတစ်ခုသာ ကျန်တော့သည်။ ပုဂံခေတ် အင်္ဂတေပန်းလက်ရာများကို အံ့ဩဖွယ်ရာ တွေ့နိုင်ပါသည်။

## ဓါတ်ပုံဓါတ်ရုပ်

ဖွားစောရွာ နစ်ရွာ၊ မိဖုရားဖွားစော သုံးပါး၊ အမည်တွင်ပုံများ၊ တုရွှင်းတောင် ဘုရား၊ စောရဟန်သိမ်၊ တုံ့ဝပ်တောင်ဘုရား၊ မြကန်၊ တန့်ကြည်တောင်ဘုရား၊ ပုဂံနှင့်ယွန်း၊ ပုပ္ပားတောင်။။



စေတီနှင့် တန်ဆောင်း
ဆည်ချောင်းနှင့် ပေါ်းနဲ့
ရွှေပေါက္ကံ ပြည်တကြောမှာ
ပေါချင်တိုင်း ပေါတဲ့ပြင်
ဝပြောတဲ့သာသနာ
ခေါင်းလောင်းသံ ညံမစဲရယ်နှင့်
ပုဂံပွဲသာလွန်းလို့
လာသူလာ သွားသူသွား။

ဇော်ဂျီ
'ရှေးခေတ်ပုဂံပြည်'မှ

## ဖွားစောရွာနှစ်ရွာ

ဖွားစောရွာ နှစ်ရွာရှိ၏။

အရှေ့ဖွားစောရွာနှင့် အနောက်ဖွားစောရွာတို့ ဖြစ်သည်။

အရှေ့ဖွားစောရွာဘက်တွင် ဘုရားပုထိုး အနည်းအကျဉ်းသာ တွေ့ရပြီး၊ အနောက်ဖွားစောရွာ၏ အနောက်ဘက်နှင့် တောင်ဘက်တို့တွင် ဂူကျောင်း များစွာတွေ့ရပါသည်။


ဖွားစောရွာဘက်သို့ သွားရန် သွည်ပွမ်းများသာ များသည်။

## မိဖုရားဖွားစော သုံးပါး

ပုဂံရာဇဝင်တွင် 'မိဖုရားဖွားစော'သုံးပါး ပေါ်ခဲ့သည်။

- နရသိခ်မင်း၏ မိဖုရား၊ ဥဇနာမင်း၏ မယ်တော်၊ နရသီဟပတေ့မင်း၏အဘွားဖြစ်သော မိဖုရားဖွားစော (ပထမ)
- နရသီဟပတေ့မင်း၏ မိဖုရားဖွားစော (ဒုတိယ)
- ဒုတိယဖွားစော၏ညီမ ကျော်စွာမင်း၏မိဖုရားဖွားစော (တတိယ)

ကျော်စွာမင်းနန်းကျပြီး စောနစ်မင်းနန်းတက်ချိန်တွင်လည်း တတိယမိဖုရားဖွားစောသည် မိဖုရားအရာ ရသေးသည်။ စောနစ်မင်းလက်ထက်တွင် မိဖုရားဖွားစောသည် ကျောင်းကန်ဘုရားသာသနာ့ အဆောက်အဦးများစွာကို ဆောက်လုပ်လှူဒါန်းခဲ့သည်။



# အမည်တွင်ပုံများ

တုရွှင်းတောင်ခြေ အောင်ပရွာတောင်ဘက်၌ ယုန်လွတ်ကျွန်း တည်ရှိသည်။ အရိမဒ္ဒနပူရ ပုဂံမြို့တော် စတည်ရာ အရပ်ပင်။

တုရွှင်းတောင်အနောက်ဘက် တောင်ခြေ၌ကား အလံပြကန်။ အနော်ရထာနှင့် စုက္ကတေး စီးချင်းထိုးရာ၊ စုက္ကတေးအား အလံပြ အချက်ပေးခဲ့သော နေရာဟု ဆိုကြသည်။

စီးချင်းထိုးရင်း စုက္ကတေး မြင်းပေါ်က ကျဆင်းခဲ့ရာနေရာက 'ကျဆင်း'။ စုက္ကတေးကျခဲ့ပြီး မြင်းတွင် ကကြိုးသာပါလာသည်ကို တွေ့သောနေရာကား 'မြင်းကပါ'။ စုက္ကတေး၏ ပြသာဒ်ရွှေဂူ တည်ရာနေရာကား (ပြသာဒ်ရွှေဂူ) 'ဖြတ်စရွှေဂူ'။ အနော်ရထာကို မယ်တော်ကဆီးကြိုရာ၌ မြတဘက် လွင့်ကျရာနေရာကား 'တဘက်ကျ'။

မိဖုရားဖွားစောကို 'ဖွားစော'ရွာ။ အနန္တသူရိယရွာကို 'မင်းနန်သူ'ရွာ။ သီရိပစ္စယာမြို့ဟောင်း (ဒုတိယ ပုဂံမြို့တော်)တည်ခဲ့သော နေရာကား (သီရိ) 'သရိ'ရွာ။

# တုရွှင်းတောင်ဘုရား

တုရွှင်းတောင်နှင့် ညောင်ဦးသည် ခုနစ်မိုင် ဝေးပါသည်။ ပုဂံအရှေ့ဘက်တွင် ရှိသည်။

ညောင်ဦးမြို့အနောက်ဘက်မှ ထွက်ပြီး တောင်ဘက်သို့ နှစ်မိုင်ခန့် သွားရပါသည်။ ကားလမ်း ပေါက်ပါသည်။ အနောက်ဘက် တောင်ခြေစောင်းတန်းအထိ ကားဖြင့် သွားရှုရပါသည်။ အရှေ့ဘက် လမ်းမှာ တောလမ်းဖြစ်၍ ခရီးကြမ်းသည်။ အတက် နည်းသည်။

တုရွှင်းတောင်သည် တုရင် (ပါဠိ)မှ လာ၏။ 'တုရွှင်းတောင်' အသံထွက် ခေါ်ဝေါ်ကြ၏။

ပုဂံအကြောင်းပြောလျှင် တုရွှင်းတောင်သည် မပါမပြီးချေ။ ပုဂံကျောက်စာတို့၌လည်း တုရွှင်းတောင်အမည်သည် ပါခဲ့သည်သာ၊ (စုဠာမဏိ ကျောက်စာ၊ စေရပဟန်သိမ် ကျောက်စာ)။ အလောင်းစည်သူမင်းကြီးက 'ငါမအိုသေး'ဟုလက်ရုံးဆန့်တန်းရာ မှူးမတ်တို့ ရယ်ပြုံးကြသဖြင့် ဦးပေါင်းကျားနှင့် မြင်းဖြူရှင် အယောင်ဆောင်ကာ လူစွမ်းပြခဲ့သောနေရာသည် တုရွှင်းတောင်ခြေပင် ဖြစ်ပါသည်။

ရှင်အရဟံ၏ အန္တိမရျာပနကို တုရွှင်းတောင်ခြေ၌ပင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းလည်း ဆိုကြသည်။

တုရွှင်းတောင်မှ ကျောက်များကို ရွှေစည်းခုံဘုရားတင်ရာ၌ အသုံးပြုခဲ့ရသည်။

တုရွှင်းတောင်ထိပ်မှ ကြည့်လိုက်လျှင် အနောက်ဘက်တစ်ခွင် တစ်ပြင် မျက်စိတစ်ဆုံး၌မြင်ရသော ပုဂံမြင်ကွင်းကျယ်ကား ကြည်နူးလွမ်းမောဖွယ် ကောင်းလှပါသည်။

တုရှင်းတောင်တန်းသည် အနောက်မြောက်နှင့် အရှေ့တောင်ကို ခပ်ယွန်းယွန်းတန်းနေသည်။ တောင်မြောက် တိတိပပကြီး မရှိချေ။ အလျား ၁၂ မိုင်ခန့်ရှိသည်။ အမြင့်ပေမှာ ငါးရာ ခြောက်ရာမျှသာ ဖြစ်၏။

အနော်ရထာမင်းသည် တုရှင်းတောင်ပေါ်၌ စွယ်တော်မြတ်စေတီတစ်ဆူကို တည်ထားသည်။ သိဟိုမင်းပို့သောစွယ်တော်ကို ဆင်ဖြူပေါ်တင်၍ အဓိဋ္ဌာန်ကာ လွှတ်၏။ ဆင်ဖြူဝပ်ရာ၌ တည်ခြင်းဖြစ်၏။ ရွှေစည်းခုံ ဘုရား၊ လောကနန္ဒာဘုရား၊ တန့်ကြည်တောင်ဘုရားတို့နည်းတူ ဖြစ်၏။ နှစ်စဉ် စွယ်တော်ရှင်စေတီ ဘုရားပွဲရှိသည်။

## စောရဟန်းသိမ်

တုရှင်းတောင်ဘုရားပေါ်တွင် ရှိသည်။ တုရင်းတောင်စေတီအနီး ကျောက်စာရုံထဲတွင် စောရဟန်းသိမ်ကျောက်စာ နှစ်ချပ်ရှိ၏။ စောရဟန်းသိမ်ကား ယခုသိမ်နေရာ (စေတီတော် မြောက်ဘက်)၌ပင် ရှိလိမ့်မည်ဟု ယူဆကြသည်။

## တံ့ဝပ်တောင်ဘုရား

အနော်ရထာမင်းတည်သော စေတီ ဖြစ်သည်။ သီဟိုမင်းဓာတုသေန ပို့ဆောင်သော စွယ်တော်ကိုပွား၍ ဆင်တော်ပေါ်တင်ကာ အဓိဋ္ဌာန်ပြု စေလွှတ်လိုက်သည်။ ဤ တောင်ပေါ် အရောက်တွင် ဆင်ဖြူတော်သည် တံ့ဝပ်လိုက်၏။ ထို့ကြောင့် 'တံ့ဝပ်တောင်' တွင်ခဲ့လေသည်။

ငလျင်လှုပ်စဉ်က စိန်ဖူးသီးနှင့် အပေါ်ပိုင်းလည်သီးလည်ရစ်တို့ ပြုတ်ကျခဲ့သည်။ စေတီလုံးပတ်တစ်ခုလုံးလည်း အက်ကွဲသွားသည်။ အာရုံခံတန်ဆောင်းများလည်း ပျက်စီးခဲ့ပါသည်။

## မြကန်

တုရှင်းတောင်နှင့် သက်ဦးတောင်တို့ အနောက်ဘက်နား၌ရှိသည်။ ယခု ကောနေပါပြီ။

'မြကန်သာ
တောင်ကျချောင်းတေး
ရေဝင်ပြေးလှည့်
ရေအေးကြည်စွာ
ကန်ပိုင်မာလျက်
ကြာပေါင်းထုံထုံ
ငှက်မျိုးစုံသည်
ဘုံဝတီ'က နန္ဒာလော
တူစွာ ဟုတ္တာ' ဟူသော မြကန်ကဗျာကား ထင်ရှားသည်။



မည်သည့်ခေတ်က ရေးစပ်သွားမှန်း မသိသောကဗျာ။

ယခုအခါ ကောနေသော 'မြကန်' ကို ပြန်လည်တူးဖော်ဆည်ဖို့ရန်အတွက် ရေးဟောင်းယဉ်ကျေးမှုဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနနှင့် ဆည်မြောင်းဦးဌာနတို့ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်သည်။

## တန့်ကြည့်တောင်ဘုရား

ညောင်ဦးအနောက်ဘက် (ရောဝတီမြစ်ကမ်း)၌ ရှိပါသည်။ ပခုက္ကူခရိုင်အတွင်း ပါဝင်၏။ ပုဂံညောင်ဦးမှာ မြင်းခြံခရိုင်အတွင်း ပါဝင်ပါသည်။

ညောင်ဦးဆိပ်ကမ်းမှ တန့်ကြည်တောင်သို့ ဇက်ဖြင့်ဖြစ်စေ၊ ပဲ့ချိတ်လှေငယ်ဖြင့် ဖြစ်စေ ကူးရပါသည်။ တောင်ခြေ၌ တန့်ကြည်ရွာရှိသည်။ တောင်ခြေမှ တောင်ပေါ်သို့ ခြေလျင်သွား၍လည်းရသည်။ မော်တော်ကားဖြင့်လည်း သွားနိုင်သည်။ ကားလမ်းသည် ခြေလျင်လမ်းလောက် အဆင်မပြေပါ။ လမ်းကြမ်းသည်။


တောင်ထိပ်၌ တန့်ကြည့်တောင်ဘုရား ရှိပါသည်။ တောင်ထိပ်သည် ပေ တစ်ထောင်ကျော်ကျော်မျှမြင့်သည်။ စေတီဉာဏ်တော်အမြင့်မှာ ပေကိုးဆယ် ရှိသည်။ ရင်ပြင်တော်ပေါ်တွင် တည်းခိုဆောင်ဆောက်ထား၏။ ရင်ပြင်တောင်ဘက်၌ နဂါးဦးခေါင်းကြီး ထုလုပ်ထားသည်ကို တွေ့ရပေသည်။ အမြီးပိုင်းမှာ တုရွှင်းတောင်၌ရှိပြီး၊ ကိုယ်ပိုင်းမှာ ရွှေစည်း ခုံဘုရား၌ ရှိသည်။ ဧရာဝတီမြစ်ကို ဖြတ်ကူးသော နဂါးကြီး၏ အရှည်ဟု ဆိုကြသည်။

ဂေါတမဘုရားသခင် ဒေသစာရီကြွချီ၌ ထိုတောင်ထိပ်၌ ရပ်တန့်ကာ ကြည့်တော်မူသောကြောင့် 'တန့်ကြည့်တောင်'ဟု တွင်ခဲ့ကြောင်း ဆိုကြပါသည်။ ထိုတောင်သို့ ဂေါတမဘုရားသခင် ဒေသစာရီကြွချီ၍ မရောက်လာမီ မဟာပဗ္ဗတ (ကြီးမားသောတောင်)၊ ဟိရညကပဗ္ဗတ (ရွှေငွေဓာတ်သတ္တုတို့ ထွက်ရာတောင်)ဟု ခေါ်ခဲ့ကြောင်း 'ပုဂံ ရာဇဝင်သကျမ်း'၌ ဆိုသည်။

သီရိဓမ္မာသောကမင်းကြီးသည် စေတီ ရှစ်သောင်းလေးထောင် တည်ရာ၌ ထိုတောင်ပေါ်တွင်လည်း တည်ခဲ့သည်။ အနော်ရထာမင်းနန်းတက်သော် ရှင်အရဟံမထေရ်က သီရိဓမ္မာသောကမင်းကောင်းမှုတော်ကို ပြင်ဆင်တည်သင့်ကြောင်းဆိုသဖြင့်၊ အနော်ရထာမင်း ထပ်မံတည်သည်။ သို့သော် ထိုစေတီများမှာ ကွယ်ပျောက်နေပြီဟု ဆိုကြသည်။

ယခု တန့်ကြည့်တောင်ဘုရားကား သီဟိုမှ ဓာတုသေနမင်း ဆက်သသော စွယ်တော်များကို အနော်ရထာမင်းသည် ဆင်ဖြူတော်ပေါ်တင်ကာ အဓိဋ္ဌာန်ပြု စေလွှတ်၏။ ဧရာဝတီမြစ်ပြင်ကို ဆင်ဖြူတော်ကူးကာ ယခု တန့်ကြည့်တောင်ထိပ်သို့ တက်ပြီး ဝပ်၏။ ထိုနေရာ၌ ဘုရားတည် ဖြစ်လေသည်။

တောင်ထိပ်မှ ပုဂံညောင်ဦးဘက်သို့ လှမ်းမျှော်ကြည့်လျှင် အလွန်လှပသော ပုဂံမြင်ကွင်းစုံကို တွေ့ရပါသည်။ ပုပ္ပားတောင်၊ တုရွှင်တောင်တို့ နောက်ခံဖြင့် ပုဂံဘုရားပေါင်းစုံကို လှမ်းဖူးမြော်နိုင်ပါသည်။ ဧရာဝတီမြစ်ကြီးနှင့် ပုဂံညောင်ဦး ကမ်းပါးအစပ်၊ မြစ်လယ်ကျွန်းသောင်များကား ပန်းချီကားတစ်ချပ်သဖွယ်။



## ပုဂံနှင့် ယွန်း

ပုဂံမှာ ယွန်းလုပ်သည် မဟုတ်ပါ။ မြင်းကပါရွာကား ယွန်းလုပ်ငန်းဖြင့် ထင်ရှား၏။ ပြီး ကျောက်ကာ မောင်းထောင်းစသည့် နယ်များက လုပ်ပါသည်။

သက်ငယ် သက်ကြီး မရွေး၊ဝင်လုပ်၍ရသော အလုပ်ဖြစ်သည်။ မိသားစုလုပ်ငန်း၊ အိမ်တွင်း လက်မှုလုပ်ငန်းအဖြစ် လုပ်ကြ၏။

မြန်မာ့ယွန်းသိပ္ပံကျောင်းတွင် မြန်မာ့ယွန်းပညာကို စနစ်တကျ သင်ကြားနိုင်ကြပါပြီ။ မြန်မာ့ယွန်းအဆင့်အတန်းလည်း ခေတ်မီလာပါတော့မည်။



# ပုပ္ပားတောင်

ပုဂံသို့ရောက်လျှင် ပုပ္ပားကား မဝေးတော့ပြီ။ မိုင် လေးဆယ်ခရီးသာ ဖြစ်သည်။

ယခုအခါ ဗျတ္တပန်းဆက်လမ်းဖြစ်သော ပုဂံ ပုပ္ပားလမ်းကို ဖောက်လုပ်ပြီး ဖြစ်၍ မိုင် သုံးဆယ်သာ ဝေးတော့သည်။

ပုပ္ပားကား ပုဂံနှင့် ရာဇဝင်ဆက်နေရာ သွားရောက်ရန် သင့်လှပါသည်။

ပုဂံမှ ကြည့်လျှင် မြူတိမ်ကင်းစင် ကြည်လင်ချိန်တွင် ပုပ္ပားတောင်မကြီးနှင့် တောင်ကလပ်ကို လှမ်းမျှော်ကြည့်မြင်နိုင်ပါသည်။

'သိုးကလေ

ပုပ္ပားနတ်တောင်၊ အခေါင်မြင့်ဖျား

စုံတောပြား၍၊ နံ့ရှားကြိုင်လွှင့်

ခါတန်ပွင့်သည်

ရွှေနှင့်ယှိုးမှားပန်းစကား'ဟူသည် စကားပန်းတို့ ထုံသင်းကြိုင်လွှမ်းရာ ပုပ္ပားတောင်၊ သူရဲကောင်းဗျတ္တနှင့် ပုပ္ပားသူမယ်ဝဏ္ဏတို့၏ ဆွတ်ပျံ့လွမ်းမောဖွယ် အချစ်ဇာတ်လမ်းတည်ရာ ဒေသ။

ပန်းရွှေပြည်စာအုပ်တိုက်

မြန်မာပြည်အနယ်နယ်အရပ်ရပ်ရှိ

ရှေးရှေးမင်းတို့အဆက်ဆက် လက်ထက်ကတည်းက

ဆုတောင်းပြည့်တန်ခိုးကြီးဘုရားများဟု

သမိုင်းစဉ်လာ၊ ကောဇာစဉ်လာ၊ ဖြစ်ရပ်စဉ်လာရှိခဲ့သော...

မဟာဝိဇယ၊ မော်ဓောမျှတော်ရှင်၊ ပုညရှင်၊ ရွှေကြက်ယက်၊ ရွှေယင်မြော်၊

သမ္ဗုဒ္ဓေစေတီ၊ သီဟတောစေတီ၊ ဦးရစ်စေတီ၊ မဟာမြတ်မုနိ၊ ရွှေတိဂုံ၊ ရွှေစည်းခုံ၊

ရွှေဆံတော်၊ ရွှေပေါက်ကျွန်း၊ ရွှေမုဋ္ဌော၊ ကျိုက်ခေါက်၊ ကျိုက်မော်ဝန်း

# ထင်ရှားသော ဆုတောင်းပြည့်ဘုရားများ သမိုင်း

အောင်ခင်စိုး

ထွက်နေပါပြီ။

၁၂၄/ ၂၀၀၁ (၂)

---

သူရဲကောင်းဘုရင်နှင့်

ဘုရင်၏သူရဲကောင်း

၂၁ ဦးတို့၏ အံ့ဩဘနန်း စွန့်စားခန်း အစုံပုံ...

# ရာဇဝင်ထဲက သူရဲကောင်းများ

အောင်ခင်စိုး

ထွက်နေပါပြီ။

၁/ ၂၀၀၀ (၁)